# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ပဝင်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ် (၁၂၆)


**၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့၌ မြန်မာကွန်ဗင်းရှင်းစင်တာ (၂)တွင် ကျင်းပပြုလုပ်သော Invest Myanmar Summit 2019 တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသော မူဝါဒဆိုင်ရာ မိန့်ခွန်း**


စာမျက်နှာ - ၄၊ ၅


**မဟာဗျူဟာမြောက် နျူကလီးယား စာချုပ်မှ အမေရိကန် နုတ်ထွက်**


စာမျက်နှာ -၁၄


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ညောင်တုန်းမြို့ ကမ်းပါးကာကွယ်ရေးဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



**ညောင်တုန်း ဖေဖော်ဝါရီ ၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေ ၃ နာရီက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ညောင်တုန်းမြို့ ကမ်းပါးကာကွယ်ရေးအတွက် ကမ်းထိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့အား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က


စာမျက်နှာ ၃ ကော်လံ ၁ ❍


**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ညောင်တုန်းမြို့ ကမ်းပါးကာကွယ်ရေးအတွက် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**

သတင်းစဉ်






# ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစု ပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံးညီညွတ်စွာ"ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။




## အထက်ပိုင်းဒေသများ ညအပူချိန်များ လျော့နည်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနေမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။ **မိုး/ဇလ**

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

တန်းတူညီမျှ အခွင့်အရေးရ
ငြိမ်းချမ်းသာယာ ပြည်ထောင်စုမှာ
တန်းတူညီမျှ တာဝန်ယူကြ
လုံခြုံခိုင်မာ ပြည်ထောင်စုမှာ။

## မန်စီ၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ပေးအပ်

**မန်စီ ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်းရှိ ပြင်ဦးလွင်ရပ်ကွက် ပန်ခမ်းကျေးရွာ၊ နမ့်မဖွဲကျေးရွာ၊ ချောင်းထောက်ကျေးရွာများမှ တောင်သူ ၅၈ ဦးကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များ ပေးအပ်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက တောင်သူများကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များ ပေးအပ်ခဲ့ကြသည်။ ယခုအခါ မန်စီမြို့နယ်အတွင်းရှိ တောင်သူ ၆၇၃ ဦး၏ လယ်ယာမြေ ၂၄၃၉ ဒသမ ၆၄ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များ ပေးအပ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ နေပြည်တော်ကောင်စီနယ်မြေ ကြံသီးနှံစံကွက်ရိတ်သိမ်းပွဲ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကြံသီးနှံအထွက်နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာအုပ်စု၌ ကျင်းပသည်။

အခမ်းအနားတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စာရင်းအင်းဌာနခွဲ ညွှန်ကြားရေးမှူးတို့က ကြံသီးနှံအထွက်နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းခြင်း လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်နှင့် စံကွက်ရိတ်သိမ်းမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကြံသီးနှံစံကွက် ရိတ်သိမ်းမှု လက်တွေ့ဆောင်ရွက်ခြင်းနှင့် အထွက်နှုန်း တွက်ချက်ခြင်းတို့ကို ဆောင်ရွက်ကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကြည့်ရှုအားပေးပြီး စိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့် စားသုံးမှု လိုအပ်ချက်၊ ပိုလျှံမှု စသည့် စာရင်းဇယား ကိန်းဂဏန်းများသည် နိုင်ငံတော်၏အနာဂတ် စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကြံသီးနှံ အထွက်နှုန်းတွက်ချက်မှု ကြည့်ရှုစဉ်။

အထောက်အကူဖြစ်နိုင်သည့်အပြင် နိုင်ငံရေး၊ စီးပွားရေးအပေါ် တိုက်ရိုက်သက်ရောက်မှု ရှိနေသည်ကို သတိပြုပြီး လုပ်ငန်းကဏ္ဍအလိုက် စာရင်းဇယားများ တိကျခိုင်မာမှုရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားသည်။

လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် မြေအသုံးချမှုအခြေအနေနှင့် လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းများ ကောက်ယူပြုစုထုတ်ပြန်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး စာရင်းဇယားနှင့် ကိန်းဂဏန်း အချက်အလက် တိကျမှန်ကန်ရေး၊ သီးနှံစံကွက်စိုက်ပျိုးမှု၊ ရိတ်သိမ်းမှု၊ အထွက်နှုန်းများကို သီးနှံတစ်မျိုးချင်း မျိုးကွဲအလိုက် ကောက်ယူဆောင်ရွက်လျက်ရှိရာ သီးနှံများ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ အထွက်နှုန်းနှင့် အမှန်ထွက်၊ စာရင်းဇယား၊ ကိန်းဂဏန်း တိကျမှန်ကန်ရေးလုပ်ငန်းစဉ်များအဆင့်ဆင့် ဆောင်ရွက်ခြင်းနှင့် သကြားအထွက်နှုန်းဆန်းစစ်ခြင်းလုပ်ငန်းကို အထောက်အကူဖြစ်စေရေး ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ယခုနှစ် ကြံရာသီတွင် စိုက်ဧက ၂၁၀၆ ဧက စိုက်ပျိုးခဲ့ပြီး ယင်းနေ့ကျင်းပသည့် ကြံသီးနှံစံကွက်ရိတ်သိမ်း တွက်ချက်မှုအရ တစ်ဧကလျှင် ၅၃ ဒသမ ၁၇ တန်နှုန်း ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ့အလင်း

# နိုင်ငံရေးအမြော်အမြင်ဖြင့် ညီညွတ်ရေးဆီသို့

ဖေဖော်ဝါရီလသည် မြန်မာနိုင်ငံသမိုင်းတွင် ထူးခြားအရေးပါသောလ တစ်လဖြစ်သည်။ တောင်တန်းဒေသများနှင့် ပြည်မကို လွတ်လပ်ရေးခွဲခြားပေးမည်ဆိုသည့်အတွက် ပင်လုံညီလာခံ ခေါ်ယူပြီး ပင်လုံစာချုပ်ကို တိုင်းရင်းသားခေါင်းဆောင်တို့နှင့် သဘောတူ လက်မှတ်ထိုးကြသည့် ဖေဖော်ဝါရီ ၁၂ ရက်နေ့နှင့် နယ်ချဲ့ဆန့်ကျင်ရေး ဖက်ဆစ်တော်လှန်ရေး လွတ်လပ်ရေးတိုက်ပွဲများကို ဦးဆောင်တိုက်ပွဲဝင်ခဲ့သည့် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ ဖေဖော်ဝါရီ ၁၃ ရက်နေ့တို့ကြောင့်ဖြစ်၏။ ထိုမွေးနေ့ကို အမှတ်တရအဖြစ် ကလေးများနေ့အဖြစ် သတ်မှတ်ထားပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်ငယ်ရွယ်ရွယ်နှင့် အမျိုးသားခေါင်းဆောင်နေရာကို ရောက်ရှိလာသူဖြစ်သည်။ ကျောင်းသားဘဝကတည်းက နိုင်ငံလွတ်လပ်ရေးဟူသည့် တစ်ခုတည်းသော ရည်မှန်းစိတ်ဖြင့် နေထိုင်ရှင်သန်လာခဲ့သူ။ ကျောင်းသားသမဂ္ဂခေါင်းဆောင် ကိုအောင်ဆန်း၊ တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်း၊ ဗမာ့တပ်မတော်ကို စတင်ထူထောင်သူ တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း၊ ဖက်ဆစ်တော်လှန်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေးအပြီးသတ်ကာလမှာ အရေးအပါဆုံး နိုင်ငံရေးအဖွဲ့အစည်းဖြစ်သည့် ဖဆပလအဖွဲ့ချုပ်ကြီး၏ဥက္ကဋ္ဌ ဦးအောင်ဆန်း။

နိုင်ငံရေးသမားစစ်စစ်ဖြစ်သော ဦးအောင်ဆန်းသည် နိုင်ငံချစ်စိတ်၊ ပြည်သူလူထုအကျိုးအတွက်သာ စူးစူးစိုက်စိုက် နှစ်မြှုပ်ထားသောစိတ်ရှိပြီး ရိုးသားပြီးဖြူဖြောင့်၏။ ကိုယ်ကျင့်သိက္ခာကို အလွန်ထိန်းသိမ်းသလောက် အမြော်အမြင်ကြီးသော ခေါင်းဆောင်ဖြစ်၏။

ပင်လုံမြို့စော်ဘွားများ ထမင်းစားပွဲ၊ ၁၉၄၆ ဖေဖော်ဝါရီ ၁၁ ရက်နေ့ညတွင် ပြောခဲ့သည့် မိန့်ခွန်းတွင် "မြန်မာပြည်ကြီး လွတ်လပ်စေချင်တယ်၊ ညီညွတ်စေချင်တယ်၊ ညီညွတ်အောင် လွတ်လပ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကို လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကစပြီး ကြိုးစားခဲ့ပါတယ်။ နောင်လည်း ကြိုးစားပါဦးမယ်။ လုံးလုံးလွတ်လပ်တဲ့ကိစ္စပြီးပြတ်အောင် ကြိုးစားပါမယ်။ ယခုနားလည်ထားကြဖို့အချက်က ယခုခေတ် ကမ္ဘာကြီး၏ အခြေအနေမှာ ဘယ်တိုင်းပြည်မဆို၊ ကိုယ့်တိုင်းပြည် တစ်ပြည်တည်း အထီးတည်းနေနိုင်တဲ့ အခြေမျိုးမရနိုင်ဘူး။ တစ်ပြည်နဲ့တစ်ပြည် ပေါင်းစပ်အမှီသဟဲရှိမှ နေနိုင်ကြမယ်ဆိုတဲ့ အချက်ပါပဲ။.... ဒီ့ထက်ပိုပြီး ခရီးရောက်အောင် ဆောင်ရွက်ချက်တစ်ခုထားဖို့ နားလည်စေချင်တာက အင်ဒိုချိုင်းနား၊ အင်ဒိုနီးရှား စတဲ့ အရှေ့ဘက်နိုင်ငံများ စုပေါင်းဆောင်ရွက်နိုင်တဲ့ အားဖြစ်တယ်။ နောက်ဆုံး ကျုပ်ပြောချင်တာက အင်္ဂလိပ်နဲ့ ကျုပ်တို့ဟာ (ကျွန်နဲ့သခင်) ဘဝများတွင် မတည့်နိုင်ကြပေမယ့် လွတ်လပ်တဲ့ဘဝမျိုးဖြစ်လျှင် မိတ်ဆွေအဖြစ်နဲ့ သင့်မြတ်ချစ်ခင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပါဝင်ခဲ့သည်။

ဦးအောင်ဆန်း၏ နိုင်ငံရေးအမြော်အမြင် မည်မျှလောက်ကြီးမားသည်ကို ခန့်မှန်းကြည့်နိုင်ပါသည်။ ဒုတိယကမ္ဘာစစ်ပြီးစအချိန်မှာ ကမ္ဘာ့နိုင်ငံများနှင့် ညီညီညွတ်ညွတ်ပူးပေါင်း အလုပ်လုပ်ကြရန် တွေးခေါ်ကြံဆနေသည်မှာ အလွန်ခေတ်မီသော ညီညွတ်ရေးအတွေးအခေါ်ဟု ဆိုချင်ပါသည်။ ယနေ့ကာလ အာဆီယံတို့၊ အီးယူတို့ကဲ့သို့ ဖြစ်ပါမည်။

နိုင်ငံတွင်း ညီညွတ်ရေးတွင်လည်း- "အချင်းချင်း သဘောကွဲလွဲမှုမျိုးဆိုတာကတော့ နည်းနည်းပါးပါးတော့ ရှိမှာပဲ။ ဒါပေမဲ့ သူတစ်ပါးနိုင်ငံက ကိုယ့်နိုင်ငံကို လာရောက်စော်ကားလို့ အသက်စွန့်ပြီး မလျှော့တမ်းကာကွယ်တိုက်ခိုက်တာကတော့ အားလုံးနဲ့ သက်ဆိုင်တဲ့ အလုပ်မျိုးဖြစ်တာပဲ။ တိုက်ခိုက်ကြတဲ့အခါမှာ စစ်သေနာပတိဟာ ကရင်လည်းဖြစ်ချင်လည်း ဖြစ်မယ်၊ ကချင်၊ ချင်းဖြစ်ချင်ရင်လည်း ဖြစ်မယ်။ ဘယ်သူဖြစ်ဖြစ် တစ်မိန့်တည်း လိုက်နာဆောင်ရွက်ကြရမှာပဲ" ဟူ၏။

သူ၏ နိုင်ငံရေးအမြော်အမြင်မှာ စိတ်ထားရှင်းမှု၊ ညီညွတ်ရေးကို အမှန်တကယ် လိုလားမှုတို့ပေါ်တွင် တည်နေသည့်အတွက် သူပြောခဲ့သော စကားများသည်ကား ယနေ့ထက်တိုင် ကိုးကားနေရဆဲ ဖြစ်နေတော့သည်။

ယနေ့ မြန်မာ့နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားအင်အားစု အသီးသီးတို့၏ ခေါင်းဆောင်များသည် နိုင်ငံရေးအမြော်အမြင် ကျယ်ပြန့်ကြပြီး နိုင်ငံချစ်စိတ်နှင့် ရိုးသားဖြူစင်မှုတို့ကို မွေးမြူအားထုတ် ကြိုးပမ်းနိုင်ကြကာ အမျိုးသားညီညွတ်ရေးတည်ဆောက်ရင်း စစ်မှန်သော ငြိမ်းချမ်းရေးကို ရယူနိုင်ကြပါစေသတည်း။ ။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ညောင်တုန်းမြို့ ကမ်းပါးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားစဉ်။ သတင်းစဉ်

❍ ရှေ့ဖုံးမှ

ညောင်တုန်းမြို့ ကမ်းပါးကာကွယ်ရေးအတွက်နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများအပိုင်းလိုက် ဆောင်ရွက်ထားရှိမှု၊ နယ်သာလန်နိုင်ငံနှင့် ပူးပေါင်းပြီး ညောင်တုန်းမြို့ကမ်းပါးကာကွယ်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ကမ်းပါးကာကွယ်ရေးအခြေအနေများနှင့် စပ်လျဉ်းပြီး ဖြည့်စွက်တင်ပြသည်။

**အရေးကြီးလိုအပ်သည့်နေရာများ ဦးစားပေးဆောင်ရွက်**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြန်လည်ဆွေးနွေးရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် နှစ်စဉ်ရေကြီးရေလျှံမှု သဘာဝဘေးဒဏ်ကို ကြုံတွေ့နေရသည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ ရေကြီးရေလျှံမှု ဘေးမှထိခိုက်မှု လျော့နည်းစေရန် မြစ်ကော၊ ချောင်းကောများ ရှင်းလင်းတူးဖော်ခြင်းလုပ်ငန်းကို ဘဏ္ဍာရန်ပုံငွေ သတ်မှတ်၍ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသ ကြီးတွင် ၂၀၁၆ ခုနှစ်က ရေကြီးရေလျှံမှုဖြစ်ပွားချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မိမိရောက်ရှိခဲ့ပါကြောင်း၊ ယင်းနောက်ပိုင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းအား အလေးထားဆောင်ရွက်ခဲ့မှု ရလဒ်ကြောင့် ၂၀၁၈ ခုနှစ်တွင် ထိခိုက်ဆုံးရှုံးမှု လျော့နည်းသက်သာခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ညောင်တုန်းမြို့ မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းသည်လည်း သဘာဝဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းတစ်ခုဖြစ်၍ ရရှိသည့် ဘဏ္ဍာရန်ပုံငွေပေါ် မူတည်ပြီး အရေးကြီးလိုအပ်သည့် နေရာများကို ဦးစားပေးဆောင်ရွက်သွားရန် မှာကြားသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့သည် ညောင်တုန်းမြို့ ကမ်းနားတစ်လျှောက် ကမ်းပါးကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ညောင်တုန်းမြို့ ကမ်းပါးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။ သတင်းစဉ်

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညောင်တုန်းမြို့ ကမ်းပါးကာကွယ်ရေးအတွက် နှစ်အလိုက်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ညောင်တုန်းမြို့ ၂၁ လမ်းထိပ်ကမ်းထိန်းလုပ်ငန်း အလျားပေ ၂၅၀ အရှည် ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံလုပ်ငန်း၊ ညောင်တုန်းမြို့ ၂၄ လမ်းမှ ၂၇ လမ်းအထိ ကမ်းထိန်းလုပ်ငန်းအလျား ပေ ၃၃၀ အရှည် ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံလုပ်ငန်း၊ ညောင်တုန်းမြို့ ၁၉ လမ်းထိပ်ကမ်းထိန်းလုပ်ငန်းအလျားပေ ၃၂၀ အရှည်ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံလုပ်ငန်း၊ ညောင်တုန်းမြို့၇ လမ်းမှ ၈ လမ်းရေလမ်းကောင်းမွန်ရေးလုပ်ငန်း အလျားပေ ၁၃၀၀ အရှည်အခြေထိန်း နှစ်တန်းသွားအုန်းတိုင်စိုက် ရေကာလုပ်ငန်း၊ ၂၀၁၈ ဘဏ္ဍာနှစ် ပထမခြောက်လကာလတွင် ညောင်တုန်းမြို့အဝင် ရေလမ်းကောင်းမွန်ရေးလုပ်ငန်း အလျားပေ ၈၀၀ အရှည် အခြေထိန်းနှစ်တန်းသွားအုန်းတိုင်စိုက် ရေကာလုပ်ငန်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ညောင်တုန်းမြို့ ၃၁ လမ်းထိပ် ကမ်းထိန်းလုပ်ငန်း အလျားပေ ၁၂၀ အရှည်ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံလုပ်ငန်း၊ ညောင်တုန်းမြို့အဝင် ရေလမ်းကောင်းမွန် ရေးလုပ်ငန်း ၃၄၂ ပေ အုန်းတိုင်စိုက် ရေကာလုပ်ငန်းနှင့် အလျား ၂၇၆ပေ အရှည်အုန်းတိုင် ရေကာဟောင်းနှစ်ခု အားဖြည့်ဆောင်ရွက်ခြင်းလုပ်ငန်း၊ ညောင်တုန်းမြို့ ၄ ရပ်ကွက် တိုးချဲ့နယ်မြေ အရေးပေါ်ကာကွယ်ရေးလုပ်ငန်းအလျား ၂၉၄ ပေ အရှည် အုန်းတိုင်အခြေပြု ကမ်းထိန်းလုပ်ငန်း၊ Floating Unit ပေ ၁၅၀၀ အရှည်နှင့် Steel Cable Groyne ပေ ၁၀၀ လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ညောင်တုန်းမြို့ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ရန် စုစုပေါင်းအလျားပေ ၆၂၅၀ ရှိပြီး လုပ်ငန်းဆောင်ရွက်ပြီး အလျား ၁၅၇၅ ပေ ရှိကာ လုပ်ငန်းဆောင်ရွက်ရန် ကျန်အလျား ၄၆၇၅ ပေ ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ပြင်ဦးလွင်တွင် သစ်သီးဝလံများ သိုလှောင်နိုင်သည့် အအေးခန်းများပါဝင်သည့် ဇုန်တစ်ခုဆောက်လုပ်မည်

**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်တွင် ပြည်ပတင်ပို့မည့် သစ်သီးဝလံများထားရှိရန် အအေးခန်းသိုလှောင်သည့်ရုံများ ပါဝင်မည့် ဇုန်တစ်ခုဆောက်လုပ်ရန် ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ပြောသည်။

ယနေ့ မန္တလေးမြို့ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

"လယ်ယာထွက်ကုန်ကို အခြေခံတဲ့ စားသောက်ကုန်တွေ ထုတ်လုပ်တဲ့ လုပ်ငန်းအင်မတန်လိုက်ဖက်တဲ့အတွက် ဒါကို ပြည်ပပို့ကုန်အဖြစ်ထည့်ဖို့ လုပ်နေပါတယ်။ လုပ်လည်း လုပ်နေပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ အထူးသဖြင့် ပြင်ဦးလွင်ဘက်မှာ Value added စက်မှုဇုန်လေးပေါ်လာဖို့ ရည်ရွယ်ပါတယ်။ ဒါကို ဆက်လက်တင်ပြပြီး ဆောင်ရွက်သွားပါမယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ပြောသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလက မူဆယ် ၁၀၅ မိုင် ကျိန်စန်းကျော့ နယ်စပ်ဂိတ် ပိတ်လိုက်သည့်အတွက် ဖရဲ၊ သခွားယာဉ်များပိတ်မိပြီး တောင်သူများမှာ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ယခုကဲ့သို့ ဆုံးရှုံးမှုများ မရှိစေရေးအတွက် သစ်သီးဝလံများကို သိုလှောင်ထိန်းသိမ်းထားနိုင်မည့် အအေးခန်းများ ပါဝင်သည့်ဇုန်တစ်ခု အကောင်ထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

" ပို့ကုန်ကို ထိန်းမထားနိုင်တဲ့အတွက် ကိုယ့်ဘက်က အပျက်အစီးတွေ ပေါ်လာတယ်။ ၁၀ ရက်လောက်ကို တောင့်မခံနိုင်တဲ့ပုံစံတွေ ဖြစ်ရတယ်။ အဲဒီလိုဖြစ်တာကို ရှောင်နိုင်ဖို့ အအေးခန်းတွေ သိုလှောင်ရုံတွေ လိုအပ်တယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ညွှန်ကြားရေးမှူး ဦးမျိုးသူက ပြောသည်။ ဖရဲ၊ သခွားများသည်အပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်ကျော်လွန်ပါက အတွင်းပိုင်းတွင် အက်ကြောင်းများ ဖြစ်ပေါ်ပြီး အရည်အသွေးနိမ့်ကျနိုင်ကြောင်း သိရသည်။

အဆိုပါဇုန်တည်ဆောက်ပြီးပါက ပြည်ပပို့ကုန်များ၏အရည်အသွေးထိန်းထားနိုင်မည်ဖြစ်ပြီး ပျက်စီးဆုံးရှုံးမှု နည်းပါးမည်ဖြစ်ကြောင်း သိရသည်။

**အိမ့်မှုံ့ခိုင်**

## အများအားဖြင့်သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ကချင်ပြည်နယ်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။**

# ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့၌ မြန်မာကွန်ဗင်းရှင်းစင်တာ(၂)တွင် ကျင်းပပြုလုပ်သော Invest Myanmar Summit 2019 တွင်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသော မူဝါဒဆိုင်ရာမိန့်ခွန်း

**(ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ ပူးပေါင်းကျင်းပသည့် Invest Myanmar Summit 2019 ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈-၂၉ ရက်နေ့များတွင် နေပြည်တော်၊ မြန်မာကွန်ဗင်းရှင်းစင်တာ (၂)တွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးပထမနေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရင်းနှီးမြှုပ်နှံမှု မူဝါဒဆိုင်ရာ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါသည်။ အဆိုပါမိန့်ခွန်းအား မိဘပြည်သူများ လေ့လာသိရှိနိုင်ပါရန် ထပ်မံဖော်ပြပါသည်။)**

ပထမဆုံးနေ့နဲ့ ပြောကြားလိုတာကတော့ ဒီနေ့ကျင်းပတဲ့ Invest Myanmar Summit 2019 ကို တက်ရောက်ကြတဲ့ စီးပွားရေးနယ်ပယ်ကဏ္ဍစုံက ပြည်တွင်းနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ နိုင်ငံတကာအဖွဲ့အစည်း အသီးသီးက တာဝန်ရှိပုဂ္ဂိုလ်တွေကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ပထမဦးဆုံး ကျင်းပပြုလုပ်တဲ့ဆွေးနွေးပွဲ

ဒီနေ့အခမ်းအနားက ကျွန်မတို့မြန်မာနိုင်ငံရဲ့ စိတ်လှုပ်ရှားဖွယ်ကောင်းပြီး အမြဲတမ်းပြောင်းလဲတိုးတက်နေတဲ့ ရင်းနှီးမြှုပ်နှံမှုအခင်းအကျင်း မြင်ကွင်းတွေကို သိရှိပြီး ပြည်တွင်းနှင့် ပြည်ပလုပ်ငန်းရှင်တွေအတွက် အကောင်းဆုံး အခွင့်အလမ်းတွေ ဖော်ဆောင်ပေးနိုင်မယ့် မြန်မာနိုင်ငံမှာ ပထမဦးဆုံး ကျင်းပပြုလုပ်တဲ့ အရေးပါတဲ့ ဆွေးနွေးပွဲတစ်ခုအဖြစ် ယုံကြည်ကြောင်း ပြောကြားလိုပါတယ်။

ဒီအခမ်းအနားရဲ့နှစ်ရက်တာကာလအတွင်းမှာ ပြည်ထောင်စုဝန်ကြီးဌာနတွေ၊ ပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့တွေနဲ့ ကျွန်မတို့ရဲ့ပုဂ္ဂလိကကဏ္ဍက မိတ်ဖက်လုပ်ငန်းရှင်တွေအနေနဲ့ သူတို့ရဲ့ရင်းနှီးမြှုပ်နှံမှုအလားအလာနဲ့ အခွင့်အလမ်းတွေကို ဖော်ထုတ်ပြသနိုင်တဲ့ အဖိုးတန်တဲ့ အခွင့်အလမ်းကို ရကြမှာဖြစ်တဲ့အတွက် ကျွန်မ အနေနဲ့ အားရကျေနပ်မိပါတယ်။

## ကြိုးပမ်းဆောင်ရွက်မှုကို အသိအမှတ်ပြု

ဒီအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရဲ့အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မှုကိုလည်း အထူးပဲ အသိအမှတ်ပြု ကျေးဇူးတင်ပါတယ်။

ဒီဆွေးနွေးပွဲက အားလုံးကို အကျိုးများပြီး နှစ်လိုဖွယ်ကောင်းတဲ့ အမှတ်တရတွေ ရရှိစေပြီး မြန်မာနိုင်ငံကို အကြိမ်ကြိမ် ပြန်လာချင်လာအောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

## ငြိမ်းချမ်းချောမွေ့စွာ လုပ်ဆောင်နိုင်ခဲ့

ဒီနေ့ဟာ ကျွန်မတို့ မြန်မာနိုင်ငံရဲ့သမိုင်းမှာ လူသိများပြီးထင်ရှားတဲ့ ဟံသာဝတီခေတ် ဘုရင်ရာဇဓိရာဇ်ရဲ့မွေးနေ့နဲ့လည်း တိုက်ဆိုင်နေပါတယ်၊ နန်းစံခဲ့တဲ့ကာလမှာ ရာဇဓိရာဇ်အရေးတော်ပုံမှတ်တမ်းကို ပြုစုခဲ့ပြီး ဒီမှတ်တမ်းဟာ ရှေးဟောင်း ဘုရင့်နိုင်ငံတစ်ခုကို အဲဒီခေတ်က ကုန်သွယ်မှုမှာ အင်အားကြီးမားတဲ့ နိုင်ငံတစ်ခု ဖြစ်အောင် ဆောင်ကြဉ်းပေးနိုင်တဲ့ အထင်ကြီး အားကျစရာကောင်းလှတဲ့ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွေကို ငြိမ်းချမ်းချောမွေ့စွာ လုပ်ဆောင်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

ဒါ့အပြင် လွန်ခဲ့တဲ့ ၇၄ နှစ် ကာလ ၁၉၄၅ ခုနှစ် ဒီနေ့မှာပဲ အသစ်ဖွင့်လှစ်ခဲ့တဲ့ Burma Road ကတစ်ဆင့် တရုတ်နိုင်ငံကို ရောက်ရှိနိုင်မယ့် ထောက်ပံ့ရေး လမ်းကြောင်းကို ထူထောင်နိုင်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ဟာ မြန်မာနိုင်ငံသမိုင်းမှာ ထင်ရှားလှတဲ့ ပြုပြင်ပြောင်းလဲရေးတွေကို လုပ်ဆောင်ခဲ့တဲ့ ဘုရင်ရဲ့မွေးနေ့နဲ့ ဒုတိယကမ္ဘာစစ်အတွင်း အရှေ့တောင်အာရှရဲ့ဇာတ်ခုံမှာ ဒုတိယကမ္ဘာစစ်ရဲ့အလှည့်အပြောင်းအပေါ်မှာ သက်ရောက်မှုကြီးမားခဲ့တဲ့ အင်မတန်မှ မဟာဗျူဟာအရေးပါလှတဲ့ အခြေခံအဆောက်အအုံစီမံကိန်းတစ်ခုကို စတင်ခဲ့တဲ့နေ့များနဲ့ တိုက်ဆိုင်နေတာမို့ တကယ့်ကို ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ ဒီနေ့မှာ တွေ့ဆုံခွင့်ရကြတာ ဖြစ်ပါတယ်။

## လမ်းဆုံနေရာမှာ တည်ရှိနေ

မြန်မာနိုင်ငံမှာ ဘာကြောင့် ရင်းနှီးမြှုပ်နှံကြသလဲလို့ မေးစရာရှိပါလိမ့်မယ်။ ကျွန်မတို့မြန်မာနိုင်ငံရဲ့တည်နေရာဟာ ပထဝီအနေအထားအရ အလွန်ပဲအားကျစရာကောင်းလောက်တဲ့ နေရာမှာရှိနေတာကြောင့် မဟာဗျူဟာအရ အရေးပါလှတဲ့ ဈေးကွက်နေရာတစ်ခုဖြစ်သလို တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ထိုင်းနိုင်ငံတို့ကို ကုန်သွယ်ကူးသန်းဖြတ်သန်းနိုင်တဲ့ လမ်းဆုံနေရာမှာလည်း တည်ရှိနေတာကြောင့် ဖြစ်ပါတယ်။

## ထူးခြားအထင်ရှားဆုံး ဈေးကွက်တစ်ခုအဖြစ် မျှော်လင့်

မြန်မာနိုင်ငံအပါအဝင် အာဆီယံ (၁၀) နိုင်ငံနဲ့အတူ တရုတ်၊ အိန္ဒိယတို့ ပါဝင်တဲ့ ၃ ဒသမ ၅ ဘီလီယံကျော်ရှိတဲ့ စားသုံးသူဈေးကွက်ကို ကိုယ်စားပြုပါတယ်၊ ဒီဈေးကွက်ရဲ့စီးပွားရေးပမာဏဟာ အမေရိကန်ဒေါ်လာ ၁၅ ထရီလျံဝန်းကျင်ရှိပြီး ကမ္ဘာ့ဂျီဒီပီရဲ့ ၂၀ ရာခိုင်နှုန်းကို ကိုယ်စားပြုပါတယ်။ ဒီဈေးကွက်ရဲ့ ဆက်စပ်မှုဟာ ခေတ်သစ်ကမ္ဘာမှာ တွေ့မြင်ဖူးသမျှထဲက ထူးခြားအထင်ရှားဆုံး ဈေးကွက်တစ်ခု အဖြစ် တိုးတက်ပြောင်းလဲပေါ်ပေါက်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

မက္ကင်းဆေး ဂလိုဘယ်အင်စတီကျူ့ရဲ့ခန့်မှန်းချက်အရ ၂၀၂၅ ခုနှစ်မှာ ကမ္ဘာ့စားသုံးသူဦးရေရဲ့ တစ်ဝက်ကျော်ရှိတဲ့ တစ်နေ့ဝင်ငွေ ၁၀ ဒေါ်လာအထက်ရှိတဲ့ ဦးရေပမာဏဟာ မြန်မာနိုင်ငံရဲ့လေကြောင်းခရီးအားဖြင့် ၅ နာရီတွင်းမှာ နေထိုင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ကျွန်မတို့မှာ ၅၃ သန်းလောက်ဆိုတဲ့ အတော်အတန်ကြီးမားတဲ့ လူဦးရေပမာဏရှိပြီး တစ်ဝက်ကျော်က အသက် ၃၀ နှစ်အောက် လူငယ်တွေ ဖြစ်ပါတယ်။

## အကျိုးရှိစွာ အသုံးချနိုင်မှာဖြစ်

ဒါ့ကြောင့် မြန်မာနိုင်ငံဟာ သင့်လျော်တဲ့ပမာဏရှိတဲ့ ဈေးကွက်တစ်ခုဖြစ်သလို တစ်နေ့တခြား ကျယ်ပြန့်ကြီးမားနေတဲ့အတွက် နိုင်ငံတကာဈေးကွက်နှင့် ပူးပေါင်းချိတ်ဆက်ပြီး အကျိုးရှိစွာ အသုံးချနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှဒေသမှာ မြေနေရာအကျယ်ဝန်းဆုံးကို ပိုင်ဆိုင်ထားတဲ့အတွက် လယ်ယာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် သာလွန်တဲ့ အလားအလာကောင်းတွေ ရှိနေသလို သဘာဝသယံဇာတနဲ့ သဘာဝဓာတ်ငွေ့ ကြွယ်ဝစွာရှိတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။

## လမ်းကြောင်းတွေ ဖော်ဆောင်ပေးနေ

မြန်မာနိုင်ငံတောင်ပိုင်းရှိ ကမ်းခြေဒေသသည်လည်း ကမ္ဘာ့အရေးပါဆုံး စီးပွားရေးစင်္ကြံတစ်ခုဖြစ်တဲ့ ထိုင်းနိုင်ငံ၏ အအောင်မြင်ဆုံးလည်းဖြစ်တဲ့ ထိုင်းအရှေ့ပိုင်းစီးပွားရေးစင်္ကြံနှင့် ချိတ်ဆက်နေတာကြောင့် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့ကတစ်ဆင့် အိန္ဒိယနိုင်ငံနဲ့ ပစိဖိတ်သမုဒ္ဒရာကိုသာမက ပတ်ဝန်းကျင်နိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ် အပါအဝင် တရုတ်နိုင်ငံများနဲ့လည်း ကူးသန်းသွားလာဖို့ လမ်းကြောင်းတွေ ဖော်ဆောင်ပေးနေပါတယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံဟာ နိုင်ငံတကာကုန်သွယ်မှုလမ်းကြောင်းကို ဒေသတွင်း ဈေးကွက်များမှတစ်ဆင့် အချိတ်အဆက်ပြုပြီး များစွာအကျိုးပြုလျက်ရှိနေတဲ့အပြင် အာရှပစိဖိတ်ဒေသကိုသာမက တစ်ကမ္ဘာလုံးရဲ့ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အဓိကနေရာက အထောက်အကူပြုလျက်ရှိတယ်လို့ ယုံကြည်ကြောင်း ပြောကြားလိုပါတယ်။

## ပြုပြင်ပြောင်းလဲမှုအမျိုးမျိုးဖြစ်ပေါ်နေ

လက်ရှိတွင် မြန်မာနိုင်ငံ၌ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ တိုးတက်ပြောင်းလဲမှုများမှာ အရှိန်အဟုန်နှင့် တစ်ချိန်တည်းတွင် ပြောင်းလဲဖြစ်ပေါ်လျက်ရှိနေသလို ကျွန်မတို့ရဲ့ကမ္ဘာကြီးမှာလည်း ခေတ်ပြိုင်ပြုပြင်ပြောင်းလဲမှု အမျိုးမျိုးနဲ့ တစ်ပြိုင်နက် ဖြစ်ပေါ်နေပါတယ်။ လွန်ခဲ့တဲ့ အနှစ်လေးဆယ်အတွင်း ကျွန်မတို့ဒေသဟာ ကမ္ဘာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဆုံး ဒေသတစ်ခုဖြစ်ခဲ့ပြီး ဒီလျင်မြန်တဲ့ အာဆီယံနိုင်ငံများနဲ့ ကျန်အာရှနိုင်ငံတွေအကြား ကုန်သွယ်မှုဆက်ဆံရေးအသစ်တွေကို ဦးဆောင်ဖန်တီးပေးခဲ့သလို၊ နည်းပညာသစ်များ တီထွင်နိုင်မယ့် အခွင့်အလမ်းတွေကို ဖန်တီးပေးခဲ့သလို ပြည်သူတွေ၊ အတွေးအခေါ်၊ အယူအဆတွေ၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတွေ ရင်းနှီးမြှုပ်နှံမှုတွေကို ဒေသတွင်း လွယ်ကူလျင်မြန်စွာ ချောမွေ့စွာ ရွှေ့ပြောင်းနိုင်အောင် ဆောင်ရွက်နိုင်ခဲ့တာဟာ အရင်တုန်းက ဖြစ်နိုင်မယ်လို့ မထင်ခဲ့တဲ့အရာတွေ ဖြစ်ပါတယ်။

## ရင်းနှီးမြှုပ်နှံမယ့်သူများအတွက် အခွင့်အလမ်းကောင်းများ

အမှန်တကယ်တော့ ကျွန်မတို့ဟာ ကမ္ဘာကိုတည်ငြိမ်စွာပုံဖော်စေခဲ့တဲ့ အာရှရဲ့ အအောင်မြင်ဆုံးကာလတွေမှာ နေထိုင်ရှင်သန်နေခြင်းဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တီထွင်ဆန်းသစ်မှုများ လွတ်လပ်စွာ ကုန်သွယ်မှုနှင့် ဒေသတွင်းပြည်သူများအကြား ဆက်ဆံရေးနှင့် ဒေသတွင်းအချိတ်အဆက် တိုးတက်မှုများက မြန်မာနိုင်ငံနဲ့ လာရောက်ရင်းနှီးမြှုပ်နှံမယ့်သူများအတွက် များပြားလှတဲ့ အခွင့်အလမ်းကောင်းများပဲ ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ ပထဝီအနေအထား အားသာချက်၊ အခြားနိုင်ငံတွေနဲ့ ယှဉ်ရင် လုပ်အားခသက်သာမှုနဲ့ ကျွန်မတို့ပြည်သူတွေရဲ့ ကြီးမားတဲ့ စွမ်းပကားတွေဟာ တစ်ချိန်က အနောက်နိုင်ငံများက အရှေ့နိုင်ငံများဆီသို့ ကမ္ဘာ့စီးပွားရေးခွဲဖြာထွက်မှု ဖြစ်ပေါ်ခဲ့သလိုမျိုး ပြန်လည်ပေါ်ထွန်းလာအောင် ဆောင်ကြဉ်းပေးနိုင်မယ့် အခွင့်အလမ်းများကို ဖမ်းဆုပ်ရန် အချိန်အခါကောင်းပဲဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ အောင်မြင်အောင် ကျော်လွှားရမယ့် စိန်ခေါ်မှုများစွာလည်း ရှိနေဆဲပဲ ဖြစ်ပါတယ်။

## သေချာတဲ့အကျိုးအမြတ်တွေရရှိဖို့ နည်းလမ်းတွေရှာဖွေ

ဒါ့အပြင် ဖွံ့ဖြိုးမှုနည်းပါးတဲ့နိုင်ငံတွေအနေနဲ့ ကမ္ဘာ့စီးပွားရေးနဲ့ ပူးပေါင်းချိတ်ဆက်ရာမှာ အားနည်းချက်တွေရှိနေဆဲကြောင့် စီးပွားရေးနောက်ကျကျန်ခဲ့ရနိုင်တဲ့ ကြီးမားတဲ့အန္တရာယ်အတွက်ကိုလည်း စိတ်ထဲမှာစွဲမှတ်ပြီး မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာနဲ့ ဒေသတွင်းကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု ချိတ်ဆက်ပူးပေါင်း လုပ်ဆောင်မှုများကနေ သေချာတဲ့အကျိုးအမြတ်တွေရရှိဖို့အတွက် နည်းလမ်းတွေ ရှာဖွေလုပ်ဆောင်ဖို့ဟာလည်း ကျွန်မတို့နိုင်ငံအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်ပဲ ဖြစ်ပါတယ်။

*စာမျက်နှာ ၅ သို့*

◆ မြန်မာနိုင်ငံအပါအဝင် အာဆီယံ (၁၀) နိုင်ငံနဲ့အတူ တရုတ်၊ အိန္ဒိယတို့ ပါဝင်တဲ့ ၃ ဒသမ ၅ ဘီလီယံကျော်ရှိတဲ့ စားသုံးသူဈေးကွက်ကို ကိုယ်စားပြုပါတယ်၊ ဒီဈေးကွက်ရဲ့စီးပွားရေးပမာဏဟာ အမေရိကန်ဒေါ်လာ ၁၅ ထရီလျံဝန်းကျင်ရှိပြီး ကမ္ဘာ့ဂျီဒီပီရဲ့ ၂၀ ရာခိုင်နှုန်းကို ကိုယ်စားပြုပါတယ်။ ဒီဈေးကွက်ရဲ့ ဆက်စပ်မှုဟာ ခေတ်သစ်ကမ္ဘာမှာ တွေ့မြင်ဖူးသမျှထဲက ထူးခြားအထင်ရှားဆုံး ဈေးကွက်တစ်ခု အဖြစ် တိုးတက်ပြောင်းလဲပေါ်ပေါက်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

*စာမျက်နှာ ၄ မှ*

ကျွန်မတို့နိုင်ငံ ဖွံ့ဖြိုးဖို့အတွက် စိန်ခေါ်မှုများစွာရှိတဲ့အနက် ဈေးကွက်ကို အခြေခံဖြေရှင်းသည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်မှုဟာ အားလုံးပြေလည်စေမယ့် နည်းလမ်းမဟုတ်ပေမယ့် မြန်မာနိုင်ငံမှာ အားလုံးပါဝင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကမောင်းနှင်အင်အားဖြစ်တဲ့အပြင် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးတဲ့နေရာမှာလည်း အခြေခံတွန်းအားတစ်ရပ်ဖြစ်တဲ့ အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍ အတူတကွ နီးနီးကပ်ကပ် ပူးပေါင်းလုပ်ဆောင်နိုင်ရေးဟာ အရေးတကြီးလိုအပ်ချက်အဖြစ် ကျွန်မတို့ အသိအမှတ်ပြုပါတယ်။

မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် အခြေအနေကို နားလည်နိုင်ဖို့ဆိုရင် မြန်မာနိုင်ငံမှာ လက်တွေ့ကျင့်သုံးနေတဲ့ မူဝါဒ လုပ်ထုံးလုပ်နည်းတွေကို ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်ဖို့ လိုပါတယ်။

## ဒေသတွင်းပေါင်းစည်းမှု တိုးတက်လာခြင်းများစွာ အကျိုးရှိခဲ့

ဈေးကွက်နှင့်ကိုက်ညီတဲ့ စီးပွားရေးမူဝါဒများချမှတ်ခြင်းနှင့်အတူ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းမှု အလျင်အမြန်တိုးတက်လာခြင်းတို့က အာရှပစိဖိတ်ဒေသနိုင်ငံများအတွက် များစွာအကျိုးရှိခဲ့သလို ကျွန်မတို့ ဒေသတွင်းမှာရှိတဲ့ ပြည်သူအများစုကို တိုးတက်မှုနိမ့်ကျပြီး ဝင်ငွေနည်းတဲ့ဘဝကနေ အလယ်အလတ်တန်းနဲ့ ဝင်ငွေမြင့်မားတဲ့ဘဝတွေကို ရောက်ရှိအောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ဒီနည်းလမ်းအတိုင်း လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ကျွန်မတို့ကိုယ်တိုင် ကိုယ်ပိုင်ရွေးချယ်မှုနဲ့ ယနေ့မြန်မာနိုင်ငံဟာ ပြင်ပဈေးကွက်များနဲ့ နိုင်ငံရေး အင်အားစုများကို ယခင်ကထက် ပိုမိုထိတွေ့ဆက်ဆံလျက်ရှိပါတယ်။ ဒီကနေ မျှတတဲ့အကျိုးရလဒ်အနေနဲ့ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ ဝင်ရောက်လာဖို့ အခွင့်အလမ်းများ၊ နည်းပညာသစ်များနဲ့ အသိပညာဗဟုသုတများ လွှဲပြောင်းရရှိနိုင်မယ်လို့ မျှော်လင့်ပါတယ်။

ဒီလိုပြောရခြင်းဟာ ဂလိုဘယ်လ်လိုက်ဇေးရှင်းရဲ့ ဆိုးကျိုးရှုထောင့်အချို့ရှိနေတဲ့အပေါ်မှာ ထိခိုက်မှုမရှိဘဲ အလွယ်တကူ တုံ့ပြန်နိုင်တဲ့ အခြေအနေရှိနေတဲ့ သဘောမျိုးကို မဆိုလိုပါဘူး။

ဒီနေ့လို အလျင်အမြန် အရှိန်အဟုန်နဲ့ ကူးသန်းသွားလာနေတဲ့ ကမ္ဘာကြီးမှာ နိုင်ငံတစ်ခုက သာမန်အအေးမိဖျားနာရုံလောက်သာ ခံစားရပေမယ့် အများစုက ရောဂါကူးစက်မှုအန္တရာယ် ကျရောက်တာကို ခံနေရပါတယ်။

ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု အလားအလာကို ကြည့်မယ်ဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုဟာ ၂၀၁၇ ခုနှစ်မှာ ၂၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၂၀၁၈ ခုနှစ်မှာလည်း ဆက်လက်ကျဆင်းနေတာကို တွေ့ရမှာဖြစ်ပါတယ်။ အာရှပစိဖိတ်ဒေသဟာလည်း ဒီရင်းနှီးမြှုပ်နှံမှု ကျဆင်းမှုအခြေအနေကနေ မလွတ်ကင်းနိုင်ခဲ့ပါဘူး။

နောက်ဆုံးရထားတဲ့ သတင်းအချက်အလက်များအရ အာရှပစိတ်ဖိတ်ဒေသတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဟာ အနည်းငယ်တုံ့ဆိုင်းခဲ့တာကို တွေ့ရပါတယ်။ သို့သော် မိမိတို့အာရှပစိဖိတ်ဒေသဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်ဖို့အတွက် အဓိကဒေသတစ်ခုအဖြစ် ရှိနေဆဲဖြစ်ပြီး ၂၀၁၇ ခုနှစ် ကမ္ဘာ့ပြည်ပရင်းနှီးမြှုပ်နှံမှု စုစုပေါင်းစီးဝင်မှုရဲ့၃၉ ရာခိုင်နှုန်းရှိကာ ၂၀၁၆ ခုနှစ်ကထက် ၉ ရာခိုင်နှုန်း တိုးတက်ခဲ့တာ တွေ့ရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အာရှပစိဖိတ်ဒေသနိုင်ငံများဟာ ၂၀၁၇ ခုနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးလက်ခံခဲ့တဲ့ ဒေသဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ဒေသတွင်း နိုင်ငံအချင်းအချင်းအကြား အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မှုကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၄၅ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး အကျိုးအမြတ်ရရှိတဲ့ နိုင်ငံတွေထဲကတစ်ခုဖြစ်ပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်မှာ မလေးရှားနိုင်ငံအခြေစိုက် Kiam Joo Group က စက်ရုံအသစ်တစ်ခု ရင်းနှီးမြှုပ်နှံခဲ့တာကို ကြည့်ရင်သိနိုင်ပါတယ်။

မြန်မာနိုင်ငံဟာ မိမိနိုင်ငံရဲ့ တည်နေရာ ပထဝီအနေအထားရဲ့ အားသာချက်အပေါ်မှာ အကျိုးကျေးဇူး ခံစားနေရတယ်ဆိုတာ သံသယရှိစရာ မလိုပါဘူး။

ကျွန်မတို့ မြန်မာနိုင်ငံမှာ **မိုးရွာတုန်း ရေခံ**ဆိုတဲ့ ဆိုရိုးစကားတစ်ခု ရှိပါတယ်။

ASEAN + 3 Macroeconomic Research Office က လတ်တလော ပြုလုပ်တဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှု အလားအလာ ခန့်မှန်းချက်အရ မြန်မာ့စီးပွားရေးဟာ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ ၇ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လိမ့်မယ်လို့ မျှော်မှန်းထားပါတယ်၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တုန်းက ၅ ဒသမ ၉ ရာခိုင်နှုန်းနဲ့ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်မှာ ၆ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာကနေ ယခုဘဏ္ဍာနှစ်မှာ ပိုမိုတိုးတက်လာမယ်လို့ ခန့်မှန်းတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒီအစီရင်ခံစာမှာပဲ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ ငွေကြေးဖောင်းပွမှုနှုန်းကို ၅ ရာခိုင်နှုန်းနဲ့ တည်ငြိမ်နေလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီခန့်မှန်းချက်က ကျွန်မတို့ မျှော်မှန်းထားတာထက် မြင့်နေပေမယ့်လည်း ယခင်နှစ်ကထက်စာရင် တိုးတက်မှုရှိလာတာ တွေ့ရမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ အမြင့်ဆုံးငွေကြေးဖောင်းပွမှုနှုန်း ၉ ဒသမ ၉၉ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။

## ရည်မှန်းချက်မြင့်မြင့်ထားပြီး ကြိုးပမ်းဆောင်ရွက်ရမည့်အချိန်ဖြစ်

ယခုလို အပေါင်းလက္ခဏာဆောင်တဲ့ နိုင်ငံ့စီးပွားရေးအလားအလာ ခန့်မှန်းချက်တွေအပေါ် အကောင်းဘက်မှ ရှုမြင်ပါက ဒေသတွင်းနှင့် မြန်မာနိုင်ငံအတွက် ယခုအချိန်ဟာ ရည်မှန်းချက်မြင့်မြင့်ထားပြီး ရဲရဲဝံ့ဝံ့ ကြိုးပမ်းဆောင်ရွက်ရမည့်အချိန် ဖြစ်ပါတယ်။

ကမ္ဘာ့အသိုက်အဝန်းထဲမှ နိုင်ငံတစ်ခုအနေဖြင့် မြန်မာအစိုးရဟာ ကုလသမဂ္ဂအဖွဲ့အစည်းက ချမှတ်ထားတဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (SDG) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆုံးဖြတ်ထားပြီးလည်း ဖြစ်ပါတယ်။

လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုများ၊ ဆက်လက်ဆောင်ရွက်မည့် ပြုပြင်ပြောင်းလဲမှုများ၏ လမ်းပြမြေပုံဖြစ်တဲ့ မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MSDP) ကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MSDP) ကို မဏ္ဍိုင်ကြီး (၃) ရပ်၊ ပန်းတိုင် (၅) ရပ်၊ နည်းဗျူဟာ (၂၈) ခုနှင့် လက်တွေ့လုပ်ငန်းစဉ် (၂၅၁) ခု တို့ဖြင့် ရေးဆွဲထားပြီး နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးမှုမျှော်မှန်းချက်အဖြစ် တွေ့မြင်ရမှာ ဖြစ်ပါတယ်။

မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MSDP) ဟာ နိုင်ငံရဲ့ နှစ်ရှည်မျှော်မှန်းချက်ဖြစ်ပြီး ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ဒီမိုကရေစီနိုင်ငံအဖြစ် မျှော်မှန်းတည်ဆောက်သွားဖို့ ရည်ရွယ်ပါတယ်။

ဒီ MSDP က တိုင်းဒေသကြီး၊ ပြည်နယ်များအကြား စီးပွားရေးနှင့် လူမှုရေးကဏ္ဍအသီးသီးကြား ရင်းနှီးမြှုပ်နှံမှုနဲ့ မဟာဗျူဟာမြောက်ဖွံ့ဖြိုးမှုအတွက် ဦးစားပေး အစီအစဉ်အလိုက် အကောင်အထည်ဖော်ရာမှာ အသေးစိတ်မဟာဗျူဟာ စီမံကိန်းအဖြစ်နဲ့ အထောက်အကူပြုမှာဖြစ်ပါတယ်။

ပထမပန်းတိုင်က နိုင်ငံရေးတည်ငြိမ်မှုရရှိအောင် ဆောင်ရွက်ပြီး ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့ကို ဦးတည်ထားတာ ဖြစ်ပါတယ်။ ဒုတိယပန်းတိုင်အနေနဲ့ကတော့ စီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်းပြီးတော့ မေခရိုစီးပွားရေးစီမံခန့်ခွဲမှုကို ဦးတည်လုပ်ဆောင်သွားဖို့ ဖြစ်ပါတယ်။ တည်ငြိမ်မှုမရှိတဲ့ စီးပွားရေးက ကျယ်ပြန့်ပြီး ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့လုပ်ဆောင်ရာမှာ မဖြစ်နိုင်ပါဘူး။ အဆိုပါ မျှော်မှန်းချက် (၁)နဲ့ (၂)တို့ဟာ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးကြီးဆုံး အခြေခံထားရမယ့် အုတ်မြစ်များထဲက အရေးပါတဲ့ အပိုင်းထဲမှာ ပါဝင်ပါတယ်။

ပန်းတိုင် (၃)ကတော့ အလုပ်အကိုင်ဖန်တီးမှုနဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်ဖို့ဖြစ်ပြီး ပန်းတိုင် (၄) ကတော့ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ဦးတည်ထားတဲ့ လူသားစွမ်းဆောင်ရည်နဲ့ လူမှုဖွံ့ဖြိုးမှု အရည်အသွေးရှိအောင် ထူထောင်ဖို့ ဖြစ်ပါတယ်။

ပန်းတိုင်(၅)ကတော့ သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို ဦးတည်ထားတာဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ သယံဇာတတွေကို စီမံခန့်ခွဲမှုကတစ်ဆင့် မိမိနိုင်ငံကိုသာမက ကမ္ဘာကြီးကိုပါ ကာကွယ်နိုင်ဖို့ ဖြစ်ပါတယ်။

မဟာဗျူဟာ ၃.၃ ဟာ ယနေ့အခမ်းအနားနှင့် တိုက်ရိုက်သက်ဆိုင်နေပြီး ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးနိုင်ဖို့အတွက် ကျွန်မတို့ရဲ့ ကတိကဝတ်တွေကို ဖော်ပြရာရောက်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့အခမ်းအနားဟာ အဆိုပါ မဟာဗျူဟာစီမံကိန်းရဲ့အနှစ်သာရကို တစ်စိတ်တစ်ပိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေတာလို့ ပြောနိုင်ပါတယ်။

ကျွန်မတို့ အစိုးရတာဝန်ယူခဲ့တဲ့ အချိန်ကစပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်တဲ့ ဖြေလျှော့မှုတွေ လွယ်ကူချောမွေ့အောင် ဆောင်ရွက်မှုတွေကို တက်တက်ကြွကြွ လုပ်ဆောင်ခဲ့ပါတယ်။

## ထူးခြားတဲ့အပြောင်းအလဲတွေ လုပ်နိုင်ခဲ့

မကြာသေးမီနှစ်များအတွင်းမှာ ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ခဲ့ရာမှာ အချို့က သိသာထင်ရှားပြီး အချို့က သိမ်မွေ့ပေမယ့် ထူးခြားတဲ့အပြောင်းအလဲတွေ လုပ်နိုင်ခဲ့တာကတော့ အတူတူပဲဖြစ်ပါတယ်။

ဒီပြုပြင်ပြောင်းလဲမှုတွေဟာ အားလုံးပါဝင်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နိုင်ဖို့ ရည်ရွယ်တဲ့ဥပဒေနဲ့ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းတွေကို ခေတ်နဲ့အညီ ပြုပြင်ပြောင်းလဲနိုင်ဖို့ လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် ကမ္ဘာ့စီးပွားရေးနဲ့ အကောင်းဆုံး ပိုမိုပူးပေါင်းချိတ်ဆက်နိုင်မှုကတစ်ဆင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ဖို့ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကိုလည်း လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒီပြုပြင်ပြောင်းလဲမှုတွေက ကျွန်မတို့ရဲ့ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို အခြေခံကျကျ တိုးတက်ပြောင်းလဲဖို့ ဆောင်ရွက်ရာမှာ ကောင်းမွန်တဲ့ အကျိုးရလဒ်တွေ ရရှိခဲ့ပါတယ်။

**ပထမဆုံး ပြုပြင်ပြောင်းလဲမှုအနေနဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်ပြီး ဒီဥပဒေက ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုပွင့်လင်းမြင်သာမှု၊ ပိုမိုဖြေလျှော့မှုတွေ ပြုလုပ်ထားတဲ့အပြင် ရင်းနှီးမြှုပ်နှံသူများကို ပိုမိုအကာအကွယ်ပေးတဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားသလို နိုင်ငံတကာနှင့် ဒေသတွင်း သဘောတူညီမှုများနဲ့အညီလည်း ရေးဆွဲထားတာ ဖြစ်ပါတယ်။**

**ဒါ့အပြင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ မြန်မာကုမ္ပဏီများဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် အသက်ဝင်ခဲ့ပြီး ဖြစ်ပါတယ်။ ယခင် မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေအရ နိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုမှာ နိုင်ငံခြားရှယ်ယာပါဝင်မှုရှိပါက နိုင်ငံခြားကုမ္ပဏီအဖြစ် သတ်မှတ်ခဲ့ပါတယ်။**

**ယခုဥပဒေအသစ်၏ ပြဋ္ဌာန်းချက်အရ နိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုမှာ နိုင်ငံခြားသား ရှယ်ယာ ၃၅ ရာခိုင်နှုန်းအထိ ပါဝင်သည့်တိုင် မြန်မာနိုင်ငံသားကုမ္ပဏီအဖြစ်နဲ့သာ သတ်မှတ်တဲ့အတွက် နိုင်ငံသားကုမ္ပဏီ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိတော့တာ တွေ့ရမှာဖြစ်ပါတယ်။**

**ကုမ္ပဏီဥပဒေအသစ်က စီးပွားရေးလုပ်ကိုင်မှု လွယ်ကူမှုညွှန်းကိန်းတွင် မြန်မာနိုင်ငံ၏ အဆင့်တိုးတက်စေရန် အထောက်အကူပြုဖို့အတွက် အနည်းစု ရင်းနှီးမြှုပ်နှံသူအတွက် အကာအကွယ်ပေးတဲ့ ပြဋ္ဌာန်းချက်ကိုလည်း ထည့်သွင်းထားပါတယ်။**

အဓိက ပြုပြင်ပြောင်းလဲကြိုးပမ်းအားထုတ်မှုအနေနဲ့ ကုမ္ပဏီမှတ်ပုံတင်ရာမှာ မှတ်ပုံတင်ရုံးကို ကိုယ်တိုင်သွားရောက်ရန် မလိုတော့ဘဲ အွန်လိုင်းမှတ်ပုံတင်စနစ် (MyCo) ကတစ်ဆင့် ဆောင်ရွက်နိုင်တာပဲ ဖြစ်ပါတယ်။

အွန်လိုင်းမှတ်ပုံတင်စနစ် စတင်ခဲ့တဲ့ ၅ လတာကာလအတွင်းမှာ ကုမ္ပဏီပေါင်း ၆၄၀၀ ကို အွန်လိုင်းစနစ်နဲ့ အသစ်မှတ်ပုံတင်နိုင်ခဲ့ပြီး ဖြစ်ပါတယ်၊ ဒါဟာ ၁၉၈၈ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ နှစ်ပေါင်း ၃၀ အတွင်း စုစုပေါင်းမှတ်ပုံတင်ခဲ့မှုရဲ့ ၁၀ ရာခိုင်နှုန်းရှိပါတယ်။

ဒီတိုးတက်အောင်မြင်မှုကို အတုယူပြီး အခြားနယ်ပယ်တွေမှာပါ ပိုမိုကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ဖို့ ရည်ရွယ်ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ဆင့်အနေနဲ့ လူနဲ့လုပ်ဆောင်ရတဲ့ လုပ်ငန်းတွေကို အွန်လိုင်းနဲ့ ဆောင်ရွက်တဲ့စနစ်ကို ပြောင်းလဲဆောင်ရွက်နိုင်ဖို့ တစ်ဆင့်ချင်း တိုးတက်ဆောင်ရွက်သွားမှာဖြစ်လို့ နောင်ဆိုရင် ရင်းနှီးမြှုပ်နှံသူများအနေနဲ့ ဌာနများစွာ နေရာများစွာကို သွားရောက်လုပ်ကိုင်စရာ မလိုတော့အောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## လက်ကားနဲ့ လက်လီကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေး

ကုမ္ပဏီဥပဒေပြဋ္ဌာန်းမှုနဲ့အတူ စီးပွားရေးကဏ္ဍအသစ်များကိုလည်း ရင်းနှီးမြှုပ်နှံသူတွေအတွက် ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဥပမာအားဖြင့် ၂၀၁၈ ခုနှစ်မှာ နိုင်ငံခြားသား ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည့် ကုမ္ပဏီများကို လက်ကားနဲ့ လက်လီကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုပေးခဲ့တဲ့အတွက် ဥရောပ၊ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံများအပြင် အခြားနိုင်ငံများကိုပါ ဆွဲဆောင်နိုင်ခဲ့ပါတယ်။

## ပညာရေးကဏ္ဍကိုဖြေလျှော့ပေးခဲ့ခြင်း

ဒါ့အပြင် မြန်မာနိုင်ငံရဲ့ ပညာရေးဝန်ဆောင်မှုကဏ္ဍမှာ နိုင်ငံခြားသား ၁၀၀ ရာခိုင်နှုန်းပိုင်တဲ့ ပညာရေးဝန်ဆောင်မှုလုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံခွင့် ပေးခဲ့ပါတယ်။ ဒါ့အပြင် ဖက်စပ်ကုမ္ပဏီများအဖြစ်နဲ့လည်း ထူထောင်ခွင့်ပြုခဲ့ပါတယ်။

## ရင်းနှီးမြှုပ်နှံမှုကော်မရှင် ပြုပြင်ပြောင်းလဲမှု

**အရေးပါတဲ့ ဆောင်ရွက်မှုတစ်ခုအနေနဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ဒီအဖွဲ့သစ်အနေနဲ့ စီမံခန့်ခွဲမှုပုံသဏ္ဍာန်အသစ်နဲ့ ပြုပြင်ပြောင်းလဲမှုတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအဖွဲ့ဟာ မြန်မာနိုင်ငံကို ဒေသတွင်းကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် အချက်အချာဒေသအဖြစ် ပြောင်းလဲနိုင်ဖို့ သန္နိဋ္ဌာန်ချထားပြီး ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ထုတ်ပေးတဲ့ ကိစ္စရပ်တွေမှာ ပွင့်လင်းမြင်သာပြီး လွယ်ကူချောမွေ့အောင် အစီအစဉ်တွေ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။**

**ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့သစ်ဟာ ကော်မရှင်ရဲ့လုပ်ငန်းတွေအပေါ်မှာသာမက အခြားအစိုးရဌာနများရဲ့ရင်းနှီးမြှုပ်နှံမှုနဲ့ဆက်စပ်တဲ့ လုပ်ငန်းဆောင်ရွက်မှုများကိုပါ ပိုမိုလွယ်ကူရှင်းလင်းပြီး ကြိုတင်ခန့်မှန်းနိုင်စွမ်းရှိတဲ့ စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ (Standard Operating Procedure-SOPs) ရေးဆွဲချမှတ်ဆောင်ရွက်နိုင်ဖို့အတွက်သာမက ဝန်ဆောင်မှုတွေပေးရာမှာ (Single Window) စနစ်ကိုပါ ကျင့်သုံးဆောင်ရွက်နိုင်ဖို့ ပြန်လည်သုံးသပ် လုပ်ဆောင်လျက်ရှိပါတယ်။**

**ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်းကို မကြာသေးမီကပဲ ရေးဆွဲထုတ်ပြန်နိုင်ခဲ့ပါတယ်။ ဒီစီမံကိန်းက နောင်အနှစ် ၂၀ အတွင်း အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံကျော်ဖိုးရှိတဲ့ တာဝန်ယူမှုရှိပြီး အရည်အသွေးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ဆောင်ရွက်နိုင်ဖို့ မျှော်မှန်းထားသလို မိမိနိုင်ငံကို ဝင်ငွေအလယ်အလတ်ရှိတဲ့ နိုင်ငံတစ်ခုအဖြစ် ရောက်ရှိဖို့ မျှော်မှန်းထားပါတယ်။**

**ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုစေရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (MOIFER) ကို ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါတယ်။ MOIFER အနေနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းဖြစ်ပေါ်ရေး ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးတို့ကို အဓိကထား ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နဲ့ ပြည်သူများရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်သွားဖို့ ရည်ရွယ်ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။**

ဦးစားပေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဖော်ထုတ်ရာမှာ ပိုမိုမဟာဗျူဟာကျပြီး ပွင့်လင်းမြင်သာမှုရှိစေဖို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့က စီမံကိန်းဘဏ်ကို ရေးဆွဲခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှာ အဓိကကျတဲ့ စီမံကိန်းများကို စိစစ်သုံးသပ်အကဲဖြတ်ပြီး ဦးစားပေးစီမံကိန်းများအဖြစ် သတ်မှတ်ကာ အစိုးရဘတ်ဂျက်၊ ဖွံ့ဖြိုးမှုအကူအညီ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုစတဲ့ အသင့်လျော်ဆုံး ဘဏ္ဍာရေးအရင်းအမြစ်များကို ရယူအသုံးချတဲ့ ပုံသဏ္ဍာန်အပြင် အစိုးရပုဂ္ဂလိက ဆောင်ရွက်သွားမယ့် ပုံသဏ္ဍာန်နဲ့ အကောင်အထည်ဖော်နိုင်ရန် စုစည်းထားတဲ့ အချက်အလက်ဘဏ် (Data Bank) ဖြစ်ပါတယ်။

## ရင်းနှီးမြှုပ်နှံမှုပြောင်းလဲမှုတွေအပေါ် ကမ္ဘာ့ဘဏ်မှ အသိအမှတ်ပြု

မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပြုပြင်ပြောင်းလဲမှုတွေအပေါ် ကြိုးပမ်းဆောင်ရွက်မှုကို ကမ္ဘာ့ဘဏ်မှ အသိအမှတ်ပြုခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် Star Reformer Award ကို အပ်နှင်းခဲ့ပါတယ်။ ဒီအောင်မြင်မှုအပေါ်မှာ ကျွန်မနိုင်ငံက ကျေနပ်မနေဘဲ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တွေ ပိုမိုကောင်းမွန်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာ့ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံလိုအပ်ချက် ကွာခြားချက်ရှိနေခြင်းကဲ့သို့သော စိန်ခေါ်မှုများစွာလည်း ရှိနေပါသေးတယ်။ မြန်မာနိုင်ငံမှာ သဘာဝဓာတ်ငွေ့နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ပေါကြွယ်ဝသော်လည်း ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အနည်းဆုံးနိုင်ငံတစ်ခုအဖြစ် ရှိနေပါသေးတယ်။

မြန်မာ့ဆိပ်ကမ်းများကိုလည်း အဆင့်မြှင့်တင်ပြီး တစ်နေ့တခြားတိုးပွားလာတဲ့ ကုန်သွယ်မှုလိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ လိုအပ်နေပါတယ်။

ဒီလို စိန်ခေါ်မှုတွေရှိနေတဲ့ နယ်ပယ်တွေဟာ ရင်းနှီးမြှုပ်နှံသူတွေအတွက် ကြီးမားတဲ့ အခွင့်အလမ်းတွေအဖြစ် ရှိနေတဲ့အတွက် စိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ဖို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ။

# ကြေးခေတ်ယဉ်ကျေးမှုလက္ခဏာများနှင့် မြန်မာနိုင်ငံ

**မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)**

### မြန်မာ့ကြေးခေတ်လူသားအစ

ကြေးခေတ် ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများကို ရှာဖွေဖော်ထုတ်ရာတွင် ထိုခေတ်ကာလမှ လူတို့နေထိုင်ရာဖြစ်သော အခြေချနေထိုင်မှုဧရိယာများမှ ရှာဖွေဖော်ထုတ်ရန် ခက်ခဲပေသည်။ မြန်မာ့ကျောက်ခေတ်လူသားတို့သည် တောတောင်များအတွင်း ဂူအောင်းအမဲလိုက်အသက်မွေးခြင်း ပြုခဲ့ကြရာမှ တဖြည်းဖြည်း စိုက်ပျိုးမွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် မြေပြန့်သို့ ဆင်းသက်လာခဲ့ကြပြီး ရာသီဥတု ပွင့်လင်းသာယာသည့် မိုးလွန်ရာသီဥတုကာလမျိုးသို့ ရောက်ရှိလာချိန်တွင် မြေပြန့်လွင်ပြင်များရှိ မြစ်၊ ချောင်းတို့ အနီးဝန်းကျင်၌ ဆင်းသက်နေထိုင်ခဲ့ကြသည်။ ထိုသို့ နေထိုင်ရာတွင် မြေပြန့်၌ အလွယ်တကူရရှိနိုင်သော သစ်၊ ဝါးတို့ဖြင့် နေထိုင်ရန် ဆောက်လုပ်ကြသည်။ ထိုကဲ့သို့ နေထိုင်လာခဲ့ရာမှ သတ္တုကျိုချက်ခြင်းအတတ်ကို တတ်မြောက်လာကြပြီး ကြေးလက်နက်များပြုလုပ်ရန်အတွက် အသုံးပြုသည့် ကျောက်ခွက်ပုံစံ (Mould)များကို မြင်းဦးလှည့်ဒေသမှ တွေ့ရှိခဲ့ရသည်။ ၎င်းအချက်အရ ကြေးခေတ်လူသားတို့သည် သူတို့သုံးစွဲသောလက်နက်များကို ဒေသတွင်းမှာပင် ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိနိုင်သည်။

### ကြေးခေတ်လူသားတို့၏နေရာ

ရှေးဟောင်းသုတေသနမှ တူးဖော်တွေ့ရှိချက်များအရ ကြေးခေတ်ဒေသများ၏ တည်နေရာမှာ မြေပြန့်ဒေသများ၊ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ ဖြစ်နေသည်ကို တွေ့ရှိရသည်။ ထိုခေတ်လူသားတို့သည် အစဉ်အဆက် သစ်၊ ဝါး အဆောက်အအုံတို့ဖြင့်သာ နေထိုင်ခဲ့ကြဟန်ရှိပြီး သစ်၊ ဝါးတို့မှာ နှစ်ကာလရှည်ကြာသောအခါ သဘာဝအရ ပျက်စီးပျောက်ကွယ်လွယ်သည်။ ထို့ကြောင့်ပင် ကြေးခေတ်လူသားများ၏ နေထိုင်မှုဧရိယာ(Habitation Site)နှင့် ပတ်သက်သော အထောက်အထားများကို မတွေ့ရှိရခြင်း ဖြစ်သည်။ ကြေးခေတ်လူသားတို့ အခြေချနေထိုင်ခဲ့သည့် ဧရိယာ(Habitation Site)များနှင့်ပတ်သက်၍ အထောက်အထားများကို မတွေ့ရှိရသေးသော်လည်း ထိုခေတ်လူသားတို့သည် တမလွန်ဘဝယုံကြည်မှုများ ရှိခဲ့နိုင်ပေသည်။ ထို့ကြောင့် သေဆုံးသူတို့ကို နေရာတစ်ခု၌ စနစ်တကျမြှုပ်နှံကြပြီး သေဆုံးသူနှင့်ပတ်သက်သည့် အသုံးအဆောင်တို့ကိုလည်း တစ်ပါတည်း ထည့်သွင်းမြှုပ်နှံလေ့ရှိကြောင်းကို ကြေးခေတ်သင်္ချိုင်းရာများ တူးဖော်သုတေသနပြုချက်အရ ဖော်ထုတ်နိုင်ခဲ့သည်။

### နေထိုင်စားသောက်မှုပုံစံ

သင်္ချိုင်းနေရာရွေးချယ်၍ မြှုပ်နှံခြင်းများကို လေ့လာခြင်းအားဖြင့် ထိုဒေသများတွင် နေထိုင်ခဲ့သော သမိုင်းမတင်မီခေတ်လူတို့သည် ခေတ္တခဏ နေထိုင်ခဲ့ကြသည်မဟုတ်။ ကာလအတော်ကြာ နေထိုင်ခဲ့ကြသည်ဟု သုံးသပ်ရသည်။ ထို့ပြင် ဆွေမျိုးစုတူရာ ပေါင်းစုနေထိုင်၍ အကြီးအကဲစနစ်၊ အုပ်ချုပ်ရေးစနစ်နှင့် လူမှုရေးသတ်မှတ်ချက်များရှိသော အဆင့်မြင့် လူမှုရေးဖွဲ့စည်းပုံများဖြင့် စုဝေးနေထိုင်ခဲ့ကြလိမ့်မည်ဟုလည်း ယူဆရသည်။

ကြေးခေတ် တူးဖော်တွေ့ရှိချက်များအရ ထိုခေတ်လူသားများသည် သတ္တဝါမျိုးစုံကို စားသောက်ခဲ့သည့် လက္ခဏာများကို မှတ်တမ်းတင်နိုင်ခဲ့ကြသည်။ ရုပ်ကြွင်းများနှင့်အတူ တွေ့ရသော လူအရိုးအိုးများနှင့် ရောနှောမြှုပ်နှံထားသော ဆတ်(သို့မဟုတ်) နွားပေါင်ရိုးများဟုယူဆရသောအရိုးများ တွေ့ရှိရမှုနှင့် ဆက်စပ်ကြည့်လျှင် ထိုခေတ်လူများသည် အိမ်မွေးတိရစ္ဆာန်များဖြစ်သော နွားများအပြင် အိမ်မွေးမဟုတ်သည့် ဆတ်ကဲ့သို့သော သတ္တဝါမျိုးနှင့် သမင်ကဲ့သို့သော သတ္တဝါမျိုးတို့ကိုလည်း စားသောက်တတ်ကြကြောင်း ခန့်မှန်းနိုင်ခဲ့ကြသည်။



မြန်မာ့ကြေးခေတ်တူးဖော်လေ့လာရေးလုပ်ငန်းတစ်ရပ် ဆောင်ရွက်နေစဉ်။

### စိုက်ပျိုးရေးနှင့် မွေးမြူရေး

နွားကို အနောက်အာရှတွင် လွန်ခဲ့သောနှစ်ပေါင်း ၆၀၀၀ ခန့်က အိမ်မွေးတိရစ္ဆာန်အဖြစ် စတင်မွေးမြူတတ်လာပြီး တရုတ်ပြည်အနေဖြင့်မူ လွန်ခဲ့သော နှစ် ၃၄၀၀ ခန့်ကမှ မွေးမြူတတ်ခြင်းဖြစ်သည်။ ဆိတ်နှင့် သိုးကိုလည်း အနောက်အာရှတွင် လွန်ခဲ့သော နှစ် ၇၀၀၀ ခန့်မှစ၍ အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူတတ်ခဲ့ကြသည်။ အမဲလိုက်ရာတွင် အကူအညီရမည့် ခွေးမှလွဲ၍ နွား၊ ဆိတ်နှင့် သိုးတို့ကို အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူခဲ့ကြခြင်းဖြစ်သည်။

ကြေးခေတ်ကာလသည် စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်သည့်ကာလ ဖြစ်သော်လည်း မည်သည့် ကောက်ပဲသီးနှံများ စိုက်ပျိုးခဲ့သည်ကို ခန့်မှန်းရန် အထောက်အထား တစ်စုံတစ်ရာ မတွေ့ရှိခဲ့ရသေးပေ။ စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုပါ လုပ်ကိုင်ကြမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကုန်သွယ်မှုများလည်း ပေါ်ပေါက်လာမည်ဖြစ်သည်။ ထိုအခြေအနေမျိုးတွင် အဆင့်မြင့်သည့် ယဉ်ကျေးမှုတစ်ရပ်သို့ ဆက်သွယ်မှုများ ပိုမိုများပြားလာမည်ဖြစ်၍ ယဉ်ကျေးမှုအခြေအနေတစ်ရပ်မှ နောက်တစ်မျိုးသို့ကူးပြောင်းရန် အချိန်ကာလသည် ယခင်ကလောက် ရှည်ကြာလိမ့်မည်မဟုတ်ဟု ယူဆခဲ့ကြသည်။

ယဉ်ကျေးမှုခေတ်ကာလတစ်ခုမှ တစ်ခုသို့ ကူးပြောင်းရာတွင် တွေ့ရလေ့ရှိသော ယခင်ခေတ် အသုံးအဆောင်များကို နှောင်းခေတ်ယဉ်ကျေးမှုအစပိုင်းတွင် ဆက်လက်သုံးစွဲလေ့ရှိကြောင်း အထောက်အထားအဖြစ် ရွာကုန်းကြီးဒေသ ၂၀၀၉ ခုနှစ် တူးဖော်မှုတွင် ကျောက်လက်နက်နှင့် ကြေးထည်ပစ္စည်းတို့ကို ရောနှောတွေ့ရှိခြင်း၊ ကန်သစ်ကုန်း ၂၀၀၈ တူးဖော်မှုတွင် ကြေးလက်နက်နှင့် သံလက်နက်တို့ကို ရောနှော တွေ့ရှိခြင်းတို့က သက်သေပြုလျက်ရှိပေသည်။

### မြို့ပြအဖွဲ့အစည်းများတည်ထောင်ခြင်း

သမိုင်းမတင်မီကာလမှ မြန်မာရှေးဦးလူသားများသည် ကျေးရွာအဖွဲ့အစည်းငယ်များဖြင့် တကွဲတပြားနေထိုင်ကြရာမှ အကြို မြို့ပြယဉ်ကျေးမှုပုံစံအဆင့်သို့ ကူးပြောင်းရာတွင် စမုံမြစ်ဝှမ်းလွင်ပြင်မှ စတင်ခဲ့ဟန်တူကြောင်း၊ ၎င်းဒေသမှ အုပ်စုသုံးစု ခွဲထွက်ခဲ့၍ အုပ်စုတစ်စုမှာ ဟန်လင်းဒေသသို့လည်းကောင်း၊ အုပ်စုတစ်စုမှာ ဗိဿနိုးဒေသသို့လည်းကောင်း၊ ကျန်တစ်စုမှာ သရေခေတ္တရာသို့လည်းကောင်း အသီးသီး ရောက်ရှိသွားကြပြီး မြို့ပြအဖွဲ့အစည်းများတည်ထောင်ရန် အားထုတ်ကြိုးပမ်းခဲ့ကြသည်ဟု သုံးသပ်ယူဆကြောင်း သိရှိရသည်။

ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုမှ တွေ့ရှိချက်များအရ ကြေးခေတ်သင်္ချိုင်းနေရာ(Burial Mound)များသည် မြေပြင်အထက် အနည်းငယ် မြင့်တက်လျက်ရှိသော ကုန်းမြင့် ဆင်ခြေလျှောများတွင် အများဆုံး တည်ရှိနေလေ့ရှိပြီး ထိုကုန်းမြင့် မြေပြင်ပေါ်၌ သဘာဝရာသီဥတု တိုက်စားမှုကြောင့်လည်းကောင်း၊ လူတို့၏ပယောဂများကြောင့်လည်းကောင်း အိုးခြမ်းကွဲများ၊ အရိုးအစအနများနှင့် ပုတီးစေ့ငယ်များကို အနည်းနှင့်အများ တွေ့ရှိရလေ့ရှိသည်။

### ကြေးခေတ်ဆိုင်ရာ လက္ခဏာများ

ကြေးခေတ်ဆိုင်ရာ လက္ခဏာများအနေဖြင့် လေ့လာရလျှင် ကြေးခေတ်လူသားတို့သေဆုံးလျှင် သတ်မှတ်ထားသော သင်္ချိုင်းနေရာ၌ စနစ်တကျမြှုပ်နှံသည်။ သင်္ချိုင်းနေရာမှာ များသောအားဖြင့် မို့မောက်သော ကုန်းမြင့်နေရာဖြစ်သည်။ ကျေးရွာတည်ထောင်ကာ အခြေချနေထိုင်သည်ဟု ယူဆရသည်။ ၎င်းနေရာများကို စနစ်တကျ ရှာဖွေမှု မပြုနိုင်သေးပေ။ သင်္ချိုင်းနေရာ(ဝါ) ၎င်းတို့နေထိုင်ခဲ့သောနေရာ အနီးဝန်းကျင်၌ ချောင်းငယ်၊ မြောင်းငယ်များရှိသည်။ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ လက်မှုအတတ်ပညာများဖြစ်သည့် အိုးလုပ်ခြင်းနှင့် အဆင်တန်ဆာပုတီးပြုလုပ်ခြင်း၊ လက်နက်ကိရိယာပြုလုပ်ခြင်း အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်သည်။

ကြေးခေတ်လူရုပ်ကြွင်း အရိုးစုနှင့်အတူ အစားအသောက်များထည့်သွင်းသည့်ဓလေ့ ရှိခြင်းကြောင့် တမလွန်ယုံကြည်မှု ရှိနိုင်သည်။ ကြေးလက်နက်များကို ကျောက်ပုံစံခွက်များဖြင့် ပြုလုပ်ခဲ့ကြသည်။ အုပ်ချုပ်သူအကြီးအကဲ ရှိခဲ့ကြပေလိမ့်မည်။ ထို့ပြင် ကြေးခေတ်ကာလ ရွာအချင်းချင်း ကူးလူးဆက်ဆံမှု ရှိနိုင်ကြောင်း ခန့်မှန်းမိပေသည်။ ကြေးခေတ်ကာလ သေဆုံးသူများနှင့်အတူ ကြေးလက်နက်၊ ကြေးနန်းစည်းထုပ်များ၊ ကြေးလက်ကောက်များ၊ ကျောက်ကွင်းလက်ကောက်များ၊ ကျောက်ပုတီးမျိုးစုံ၊ မြေပုတီး၊ အရိုးပုတီးများ၊ မြေအိုးမြေခွက်များနှင့်အတူ အစားအစာ၊ အသုံးအဆောင်များ ရောနှောမြှုပ်နှံသောဓလေ့ ရှိကြပေသည်။ ကြေးခေတ် သင်္ချိုင်းနေရာများအပြင် ကြေးလက်နက်ထုတ်လုပ်သောနေရာများကိုလည်း တွေ့ရှိနိုင်ပေသည်။

ကြေးခေတ်ဒေသများကို တူးဖော် လေ့လာကြည့်ခြင်းအားဖြင့် ထိုခေတ်လူသားတို့၏ နေ့စဉ်ဘဝ နေထိုင်မှုပုံစံ၊ ကိုးကွယ်ယုံကြည်မှု၊ လူမှုစီးပွားရေးပုံစံနှင့် အခြေချနေထိုင်မှုပုံစံ စသည်တို့ကို လေ့လာသိရှိနိုင်သည်။

### မြန်မာနိုင်ငံ၏ ကြေးခေတ်ယဉ်ကျေးမှု

ထိုသို့သောအချက်အလက်များနှင့် ပြီးပြည့်စုံစွာတည်ရှိသော၊ ကြေးခေတ်ယဉ်ကျေးမှုလက္ခဏာ များစွာရှိခဲ့သော မြန်မာ့ကြေးခေတ်ယဉ်ကျေးမှုကာလ မရှိဟု ယခင်က ဆုံးဖြတ်ပြောဆိုမှုများသည် ယခုအခါတွင်တော့ တကတ်တက်စင်အောင် လွဲမှားခဲ့ရပြီဖြစ်ပေသည်။ မြန်မာ-ပြင်သစ် ပူးပေါင်း၍ ကြေးခေတ်တူးဖော်ရေးလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက နိုင်ငံခြားသား ပညာရှင်များနှင့် တွဲဖက်လျက် ကွင်းဆင်းလေ့လာ ရှာဖွေတူးဖော်ခဲ့ကြသည့် ရလဒ်များကြောင့် မြန်မာနိုင်ငံ၏ ကြေးခေတ်ယဉ်ကျေးမှုသည် ကမ္ဘာ့အလယ်တွင် ဂုဏ်တင့်စေခဲ့သည်။ နောင်လာမည့် နှစ်အဆက်ဆက်တို့တွင်လည်း မြန်မာနိုင်ငံ၏ ကြေးခေတ်ယဉ်ကျေးမှုဓလေ့ ထွန်းကားခဲ့ရာ နေရာနယ်ပယ် အသီးသီးတွင်လည်း ကြေးခေတ်ကာလလူသားတို့၏ အခြေချနေထိုင်မှုဓလေ့ကို ဆက်လက် ဖော်ထုတ်လေ့လာနိုင်ကြလိမ့်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

> “သမိုင်းမတင်မီကာလမှ မြန်မာရှေးဦးလူသားများသည် ကျေးရွာအဖွဲ့အစည်းငယ်များဖြင့် တကွဲတပြားနေထိုင်ကြရာမှ အကြိုမြို့ပြယဉ်ကျေးမှုပုံစံအဆင့်သို့ ကူးပြောင်းရာတွင် စမုံမြစ်ဝှမ်းလွင်ပြင်မှ စတင်ခဲ့ဟန်တူကြောင်း၊ ၎င်းဒေသမှ အုပ်စုသုံးစုခွဲထွက်ခဲ့၍ အုပ်စုတစ်စုမှာ ဟန်လင်းဒေသသို့လည်းကောင်း၊ အုပ်စုတစ်စုမှာ ဗိဿနိုးဒေသသို့လည်းကောင်း၊ ကျန်တစ်စုမှာ သရေခေတ္တရာသို့လည်းကောင်း အသီးသီး ရောက်ရှိသွားကြပြီး မြို့ပြအဖွဲ့အစည်းများတည်ထောင်ရန် အားထုတ်ကြိုးပမ်းခဲ့ကြသည်ဟု သုံးသပ်ယူဆကြောင်း သိရှိရသည်”

---

## ချောင်းဆုံမြို့နယ်၌ ရှေးဟောင်းဟုယူဆရသည့်မြေအိုးများ ထပ်မံတူးဖော်ရရှိ

**ချောင်းဆုံ ဖေဖော်ဝါရီ ၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာမှ ဦးချစ်၏ ခြံဝင်းထဲတွင် အိမ်ဆောက်ရန်အတွက် မြေတူးနေစဉ် ရှေးဟောင်းမြေအိုးဟု ယူဆရသည့် မြေအိုးလေးလုံး(အကောင်းတစ်လုံးနှင့် အကွဲ သုံးလုံး)ကို ယခု ဇန်နဝါရီလအတွင်း တူးဖော်တွေ့ရှိခဲ့၍ သိမ်းဆည်းစုဆောင်းထားကြောင်း ဒရယ်ကျေးရွာမှ ရှေးဟောင်းပစ္စည်းများစုဆောင်းသည့်ဝါသနာရှင် ဦးသန်းထိုက်ထံမှ သိရသည်။

“ရွာမှာ မြေအိုးတွေ တွေ့တာကတော့ မဆန်းတော့ပါဘူး၊ ရှေးဟောင်းမြေအိုးတွေဖြစ်နိုင်တာပေါ့၊ ခုခေတ်သုံးနေတဲ့ မြေအိုးတွေနဲ့ မတူတာတော့ သေချာပါတယ်၊ နောက်ပြီး အခြား အသုံးအဆောင်ပစ္စည်းတွေလည်း အများကြီးတွေ့ရတယ်”ဟု ၎င်းက ပြောသည်။

ဒရယ်ကျေးရွာနေ ပြည်သူတစ်ဦးကလည်း “ဒရယ်ကျေးရွာဟာ ယခင်နှစ်ပေါင်းများစွာက မုတ္တမမြို့ဟောင်း တည်ခဲ့တဲ့နေရာ ဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ ရွာရဲ့နေရာအနှံ့မှာပဲ မြေအိုးကွဲအပိုင်းအစတွေ၊ အုတ်တွေ၊ မြေဆေးတံတွေကို ဒီလို မြေတူးဖော်ရာကနေ မကြာခဏ တွေ့နေရတယ်၊ တစ်ခါတစ်ရံ မြေအိုးအကောင်းတွေပါ တွေ့ရတယ်၊ ခုတွေ့ရှိတဲ့ မြေအိုးတွေက သက်တမ်းဘယ်လောက်ရှိလဲဆိုတာတော့ ပြောလို့မရသေးဘူး” ဟု ပြောသည်။

ရှေးဟောင်းပစ္စည်းစုဆောင်းသည့်ဝါသနာရှင် ဦးသန်းထိုက်အနေဖြင့် ရှေးဟောင်းပစ္စည်းများကို လွန်ခဲ့သည့်နှစ်မှ စတင်စုဆောင်းဖြစ်ခဲ့ပြီး ယခုအခါ မြေအိုးများအပြင် ကြွေပန်းကန်များ၊ မြေဆေးတံများ၊ မြေအိုးပဲ့ အပိုင်းအစများ၊ အုတ်များ၊ မြေအိုးပြုလုပ်ရာတွင်အသုံးပြုသည့်ပစ္စည်းများဟု ယူဆရသော လုပ်ငန်းသုံးပစ္စည်းများ စသည်ဖြင့် ရှေးဟောင်းပစ္စည်းများဟု ယူဆရသည့် ပစ္စည်းအမျိုးအစား ၁၀၀ ကျော်ကို စုဆောင်းထားပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



ဒရယ်ကျေးရွာမှ တူးဖော်တွေ့ရှိသည့် ရှေးဟောင်းပစ္စည်းဟုယူဆရသော မြေအိုးများကို တွေ့ရစဉ်။

# မြန်မာနိုင်ငံဗိသုကာကောင်စီ အကြီးတန်းဗိသုကာလိုင်စင်နှင့် ဗိသုကာလိုင်စင်ရရှိသူများအား စတုတ္ထအကြိမ်မြောက် အသိအမှတ်ပြုလက်မှတ်ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂

**မြန်မာနိုင်ငံဗိသုကာကောင်စီ အကြီးတန်းဗိသုကာလိုင်စင်နှင့် ဗိသုကာလိုင်စင်ရရှိသူများအား စတုတ္ထအကြိမ်မြောက် အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကုန်စက်မှုတက္ကသိုလ်(စက်မှုခန်းမ)၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။**






**ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မြန်မာနိုင်ငံဗိသုကာကောင်စီ အကြီးတန်းဗိသုကာလိုင်စင်နှင့် ဗိသုကာလိုင်စင်ရရှိသူများအား စတုတ္ထအကြိမ်မြောက် အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ၌ အမှာစကားပြောကြားစဉ်။**

**အထူးအလေးထားဆောင်ရွက်ပေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က နိုင်ငံတော်စီးပွားရေးမူဝါဒ၊ လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရာတွင် ဗိသုကာများ၊ အင်ဂျင်နီယာများ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် စည်းမျဉ်း၊ စည်းကမ်းကြပ်မတ်ထိန်းသိမ်းသည့် Regulatory Body အဖြစ် ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အင်ဂျင်နီယာ၊ ဗိသုကာဆိုင်ရာအတတ်ပညာများ၊ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းများနှင့် စနစ်တကျ ပြဋ္ဌာန်းဆောင်ရွက်သွားနိုင်အောင် အထူးအလေးထား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနမှ ဗိသုကာကောင်စီဥပဒေနှင့် နည်းဥပဒေတို့အပြင် ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများကို မြန်မာတစ်ပြည်လုံး သက်ရောက်နိုင်အောင် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဗိသုကာအတတ်ပညာဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမြဲတမ်းကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ဗိသုကာ၊ အင်ဂျင်နီယာနှင့် ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်အောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထဝီအနေအထား အားသာချက်နှင့် လူမှုစီးပွားဖွံ့ဖြိုးမှု အခွင့်အလမ်းအလားအလာများ၊ ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ပေးမှုများကြောင့် မြန်မာနိုင်ငံတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမှုနှင့်အတူ အတတ်ပညာ၊ နည်းပညာ၊ လုပ်ငန်းပိုင်းဆိုင်ရာ အခွင့်အလမ်းအသစ်များ ပေါ်ထွက်လာပြီး နိုင်ငံတော်တွင် အခြေခံအဆောက်အဦနှင့် အဆောက်အဦများ တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။

**အထူးတိုက်တွန်းလို**

ယခုအခါ ပြောင်းလဲတိုးတက်မှု တစ်ရပ်အနေနှင့် MEngC, MAC ကောင်စီများက အသိအမှတ်ပြု အင်ဂျင်နီယာ၊ ဗိသုကာများအနေနှင့် နိုင်ငံတစ်ဝန်းလုံးရှိ စည်ပင်သာယာရေးကော်မတီများမှာ သီးခြားလိုင်စင်လျှောက်ထားရန်မလိုဘဲ အဆောက်အဦတည်ဆောက်ခွင့်ပြုချက်ရယူရန် ပုံစံရေးဆွဲတင်သွင်းခွင့် ဆောက်လုပ်ခွင့်များရရှိလာမည် ဖြစ်သည့်အတွက် မိမိတို့၏အခန်းကဏ္ဍ ပိုမိုအရေးပါလာသကဲ့သို့ တာဝန်ယူမှု ၊ တာဝန်ခံမှုများကိုလည်း ကောင်စီများက ချမှတ်သည့် Guideline များနှင့်အညီ ကိုယ်စီတာဝန်ခံ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဗိသုကာများ၊ အင်ဂျင်နီယာများအနေနှင့် ပညာရပ်ပိုင်း လုပ်ငန်းကျွမ်းကျင်မှုအပိုင်းတွင် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိအောင်၊ အထူးသဖြင့် အာဆီယံ စီးပွားရေးအသိုက်အဝန်းတွင် ဝင်ဆံ့ပြီး စွမ်းဆောင်နိုင်သူများဖြစ်အောင် အထူးကြိုးပမ်းအားထုတ်ကြရန် အထူးတိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗိသုကာကောင်စီဥက္ကဋ္ဌ ဦးသော်က ဗိသုကာကောင်စီ၏ လုပ်ငန်းစဉ်များ ၊ ဥပဒေ၊ စည်းမျဉ်း ၊ စည်းကမ်းများ ၊ ဗိသုကာလိုင်စင် ရရှိသူများ၏ လိုက်နာရမည့် ကျင့်ဝတ်များ၊ ကျင့်ထုံးဆိုင်ရာများ၊ ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဒေါ်လှိုင်မော်ဦးက သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများနှင့် လိုင်စင်ရဗိသုကာများ၏ အခန်းကဏ္ဍများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဗိသုကာအသင်းဥက္ကဋ္ဌ ဦးမော်လင်းက တိုးတက်ဖြစ်ပေါ်လာမည့် လိုင်စင်ရဗိသုကာများ၏ တာဝန်နှင့်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

**ကတိသစ္စာခံယူ**

ဆက်လက်၍ အကြီးတန်းလိုင်စင်ရဗိသုကာများနှင့် လိုင်စင်ရဗိသုကာများက မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာခံယူကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အကြီးတန်း ဗိသုကာလိုင်စင်ရရှိသူများနှင့် ဗိသုကာလိုင်စင် ရရှိသူများအား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဗိသုကာကောင်စီက ကြီးကြပ်စစ်ဆေးခဲ့သော ဗိသုကာလိုင်စင်စာမေးပွဲများကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သော အကြီးတန်း ဗိသုကာလိုင်စင်ရရှိသူ ၄၆ ဦး၊ ဗိသုကာလိုင်စင်ရရှိသူ ၈၈ ဦး၊ စုစုပေါင်း ၁၃၄ ဦးအား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း အင်းစိန်မြို့နယ်ရှိ ပုံနှိပ်စက်ရုံများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းက စီစဉ်ကျင်းပသည့် ရုပ်သံသတင်းတင်ဆက်သူများ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် Junction Square ရှိ MMDC သင်တန်းခန်းမ၌ ကျင်းပရာ ရုပ်မြင်သံကြားနှင့်အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့(Broadcasting Governing Body-BGB)ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း တက်ရောက်အမှာစကား ပြောကြားသည်။






**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဂျီတီစီပုံနှိပ်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။**

**မီဒီယာကဏ္ဍ အရေးကြီး**

ဒုတိယဝန်ကြီးက ယနေ့သင်တန်းသည် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းက ပထမဆုံးကျင်းပသည့် ရုပ်သံသတင်းတင်ဆက်သူများအတွက် သတင်းတင်ဆက်ခြင်းဆိုင်ရာ သင်တန်းဖြစ်သဖြင့် မြန်မာမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အခမ်းအနားဖြစ်ပါကြောင်း၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ မီဒီယာအဖွဲ့အစည်းများ ပူးပေါင်းကျင်းပခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် လွတ်လပ်ပြီး အမှီအခိုကင်း၍ မိမိကိုယ်ကို ထိန်းကျောင်းနိုင်သည့် မီဒီယာပေါ်ထွန်းလာရေးသည် အလွန်အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလဖြစ်သည့်အတွက် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရသကဲ့သို့ တစ်ဖက်ကလည်း ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းများစွာ ရှိပါကြောင်း၊ ယင်းကို နိုင်ငံတကာ အသိုင်းအဝိုင်းသို့ ရှင်းလင်းတင်ပြသည့်အခါ မြန်မာမီဒီယာများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ယနေ့သင်တန်းသည် ထိုစိန်ခေါ်မှုများကို ကျော်လွှားသည့်နေရာတွင် တစ်ခန်းတစ်ကဏ္ဍမှ အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ပူးပေါင်းဖြေရှင်းနိုင်ရေးဆွေးနွေး**

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (BGB) လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉)သို့ တက်ရောက်ပြီး BGB အဖွဲ့ဝင်များဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်မြင်သံကြားနှင့် FM များမှ တာဝန်ရှိသူများနှင့် ရုပ်/သံမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်/သံမီဒီယာလောကတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုအခက်အခဲများကို ပူးပေါင်း ဖြေရှင်းသွားနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဂျီတီစီပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်လုပ်နေမှုနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**ပုံနှိပ်စက်ရုံများစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးက တာဝန်ရှိသူများအား ကျောင်းသုံးစာအုပ်များ အရည်အသွေးပြည့်မီပြီး လျာထားချက်နှင့်အညီ အချိန်မီ ပုံနှိပ်ပြီးစီးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံမှု သတိရှိရေး၊ သက်ဆိုင်ရာနေရာများသို့ စနစ်တကျ သယ်ယူပို့ဆောင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး ဂျီတီစီ၊ စာပေဗိမာန်နှင့် အောင်ဆန်းပုံနှိပ်စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# လေးမျက်နှာ-ခတ္တူ-ပန်းတော်ကြီး လမ်းပေါ်တွင် ငဝန်တံတား(လေးမျက်နှာ) ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ငဝန်တံတား(လေးမျက်နှာ)ကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာ - ခတ္တူ - ပန်းတော်ကြီး လမ်းပေါ်ရှိ ငဝန်မြစ်ပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄) တံတားအထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက်ခဲ့ပြီး ဖေဖော်ဝါရီ ၃ ရက် **(ယနေ့)**တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါတံတားမှာ အရှည် ၁၉၆၈ ဒသမ ၆ ပေ၊ အကျယ် ၂၄ ပေ၊ တံတားဘေး တစ်ဖက်တစ်ချက် လူသွားလမ်း နှစ်ပေပါရှိပြီး တံတားအမျိုးအစားမှာ အောက်ခံအုတ်မြစ် (၁.၂) (1.2)m Bored Pile-၊ တံတားကိုယ်ထည် R.C Concrete-၊ ရေလမ်းကင်းလွတ်အမြင့်ပေ ၂၀ ၊ ရေလမ်းကင်းလွတ်အမြင့်ကျယ် ၁၇၃ ပေ၊ တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်း ၇၅ တန် ဖြစ်သည်။

အဆိုပါတံတားကို တံတားအထူးအဖွဲ့(၁၆) မှ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၈ ရက်က စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ တံတားအချောသပ် ပြီးခဲ့၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်က ပြည်သူများ လွယ်ကူစွာသွားလာနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက လူနှင့် ယာဉ်ငယ်များ ယာယီဖြတ်သန်း အသုံးပြုခွင့်ပြုထားခဲ့သည်။

အဆိုပါတံတား တည်ဆောက်ခြင်းဖြင့် ခတ္တူ- ပန်းတော်ကြီး လမ်းတစ်လျှောက်နှင့် လေးမျက်နှာမြို့ အနောက်ဘက်ခြမ်းဒေသရှိ ကျေးရွာအုပ်စု ၂၂ အုပ်စု ကျေးရွာပေါင်း ၁၄၁ ရွာ ပြည်သူပေါင်း ၆၂၃၂၈ ဦးကို ပညာရေး၊ ကျန်းမာရေးနှင့် ဒေသထွက်ကုန်များဖြစ်သော ဆန်၊ စပါး၊ ကောက်ပဲသီးနှံများနှင့် ချောင်းကျောက်၊ ချောင်းသဲ၊ ချောင်း ကျောက်စလစ်နှင့် အုတ်စသည့် တည်ဆောက်ရေးပစ္စည်းများ မြို့နယ်အသီးသီးသို့ တံတားကြီးကို အသုံးပြုဖြတ်သန်း၍ သွားရောက်ရောင်းဝယ်နိုင်ကြတော့မည်ဖြစ်သလို လေးမျက်နှာမြို့ အရှေ့ဘက်ခြမ်းရှိ ရပ်ကွက်ကြီး ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၁ အုပ်စု၊ ကျေးရွာပေါင်း ၁၄၃ ရွာမှ ပြည်သူ ၄၇၄၁၉ ဦးတို့မှာလည်း ငဝန်မြစ်အနောက်ဘက်ခြမ်းရှိ မိမိတို့၏ဆွေမျိုးမိတ်သင်္ဂဟများထံ ရာသီမရွေးသွားလာနိုင်တော့မည်ဖြစ်သည်။




**သန်းဦး(လေးမျက်နှာ)**

# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ (၁၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်ရာ ရေယာဉ်တည်ဆောက်မှု အင်ဂျင်နီယာပညာဘာသာရပ်(NA)မှ ကျောင်းသား မောင်ကောင်းပြည့်ဝန်းကို တော်ဝင်ရေယာဉ် ဗိသုကာအသင်း(အင်္ဂလန်)(RINA Myanmar Shipyard Award) ၏ ရွှေတံဆိပ်ဆုနှင့် ငွေကျပ်နှစ်သိန်းအား လည်းကောင်း၊ ဆိပ်ကမ်းအင်ဂျင်နီယာပညာဘာသာရပ်(PH)မှ ကျောင်းသူ မမြမျိုးမြင့်နွယ်ကို Hutchison Port Holding(Hong Kong)၏ Best Port and Habour Engineer Student Prize (HPH) ရွှေတံဆိပ်ဆုနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀ အားလည်းကောင်း၊ ရေကြောင်း လျှပ်စစ်နှင့် အီလက်ထရွန်နစ်ဘာသာရပ်မှ ကျောင်းသူ မသူသူထွန်းကို Maersk Line Shipping Co.,Ltd ၏ Best Marine Electrical System & Electronics Engineering Student Prize ဆုငွေကျပ် တစ်သိန်းအား လည်းကောင်း ချီးမြှင့်ပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ထူးချွန်ဆုရ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်ပေးအပ်စဉ်။

**ဆုများပေးအပ်ချီးမြှင့်**

အလားတူ တာဝန်ရှိသူများက ဂျပန်နိုင်ငံ YANMAR Co.,Ltd ၏ Best Marine Engineer Student Prize (ရွှေနာရီဆု)ကို ရေကြောင်းအင်ဂျင်နီယာပညာ ဘာသာရပ်(ME)မှ ကျောင်းသား မောင်ဆက်ပိုင်မှူးအား လည်းကောင်း၊ ဂျပန်နိုင်ငံ Furuno Electric Co.,Ltd ၏ Best Nautical Science Student Prize (ဂုဏ်ပြုဆု)ကို ရေကြောင်းသိပ္ပံဘာသာရပ်မှ ကျောင်းသား မောင်စိုင်းညီညီလွင်နှင့် မောင်တူးရှန်အား လည်းကောင်း၊ Starhigh-Asia Pacific Pte.,Ltd ၏ Best River & Costal Engineer Student Prize ဆုအဖြစ် ငွေကျပ်ငါးသိန်းအား မြစ်ချောင်းနှင့် ကမ်းရိုးတန်း အင်ဂျင်နီယာဘာသာရပ်မှ ကျောင်းသူ မအိဖူးသွယ်နှင့် Brilliant Marine Training Centre ၏ Best Marine Mechanical Engineer Student Prize ဆုအဖြစ် ငွေကျပ်သုံးသိန်းအား ရေကြောင်းစက်မှုအင်ဂျင်နီယာ ဘာသာရပ်မှ ကျောင်းသူမစုသဲဖြူအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ရေယာဉ်တည်ဆောက်မှု ပညာဘွဲ့ ၄၅ ဦး၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ ၆၄ ဦး၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ ၂၅ ဦး၊ မြစ်ချောင်းနှင့်ကမ်းရိုးတန်းအင်ဂျင်နီယာဘွဲ့ ငါးဦး၊ ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရွန်နစ်ပညာဘွဲ့ ၂၉ ဦး၊ ရေကြောင်းစက်မှုအင်ဂျင်နီယာဘွဲ့ ၂၄ ဦး၊ ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့ ၅၈ ဦး၊ ရေကြောင်းသိပ္ပံဘွဲ့ ခြောက်ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၁၀၂ ဦး၊ မဟာအင်ဂျင်နီယာဘွဲ့ နှစ်ဦးနှင့် ထောက်ပံ့သယ်ယူပို့ဆောင်ရေး ဒီပလိုမာဘွဲ့ ၁၀၁ ဦး စုစုပေါင်း ၄၆၁ ဦးတို့ကို သက်ဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် မဟာအင်ဂျင်နီယာဘွဲ့များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကို ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ကာ ရေကြောင်းဘက်ဆိုင်ရာဘွဲ့နှင့် ဒီပလိုမာဘွဲ့ရ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၇၉၀ မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပညာရေးနှင့် စီးပွားရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ပညာရေးနှင့် စီးပွားရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆရာကြီး ဒေါက်တာအောင်ထွန်းသက်က ပညာရေးကဏ္ဍနှင့် လုပ်ငန်းခွင်ကဏ္ဍ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး Schools Industry Partnership ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြသည်။

**အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း**

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေများနှင့်အညီ အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း (NESP 2016-2021) ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ မျှော်မှန်းရလဒ်အနေဖြင့် ကျောင်းသား ကျောင်းသူများကို ပြုစုပျိုးထောင်ရာတွင် ကျောင်းသားကျောင်းသူများအားလုံး လူသားကောင်းများ ဖြစ်စေရေး၊ တာဝန်ယူ တာဝန်ခံတတ်ပြီး တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်စေရေး၊ ဆန်းသစ်တီထွင်နိုင်ရေး စသည့်အချက်များနှင့် ပြည့်စုံသည့် ကျောင်းသား ကျောင်းသူများဖြစ်ရန် ပြုစုပျိုးထောင်လျက်ရှိပါကြောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းတွင် ဖော်ပြပါရှိသည့်အတိုင်း မူဝါဒနှင့်အညီ မည်သည့်ခွဲခြားမှုမျှ မရှိရေး၊ မည်သူတစ်ဦး တစ်ယောက်ကိုမျှ ချန်မထားရေး၊ ကျောင်းထွက်သူ ပပျောက်ရေးတို့အတွက် ကျောင်းအဆင့် တိုးပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မူလတန်း ပညာသင်ယူ ပြီးမြောက်သူတိုင်း အလယ်တန်း၊ အထက်တန်းနှင့် မိမိဝါသနာပါရာ အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ တက္ကသိုလ်ပညာရပ်များ ဆက်လက်သင်ယူ တတ်မြောက်နိုင်ရေး၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနှင့် ကမ္ဘာကြီး၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးဆောင်ရွက်နိုင်စွမ်းရှိသည့် အခွင့်အလမ်းအတွက် တစ်သက်တာ သင်ယူရေးနှင့် အခြေခံသုတေသနလုပ်ငန်းများတွင် ပါဝင်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

**သုတေသနစာတမ်းများ အားပေးဆောင်ရွက်ရမည်**

နည်းပညာနှင့် သက်မွေးပညာကဏ္ဍများတွင်လည်း ဒေသလိုအပ်ချက်များ၊ စက်ရုံအလုပ်ရုံများနှင့် လိုက်လျောညီထွေဖြစ်သည့် ကာလတို ကာလရှည် သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပြီး ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပြီး သုတေသနရလဒ်များမှ ဆွေးနွေးအကြံပြုချက်များအပေါ် မူတည်ပြီး ပြည်တွင်း ပြည်ပ သုတေသနဂျာနယ်များတွင် သုတေသနစာတမ်းများကို ပိုမိုတိုးမြှင့်ရရှိရန် အားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ လက်တွေ့ဘဝနှင့် နီးစပ်သော သင်ကြားသင်ယူလေ့ကျင့်မှုများကို စာသင်ခန်းများတွင် ဆောင်ရွက်နိုင်မှသာ ဘွဲ့ရ ကျောင်းသား ကျောင်းသူများကို လက်တွေ့လုပ်ငန်းခွင်နှင့် နီးစပ်သည့် အရည်အချင်းရှိသော ဘွဲ့ရလူငယ်များအဖြစ် ပြုစုပျိုးထောင်နိုင်မည် ဖြစ်ပါကြောင်း၊ အသုံးချသုတေသနရလဒ်များအရ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက်အကျိုးပြုနိုင်ရေး လွန်စွာအရေးကြီးပါကြောင်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး စီးပွားရေးလုပ်ငန်းရှင်များက ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြသဖြင့် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

**အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး**

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက မိမိတို့၏ အတွေ့အကြုံများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်ကဏ္ဍများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**



# လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန် အမျိုးသားအစီအစဉ်တစ်ရပ်အနေဖြင့် ဖွဲ့စည်းခဲ့သည့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌအား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဓါတ်ပုံ)

အလားတူ ကော်မရှင်အဖွဲ့ဝင်ဖြစ်သူ လူသားချင်းစာနာထောက်ထားမှု ကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးဟောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ဟောင်း သံအမတ်ကြီး ကင်ဇိုအိုရှီးမားသည် ဇန်နဝါရီ ၃၁ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။ **သတင်းစဉ်**

# အင်းလေးကန်၌ ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၂**

ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ညောင်ရွှေမြို့နယ် ဟူပင်ခေါင်တိုင်ဟိုတယ် အင်းလေးကန်၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ် အခမ်းအနားကို မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်က စတင်ပြီး နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ ယခု ၂၀၁၉ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့၏ ဆောင်ပုဒ်မှာ "Wetlands and Climate Change" "ရာသီဥတုပြောင်းလဲမှုလျော့နည်းရေး ရေဝပ်ဒေသများမှ ကူညီပေး" ဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့် ဆက်စပ်နေသော စားနပ်ရိက္ခာ ထုတ်လုပ်ခြင်း၊ အေးမြခြင်း၊ သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံနိုင်ခြင်း စသည့် ရေဝပ်ဒေသမှရသော ဂေဟစနစ် ဝန်ဆောင်မှုကို ယခုနှစ်ဆောင်ပုဒ်က ထင်ဟပ်စေပါကြောင်း။

မြန်မာနိုင်ငံတွင် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုင်ငံအဆင့်အခမ်းအနားအဖြစ် ရန်ကုန်၊ နေပြည်တော်နှင့် မိုးယွန်းကြီးအင်းတို့တွင် တစ်လှည့်စီ ကျင်းပခဲ့ပြီး ယခု ၂၀၁၉ ခုနှစ်တွင် အင်းလေးကန်၌ ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ယခုတစ်ချိန်တည်းတွင် မြန်မာနိုင်ငံ၏ ရမ်ဆာ ရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေဖြစ်သည့် မိုးယွန်းကြီးအင်း၊ အင်းတော်ကြီးကန်နှင့် မိန်းမလှကျွန်းတို့တွင်လည်း ကမ္ဘာ့ရေဝပ်ဒေသများနေ့ အခမ်းအနား ပြုလုပ်နေကြောင်း၊ ကမ္ဘာ့ရေဝပ်ဒေသများနေ့အခမ်းအနား ကျင်းပရခြင်းမှာ ရေဝပ်ဒေသရှိ ပြည်သူများအပေါ် အကျိုးပြုမှုများကို သိမြင်နိုးကြားလာစေပြီး ဆက်စပ်ပတ်သက်သူများက ရေဝပ်ဒေသ



**ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် တာဝန်ရှိသူများ ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားပြခန်းများ လှည့်လည်ကြည့်ရှုစဉ်။**

ထိန်းသိမ်းကာကွယ်ခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အကျိုးရှိစွာ အသုံးချခြင်း (Wise Use) စသည်တို့တွင် ပူးပေါင်းပါဝင်လာရန် ရည်ရွယ်ပါကြောင်း၊ ရေဝပ်ဒေသများသည် ဇီဝမျိုးစုံ၊ မျိုးကွဲများအတွက်သာမက ရေသယံဇာတနှင့် အရင်းအမြစ်များရရှိခြင်း၊ ရာသီဥတုပြောင်းလဲမှု လျော့ချခြင်းစသည့် လူ့အဖွဲ့အစည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် အရေးပါသော ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း။

ရေဝပ်ဒေသည် စိုက်ပျိုးမြေများအတွက် ရေသိုလှောင်သိမ်းဆည်းပေးပြီး မြေဆီလွှာကို ကောင်းမွန်စေ၍ စွန့်ပစ်ရေများကို သန့်စင်ပေးပြီး ပြန်လည်လည်ပတ်စေပါကြောင်း၊ ပြင်းထန်သည့်ရာသီဥတုဖြစ်စဉ်များကို သက်သာစေပြီး ရာသီဥတုကို ထိန်းညှိပေးကာ အေးမြစေပါကြောင်း၊ စိုက်ပျိုးရေးကို ထိခိုက်စေသည့် ပိုးမွှားများကို သုတ်သင်ဖယ်ရှားပေးသည့် ငှက်များနှင့် အခြားမျိုးစိတ်များအတွက် ကျက်စားနယ်မြေများကို ပံ့ပိုးပေးပါကြောင်း၊ အမျိုးသားရေဝပ်ဒေသမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းများကို ကာကွယ်ခြင်း၊ အကျိုးရှိစွာအသုံးပြုခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက်များတွင် ရေဝပ်ဒေသတန်ဖိုးများကို ထည့်သွင်းခြင်း၊ ပူးပေါင်းပါဝင်လာခြင်း၊ သိမြင်နိုးကြားမှုအား မြှင့်တင်ခြင်း၊ ဒေသနှင့် နိုင်ငံတကာရေဝပ်ဒေသအစီအစဉ်များတွင် ပါဝင်ခြင်း မူဝါဒ ပဓာနခြောက်ချက်နှင့် ရေးဆွဲ၍ အသိပေးလိုပါကြောင်း။

**စွမ်းဆောင်ရည်မြှင့်တင်**

နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ရေးရာအေဂျင်စီနှင့် ပူးပေါင်းပြီး နိုင်ငံအဆင့်ရေဝပ်ဒေသစာရင်း ပြန်လည်ပြင်ဆင်ခြင်း၊ ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်နိုင်ရေး မဟာဗျူဟာရေးဆွဲခြင်း၊ မိုးယွန်းကြီးရမ်ဆာရေဝပ်ဒေသ အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲခြင်း၊ ဝန်ထမ်းများအတွက် ရေဝပ်ဒေသထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ကိုလည်း ပြုလုပ်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ၂၀၁၉ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယခုလို ရှမ်းပြည်နယ်ရှိ အင်းလေးကန်တွင် လာရောက်ကျင်းပပေးသည့်အတွက် ဒေသခံပြည်သူများကိုယ်စား အလွန်ပင်ကျေးဇူးတင်ရှိပါကြောင်း၊ ရေဝပ်ဒေသဖြစ်သည့် အင်း၊ အိုင်၊ ကန်၊ မြစ်၊ ချောင်း၊ ဆည်နှင့် တမံများ ရေရှည်တည်တံ့ခိုင်မြဲမှသာ ပြည်နယ်အတွက် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ ဗီဒီယိုကို ပြသကာ ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်တို့က ဆုချီးမြှင့်ပေးကြပြီး အင်းလေးကန်ကို ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခံရခြင်း အသိအမှတ်ပြုလက်မှတ်အား သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရာ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်က လက်ခံရယူသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၏ (၄၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဘွဲ့နှင်းသဘင် အခမ်းအနားတွင် သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူဘွဲ့ရရှိသူ ခုနစ်ဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံဘွဲ့(အထူးပြု)ရရှိသူ ၂၈ ဦး၊ အထွေထွေသွားရောဂါကု ဒီပလိုမာဘွဲ့ရရှိသူ ၁၃ ဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရရှိသူ ၁၇၇ ဦး စုစုပေါင်း ၂၂၅ ဦးတို့အား သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာရွှေတိုးက ဘွဲ့များအပ်နှင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)၌ ပထမအကြိမ် စိုက်ပျိုးရေးဒီပလိုမာ အပ်နှင်းပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ ကျောင်းအုပ်ကြီး ဒေါ်ခင်လေးလွင်က ကျောင်းသူတစ်ဦးအား ဒီပလိုမာ အောင်လက်မှတ် ပေးအပ်စဉ်။** (ဒီပလိုမာအပ်နှင်းပွဲတွင် ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင် တက်ရောက်အမှာစကားပြောကြားပြီး ဒီပလိုမာရရှိသူ ၉၂ ဦးအနက် အဝေးရောက်လက်မှတ်ယူသူ ခြောက်ဦးမှအပ ကျန်ကျောင်းသားကျောင်းသူများအား ဒီပလိုမာလက်မှတ်များ ပေးအပ်ကြောင်း သိရသည်။)

**တင်လှိုင်(ပြန်/ဆက်)**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ သီပေါမြို့နှင့် ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့၊ မိုးမိတ်မြို့၊ တီးတိန်မြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၁ ဒသမ ၇၇ လက်မနှင့် ထားဝယ်မြို့တွင် ၀ ဒသမ ၈၇ လက်မတို့ ဖြစ်သည်။

**မိုး/ဇလ**

# ဘိုးရာဇာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်ဖွင့်လှစ်ပေး

လေးမျက်နှာ ဖေဖော်ဝါရီ ၂

**ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ဘိသလွန်ကျေးရွာအုပ်စု ဘိသလွန်ကျေးရွာ "ဘိုးရာဇာစာကြည့်တိုက်" အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်အဝင်မုခ်ဦး၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် စာကြည့်တိုက်အလှူရှင် ဦးစိန်ဝင်း-ဒေါ်ချိုချိုမိသားစု (စုလာဘ်တော် ဆောက်လုပ်ရေးလုပ်ငန်း)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အောက်ပုံ) **စာကြည့်တိုက်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာတို့ဖြင့် ပက်ဖျန်းပေးသည်။**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် ပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးကလည်း အရေးကြီးသည့်အတွက် ယနေ့ စာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ စာကြည့်တိုက် တစ်တိုက် ပေါ်ပေါက်ခြင်းသည်လည်း လူမှုစီးပွားဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ ဤကဏ္ဍကို နိုင်ငံတော်၏ အားနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည့်အလျောက် ယခုကဲ့သို့ ရပ်ရွာအကျိုး နိုင်ငံအကျိုးကို သယ်ပိုးကြသော အလှူရှင်များသည်လည်း နိုင်ငံတော်၏ အင်အားများ ဖြစ်ပါကြောင်း၊ အလှူရှင်များကိုလည်း နိုင်ငံတော်အစိုးရကိုယ်စားနှင့် တိုင်းဒေသကြီးအစိုးရကိုယ်စား ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အသိပညာဖွံ့ဖြိုးရေးကို အထောက်အကူပြုစေသည့် စာကြည့်တိုက်များ ထူထောင်ရေး၊ စာတတ်သူတိုင်းစာဖတ်ရေးအတွက်လည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ခံယူပြီး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။



**ရှင်းလင်းတင်ပြ**

ဆက်လက်၍ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးအောင်နှင့် တိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ ဟင်္သာတခရိုင်တာဝန်ခံ ဦးစန်းငွေတို့က စာကြည့်တိုက် ရေရှည်ရှင်သန် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီး အလှူရှင် ဦးစိန်ဝင်းက စာကြည့်တိုက်စတင် ဆောင်ရွက်ခဲ့ပုံနှင့် စာကြည့်တိုက်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့က စာအုပ်စာစောင်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံရယူကြပြီး စာကြည့်တိုက်ကော်မတီဝင် ဦးမျိုးဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ စာကြည့်တိုက်ကို အလှူရှင်မိသားစုက အလျား ၂၉ ပေ × အနံ ၂၄ ပေ × အမြင့် ၁၁ ပေရှိ (RCC) တစ်ထပ် အဆောက်အအုံအဖြစ် ဆောက်လုပ်လှူဒါန်းခြင်း၊ လျှပ်စစ်မီးအသုံးပြုနိုင်ရန်အတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ၊ ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တို့အား ငွေကျပ်သိန်း ၂၅၀ ကျော် ကုန်ကျခံကာ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**စာပေအလင်းရောင်ပေးနိုင်တော့မည်**

ဘိသလွန်ကျေးရွာ အုပ်စုသည် ကျေးရွာခွဲလေးရွာနှင့် ဖွဲ့စည်းထားပြီး လူဦးရေ ၂၃၀၀ ကျော်အား စာကြည့်တိုက်မှ စာပေအလင်းရောင်ပေးနိုင်တော့မည်ဖြစ်သည့်အတွက် ကျေးလက်နေ ပြည်သူများ အသိပညာဖွံ့ဖြိုးကာ လူမှုစီးပွားဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းဇော်ထွန်း(မြို့နယ်ပြန်/ဆက်)**

# ပတ်ဝန်းကျင်ကောင်းကို ဖန်တီးနိုင်မှုဟာ မိဘများက ပါဝင်ပေးနိုင်တယ်ဆိုရင် လုံလုံခြုံခြုံနဲ့ ဂုဏ်ရှိရှိနဲ့ သူတို့အင်မတန် သင်ယူလိုတဲ့ အသိပညာကို ပြည့်ပြည့်စုံစုံ ရနိုင်မယ်လို့ ဆရာခံယူမိပါတယ်

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာတင်ညို

## အခြေခံကျောင်းများတွင် မိဘဆရာအသင်းများ ဖွဲ့စည်းဆောင်ရွက်ရေး စကားဝိုင်း

**အခြေခံကျောင်းများတွင် မိဘဆရာအသင်းများ ဖွဲ့စည်းဆောင်ရွက်ရေး စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ စကားဝိုင်းဆွေးနွေးပွဲတွင် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာ တင်ညို၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဦးအေးကြိုင်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။**

*ဇန်နဝါရီ ၃၀ ရက်မှ အဆက်*

**အစီအစဉ်မှူး ။ ။ အခုတစ်ခါ ထပ်ပြီးတော့ ကျောင်းရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘဆရာအသင်းနဲ့ တွဲဖက်ပြီး လုပ်ဆောင်ရမယ့် အဖွဲ့အစည်းတွေရှိရင်လည်း ဆရာကြီးက ပြောပြပေးပါဦး။**

**ဒေါက်တာတင်ညို။** ။ အဲဒီလို ဆောင်ရွက်နိုင်ဖို့က ကျောင်းနဲ့ ဝန်းကျင်မှာရှိနေတဲ့ လုပ်ငန်းတွေမှာ ပါဝင်ကြတဲ့ အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်လို့ ရပါတယ်။ အထူးသဖြင့်ကတော့ ကျောင်းတွင်းဆိုခဲ့ရင် ကျောင်းတွင်းမှာ ဖွဲ့စည်းထားတဲ့ ကျောင်းကောင်စီရှိတယ်။ ကျောင်းကောင်စီကနေ ထပ်ပြီးတော့ ဖွဲ့စည်းထားတဲ့ ဝါသနာအသင်းတွေရှိတယ်။ အဲဒီအသင်းတွေအားလုံးသည် သူတို့ရဲ့ လှုပ်ရှားမှုတွေကို သက်ဆိုင်ရာမိဘတွေ၊ အုပ်ထိန်းသူတွေက ပါဝင်ပေးမယ်ဆိုရင် ပိုပြီးတော့ မြိုင်ဆိုင်ပါတယ်။ လုပ်ငန်းတစ်ခုမှာ သူတို့ရဲ့ အင်အား၊ သူတို့ရဲ့ ကျွမ်းကျင်မှုတွေကို ကျောင်းကနေပြီးတော့ ရယူနိုင်မယ်ဆိုရင် ဥပမာအားဖြင့် ကလေးတွေအတွက် ပန်းချီ၊ အနုပညာ အားလုံးပြည့်စုံအောင် မရှိနိုင်သေးဘူးဆိုရင်တော့ အဲဒီလိုပုဂ္ဂိုလ်မျိုးတွေရဲ့ အင်အားဟာ အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ဒီဝါသနာပါအသင်းတွေကို ပိုပြီးတော့ ထက်ထက်မြက်မြက်ဖြစ်အောင် ဖွဲ့စည်းပေးနိုင်မယ်ဆိုရင် သူတို့ရဲ့ဝင်ရောက်ပါဝင်နိုင်မှုနဲ့ မိဘများရဲ့စိတ်ဝင်စားမှု ပိုပြီးတော့ ကောင်းနိုင်ပါတယ်။ အလားတူပဲ ကျောင်းပတ်ဝန်းကျင်မှာရှိနေတဲ့ ကျောင်းကို အကျိုးပြုနိုင်မယ့် အများကို အကျိုးပြုနိုင်တဲ့ အသင်းအဖွဲ့တွေဆိုရင်လည်း ပူးပေါင်းဆောင်ရွက်လို့ ရပါတယ်။ ဒါဟာ ကျောင်းရဲ့ လှုပ်ရှားမှုကို ပိုပြီးတော့ မြိုင်ဆိုင်မယ်လို့ ယူဆပါတယ်။

**ဦးအေးကြိုင်။** ။ ကျွန်တော်တို့ပညာရေးကျောင်းတွေမှာ ကျောင်းတွေရဲ့အများမြင်သာတဲ့နေရာမှာ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ဆိုပြီးတော့ ကျွန်တော်တို့ကလေးတွေရဲ့နှလုံးသားထဲမှာ နေ့တိုင်းမြင်ခွင့်ရအောင် ဖန်တီးထားတယ်။ ပညာသင်ကြားခြင်းရဲ့အန္တိမပန်းတိုင်ဟာ အောင်မှတ်မဟုတ်ဘူး။ အောင်ချက်မဟုတ်ဘူး။ ကလေးတွေကို တကယ်စိတ်အလှမြင်အောင် သင်ပေးရမယ်။ မိဘဆရာအသင်းက ကလေးတွေရဲ့ ဘက်စုံဖွံ့ဖြိုးရေး လုပ်တော့မယ်ဆိုရင် ခုနက စိတ်ဓာတ်နဲ့ စရပါတယ်။ နောက် စည်းကမ်းကို တန်ဖိုးထားရပါတယ်။ ပြီးတော့ ပညာရမှ ခိုင်မြဲပါတယ်။ ခုနက ဆရာကြီး လမ်းညွှန်ဆွေးနွေးခဲ့တဲ့အချက်က ကျောင်းကောင်စီလို့ လမ်းညွှန်ခဲ့ပါတယ်။ ဒီတော့ ကျွန်တော်တို့ရဲ့ ပညာရေးလောကမှာ ကျောင်းအုပ်ကြီးဘဝနဲ့ အဆင့်ဆင့်ဖြတ်သန်းပြီး ညွှန်ကြားရေးမှူးနဲ့ အငြိမ်းစားယူခဲ့တော့ ဘဝကနေ သိခဲ့တဲ့ အသိတစ်ခု ပြန်တင်ပြရမယ်ဆိုရင် ကျောင်းတစ်ကျောင်းမှာ အသက်ပမာ အချက်အချာကျတာက ကျောင်းကောင်စီပါ။ ဘာဖြစ်လို့လဲဆိုတော့ မိဘဆရာအသင်းဆိုတာဟာ အသင်းသားတွေ အားလုံး ကျောင်းလာနိုင်ခွင့်ကို သိပ်ပြီးတော့ အခြေအနေမပေးလို့ သူတို့ကိုကိုယ်စားပြုတဲ့ ခုနက ဆရာမကြီးဆွေးနွေးခဲ့တဲ့ ၁၅ ယောက်၊ ၁၇ ယောက်၊ ၁၃ ယောက်၊ ၁၁ ယောက်၊ ငါးယောက်၊ ခုနစ်ယောက် အလုပ်အမှုဆောင်အဖွဲ့ပဲ ကျွန်တော်တို့ ဖွဲ့နိုင်တယ်။ အဲဒီအဖွဲ့ကလည်း တစ်နှစ်မှာ သုံးကြိမ်လောက် ညီလာခံကျင်းပတယ်။ ဆရာကြီး ဆွေးနွေး လမ်းညွှန်မှုပြုတဲ့အခါမှာ ပညာရေးစုံညီပွဲတော်ကိစ္စတွေနဲ့ မိဘတွေလာနိုင်ခွင့်ကို ဆရာကြီး လမ်းညွှန်ဆွေးနွေးပေးပါလို့ဆိုတော့ ကျောင်းကြီးရဲ့ ဘက်စုံဖွံ့ဖြိုးရေး ဦးတည်ချက်ပန်းတိုင်ဟာ ကလေးတွေဆိုရင် ကလေးတွေကို တကယ်ပြည့်စုံအောင် လက်တွေ့လုပ်နေတဲ့ အဖွဲ့အစည်းဟာ နိစ္စဓူဝ ဆရာနဲ့ ကျောင်းသားပဲ။ ကျွန်တော်တို့က တစ်နှစ်မှာ သုံးကြိမ်လောက် မိဘလာဖို့ တော်တော်လေး လုပ်ရပါတယ်။ အဲတော့ မိဘဆရာအသင်းကို အင်အားဖြည့်မယ်၊ စွမ်းရည်မြှင့်မယ်ဆိုရင် ကျောင်းကောင်စီကို စွမ်းရည်မြှင့်ပေးရင် မိဘဆရာအသင်းဟာ ပိုပြီးတော့ သွက်လက်လာမယ်။ ကလေး တကယ်ချစ်တဲ့ မိဘတိုင်းဟာ သူ့ကလေးကို ဆရာကြီးဆွေးနွေးတဲ့ ကျောင်းကောင်စီရဲ့လက်အောက်မှာ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုအဖွဲ့တွေ ရှိတယ်။

ကျွန်တော်တို့ပညာရေးဟာ ခုနက ကိုယ်၊ နှုတ်၊ နှလုံးဆိုပြီး အမျိုးသားပညာရေးဥပဒေမှာ လမ်းညွှန်ထားတယ်ဆိုတော့ စာတစ်ခုတည်း သင်တဲ့ ပညာရေးနဲ့ နိုင်ငံ့သားကောင်း မဖြစ်ဘူး။ ပညာရေးရဲ့ အန္တိမပန်းတိုင်ဟာ (Good Citizens) နိုင်ငံ့သားကောင်း၊ နိုင်ငံ့သားကောင်း ဆိုတာ ပညာတတ်ရုံတစ်ခုတည်း မရဘူး။ စိတ်ယဉ်ကျေးခြင်းမပြည့်ရင် မဖြစ်တဲ့အတွက်ကြောင့် ပြည်သူတွေ ကျင့်ကြံအားထုတ်သင့်တဲ့ ပြည်သူ့နီတိဆိုတဲ့ ပြည်သူတိုင်းဆောင်ရွက်တဲ့ အဲဒီ နှလုံးသား နီတိအကျင့်တွေ မပါသွားရင် ကျောင်းလို့ မခေါ်ထိုက်ဘူး။ ကျောင်းလို့ ပြောလိုက်ရင် ဒီမိဘဆရာအသင်းရဲ့ရင်ထဲမှာရှိတဲ့ ကျောင်းဟာ ကျွန်တော်တို့ ပညာရှင်တစ်ဦးက ပြောထားတယ် “ကျောင်းတစ်ကျောင်းကို လေ့လာခွင့်ရမည်ဆိုလျှင် ထိုနိုင်ငံ၏ အနာဂတ်ကို သိနိုင်မည်” လို့ ဆိုထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကျောင်းတွေရဲ့ အခြေအနေတွေကို ကြည့်လိုက်ရင် ဘာကိုဦးတည်နေလဲ၊ နိုင်ငံတော်ကို ပညာရေးကဏ္ဍရည်မှန်းတဲ့ (Good Citizens)ကို သွားနေလား၊ နိုင်ငံ့သားကောင်းလား၊ ပြည်သူ့သားကောင်းလား၊ ဒီမိုကရေစီကို အကျိုးပြုတဲ့ ကျွန်တော်တို့ ကျောင်းကောင်စီဆိုတဲ့ သီချင်းထဲမှာ ပါပါတယ်။ “ကျောင်းတွင်းဒီမိုကရေစီ ထူထောင်မည်၊ ပြည်သူ့သားကောင်း၊ သမီးကောင်း ကျောင်းကောင်စီ” ဆိုတော့ မိဘက အဲဒါလိုချင်တာ။ ပြည်သူကို ဗဟိုပြုတဲ့ သားရတနာ၊ သမီးရတနာကို ရချင်လို့ ကျောင်းကိုပို့ထားတာ၊ ပညာတတ်မြောက်ဖို့ ရည်ရွယ်တာတစ်ခုတည်း မဟုတ်ဘူးလို့ ပညာရေးဌာနက မျှော်မှန်းထားတာ၊ ဒါ အမျိုးသားပညာရေးဥပဒေမှာ တိုက်ရိုက်ဖွင့်ဆိုထားတဲ့အတွက်ကြောင့် အဲဒီကိစ္စကိုလည်း ဆရာကြီး ဖြည့်စွက်လမ်းညွှန်ပေးပါဦး။

**ဒေါက်တာတင်ညို။** ။ အဓိကကတော့ ဒီလုပ်ငန်းတွေမှာ မိဘတွေ ပါဝင်ပူးပေါင်းနိုင်မှုအားကို အများဆုံးယူရပါမယ်။ ခုနက ပြောတဲ့ မြန်မာနိုင်ငံမှာ လက်ရှိအားဖြင့် ကျောင်းသားပေါင်း ကိုးသန်းနဲ့ တစ်သိန်းရှိတယ်။ အဲဒီတော့ သူ့ရဲ့ အုပ်ထိန်းသူမိဘနဲ့ ပေါင်းလိုက်တဲ့အခါမှာ ကိုယ်စားပြုထားတဲ့ အသင်းအဖွဲ့ကြီးက နည်းတဲ့ အသင်းအဖွဲ့ကြီး မဟုတ်ဘူး။ အကြီးမားဆုံးအသင်းအဖွဲ့လို့ ဆိုလို့ရပါတယ်။ အဲဒီလိုပါနိုင်အောင် သက်ဆိုင်ရာကျောင်းကနေပြီး မိဘတွေပါဝင်နိုင်ဖို့ ဆွဲဆောင်နိုင်မယ်ဆိုခဲ့ရင် လုပ်ငန်းပိုပြီးတော့ အောင်မြင်ပါတယ်။ ခုနက ဆရာကြီး ဦးအေးကြိုင် ပြောသလို အဲဒီထဲမှာ နှစ်စဉ်နှစ်စဉ် ကျင်းပမြဲဖြစ်တဲ့ ပညာရေးစုံညီပွဲတော်၊ အခုဆိုရင် အရင်တုန်းကထက် ပိုမိုပြီးတော့ အောင်မြင်စွာ ကျင်းပလာနိုင်ပြီလို့ ခံယူမိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျောင်းအလိုက်ရော၊ မြို့နယ်အလိုက်ရော၊ တိုင်းအလိုက်ပါ ရန်ပုံငွေချပြီးတော့ ဆောင်ရွက်နေတယ်။ အဲဒီတော့ လွတ်လွတ်လပ်လပ် ပညာရေးစုံညီပွဲတော်ဆိုတဲ့ အဓိပ္ပာယ်သည် တစ်နိုင်ငံလုံးမှာရှိတဲ့ အခြေခံကျောင်းတွေမှာ ဒီပွဲတော်ကို ကျင်းပတာပါ။

ပွဲတော်လို့ ဆိုလိုက်တဲ့အတွက် သိပ်ပြီးတော့ ပကာသနဆန်ပြီးတော့ မြင့်မားတယ်လို့တော့ ဆိုလို့မရဘူး။ ကျောင်းတစ်ကျောင်းရဲ့လှုပ်ရှားမှုကို မိဘကို ခေါ်ပြတာပဲ။ အဲဒီပွဲဟာ ကျောင်းသားအများဆုံး ပါဝင်နိုင်တဲ့ပွဲဖြစ်နိုင်အောင် ဖန်တီးပေးဖို့ပါပဲ။ လူနည်းနည်းလေးပဲရှိတယ်ဆိုခဲ့ရင် လာကြည့်တဲ့မိဘသည် သူနဲ့ပတ်သက်တဲ့ ကလေးတွေနဲ့ ပတ်သက်တဲ့ မိဘပဲဖြစ်တယ်။ တကယ်တော့ ပွဲများများပေါ့။ အားကစားပွဲတွေ၊ ပန်းချီပွဲတွေ၊ နောက် အဆို အတီး စသည်ဖြင့်ပေါ့။ ဒါကလည်း ရှိနိုင်တဲ့ အင်အားလေးနဲ့ပါ။ သိပ်ပြီးတော့ ပကာသနဆန်တာမဟုတ်ဘဲနဲ့ ကလေးများများပါနိုင်လေ မိဘများများလာမယ်။ အဲဒီအခါကျတော့ ကိုယ့်ကျောင်းရဲ့အခြေအနေလေးတွေကို ပြန်လည်ပြီးတော့ ဝေမျှပေးလို့ရပါတယ်။ ဒါဟာ မိဘများကို ပြန်ပြီးတော့ စည်းရုံးတဲ့အခါမှာ ပညာရေးစုံညီပွဲတော်ဟာ အင်မတန်အရေးကြီးပါတယ်။ အလားတူပဲ မိဘများရဲ့ ခွန်အားကို ရယူချင်တဲ့အခါမှာ ပညာရေးဌာနမှာ မြို့နယ်ပညာရေးအဆင့်မှာကိုပဲ (ICT) နဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်နေတာလေးတွေ၊ ဒါလေးကို ဆရာမကြီးက ဘယ်လိုအစပျိုးထားလဲဆိုတာလေး ပြောပြပေးပါဦး။

**ဒေါ်စန်းစန်းရီ။** ။ အခု ကျွန်မတို့ပညာရေးဝန်ကြီးဌာနအနေနဲ့လည်းပဲ အခြေခံပညာဦးစီးဌာနမှာ ကျောင်းတွေအထိ၊ မြို့နယ်တွေအထိ Server တွေ ထိုင်ပြီးတော့ ကျောင်းအုပ်တွေနဲ့ မြို့နယ်ပညာရေးမှူးနဲ့ ဆက်သွယ်ဆောင်ရွက်နေသလိုပဲ ကျောင်းအုပ်တစ်ယောက်သည် ကိုယ့်ကျောင်းထဲမှာရှိသော မိဘများနဲ့ လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် ဆက်သွယ်နိုင်တဲ့ နည်းလမ်းတွေကို တည်ထောင်နိုင်ရင်တော့ မိဘဆရာအသင်းရဲ့ လုပ်ငန်းဟာ ပိုပြီးတော့ အောင်မြင်မယ်၊ အဆင်ပြေမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဆက်လက်ပြီးတော့ ပညာရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် မိဘ၊ ဆရာတွေနဲ့ အတူတူ ရပ်ရွာပြည်သူလူထုတွေအနေနဲ့ ဘယ်လိုနည်းလမ်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လို့ ရမလဲဆိုတာကို ဆရာကြီးတို့ အလျဉ်းသင့်သလို ပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာတင်ညို။** ။ အခုလက်ရှိ အခြေအနေဟာ ကလေးတွေမှာ ရင်ဆိုင်နေရတဲ့ ပတ်ဝန်းကျင်ရဲ့စိန်ခေါ်မှုတွေ၊ သူတို့ အိမ်ကနေ ကျောင်းအလာမှာ တွေ့မြင်နေရတဲ့ အမြင်တွေ အားလုံးရဲ့ မြင်ကွင်းကို မိဘဆရာ၊ မိဘအုပ်ထိန်းသူများက ဝိုင်းပြီးတော့ ဖြေရှင်းပေးနိုင်တဲ့ အခြေအနေမျိုးရှိခဲ့ရင် ဝန်းကျင်ကောင်းတစ်ခုရမယ်။ ဥပမာ ပတ်ဝန်းကျင်မှာရှိနေတဲ့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ နေရာထိုင်ခင်းမျိုးတွေရှိတာမျိုး၊ ဒါမျိုးတွေကအစ စုစည်းပြီးတော့ ပါဝင်ပေးမယ်ဆိုခဲ့ရင် သူတို့အတွက် အကောင်းဆုံးလမ်းကြောင်းလေးတစ်ခုကို ဦးတည်ပေးသွားနိုင်မယ်လို့ ဆရာတို့က ခံယူပါတယ်။

နောက်ဆရာမကြီး ခုနကပြောတဲ့ အထဲမှာပါတဲ့ ICT ပေါ့။ များသောအားဖြင့် မိဘတိုင်း တော်တော်များများသည် အနည်းဆုံးအားဖြင့် ဟန်းဖုန်းသုံးပြီးတော့ ဒီ Facebook ပဲဖြစ်ဖြစ် သုံးတတ်တာပေါ့။ အဲဒီလို သုံးတတ်တဲ့အခါမှာ ခုနက မြို့နယ်မှာ အခြေပြုထားတဲ့ အခြေခံလေးကို သုံးပြီးတော့ သူ့ Group လေးတွေနဲ့ပေါ့။ ဒီကျောင်းဆိုရင် ဒီကျောင်းနဲ့ ပတ်သက်တဲ့ မိဘတွေအကုန်လုံး ပါဝင်နိုင်မယ့် Group မျိုးလေးတွေများ ဆက်ပြီးတော့ လုပ်ပေးမယ်ဆိုခဲ့ရင် ဒီကျောင်းရဲ့ Information သည် မိဘဆီရောက်သွားမယ်။ မိဘတွေရဲ့ဆန္ဒကို ကျောင်းကနေ သိလာမယ်။ အတုံ့အပြန်ရှိခဲ့ရင် ပိုပြီးတော့ အောင်မြင်လာမယ်။

နောက်တစ်ခုက အခုဆွေးနွေးနေကြတဲ့ ပညာဆိုတာ အဓိကပေါ့။ အဓိက ကလေးရယ်၊ ပညာရယ်၊ မိဘဆရာပေါင်းတော့ ကလေးပညာကောင်းတယ်ဆိုတော့ ပညာဆိုတဲ့သူ့ရဲ့အဓိပ္ပာယ် အနှစ်သာရက အကောင်းအဆိုး၊ အကြောင်းအကျိုး အမှန်တိုင်းကို ဝေဖန်ပိုင်းခြားနိုင်မှ ပညာလို့ဆိုတယ်။ အဲဒီပညာရနိုင်ဖို့ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးနိုင်မှုဟာ မိဘများက ပါဝင်ပေးနိုင်တယ်ဆိုရင် လုံလုံခြုံခြုံနဲ့ ဂုဏ်ရှိရှိနဲ့ သူတို့အင်မတန်ကို သင်ယူလိုတဲ့ အသိပညာကို ပြည့်ပြည့်စုံစုံ ရနိုင်မယ်လို့ ဆရာခံယူမိပါတယ်။

**ဦးအေးကြိုင်။** ။ ခေတ်နဲ့အညီ ပြောင်းလဲတိုးတက်တဲ့ ICT နည်းပညာတွေကို တချို့ကျောင်းတွေက သုံးနေကြပြီ။ ကျောင်းတိုင်းမဟုတ်တောင် ဒါကိုအစပျိုးပြီးတော့ ပညာရေးဝန်ကြီးဌာနကလည်း လုပ်နေပြီဆိုတော့ ဒါလေးတွေက ကောင်းသတင်းလေးတွေပါ။ သဘောကတော့ အများစုမလာနိုင်တဲ့အချိန်မှာ နည်းပညာနဲ့ ကလေးတွေရဲ့ အရည်အသွေးကို ထိန်းညှိထားဖို့ပါ။ ပညာရဲ့ ပန်းတိုင်ကိုက ဘက်စုံထူးချွန်သော လူငယ်တွေကို ရည်ရွယ်တယ်။ ဘက်စုံဆိုတာကတော့ ကျွန်တော်တို့ ဘက်စုံပညာစကားနဲ့ ပြောရင်တော့ ကာယ၊ ဉာဏ၊ စာရိတ္တနဲ့ ရသ၊ သက်မွေးဘက်စုံပညာရေး အသက်မွေးမှုကို အထောက်အကူမပြုတဲ့ ပညာပေးခြင်းဟာ ကလေးအတွက် အလုပ်အကိုင်အခွင့်အလမ်းမဲ့သွားတယ်။ သူ့ဘဝရပ်တည်မှုမဲ့သွားရင် သူတို့ဟာ နိုင်ငံအတွက် အကျိုးမပြုတော့ဘူး။ အန္တရာယ်ရှိတယ်ဆိုတော့ သူတို့ရဲ့စိတ်ကို ယဉ်ကျေးအောင် စိတ်အလှကို လေ့ကျင့်ပေးတဲ့ ပြည်သူ့နီတိလို ဘာသာရပ်တွေဟာ မိဘဆရာအသင်းလူကြီးတွေက ကျွမ်းကျင်တဲ့ပညာရှင်တွေကို ဖိတ်ပြီးတော့ ဆွေးနွေးပြောကြားလို့ရတယ်။ လက်တွေ့လည်း လုပ်ပြလို့ရတယ်။

ခုနကတုန်းက မိဘဆရာအသင်း စွမ်းအားမြှင့်ဖို့ဆိုရင် ကျောင်းတွင်းမှာ တကယ်ရှိတဲ့ ကျောင်းကောင်စီအဖွဲ့ရဲ့ လှုပ်ရှားသက်ဝင်မှုကို ကျွန်တော်တို့က လက်ရှိနိုင်ငံတော်ကသွားတဲ့ ဒီမိုကရေစီကျင့်စဉ် လမ်းကြောင်းထဲမှာ သူကပါနေတယ်။

*စာမျက်နှာ ၁၁ သို့*



**“ပညာသင်ကြားခြင်းရဲ့ အန္တိမပန်းတိုင်ဟာ အောင်မှတ် မဟုတ်ဘူး။ အောင်ချက် မဟုတ်ဘူး။ ကလေးတွေကို တကယ်စိတ်အလှမြင်အောင် သင်ပေးရမယ်။ မိဘဆရာအသင်းက ကလေးတွေရဲ့ ဘက်စုံဖွံ့ဖြိုးရေးလုပ်တော့မယ်ဆိုရင် ခုနက စိတ်ဓာတ်နဲ့ စရပါတယ်။ နောက် စည်းကမ်းကို တန်ဖိုးထားရပါတယ်။ ပြီးတော့ ပညာရမှ ခိုင်မြဲပါတယ်”**

*ကျောဖုံးမှ*

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား အကြံပြုပြောကြားပြီး နောင်မွန်မြို့မှနေ၍ မော်တော်ယာဉ်များဖြင့် ထွက်ခွာကာ မဂွေဇ-ခေါင်လန်ဖူးလမ်း ဖောက်လုပ်ပြီးစီးထားသည့် လမ်းပိုင်းအခြေအနေများအား ကြည့်ရှုကြသည်။

**ဒေသလိုအပ်ချက်များတင်ပြ**

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပူတာအိုခရိုင်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများအား ဆွေးနွေးပြောကြားပြီး တိုင်းရင်းသားခေါင်းဆောင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသလိုအပ်ချက်များအား တင်ပြကြသည်။

တွေ့ဆုံပွဲများ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆွေးနွေးပြောကြားရာတွင် ဒေသဝမ်းစာ စပါးဖူလုံရေးအတွက် စိုက်ဧကတိုးချဲ့ခြင်းထက် တစ်ဧက အထွက်နှုန်းတိုးတက်စေရေး၊ မျိုး၊ မြေ၊ ရေ၊ စိုက်နည်းစနစ်များ မှန်ကန်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန်၊ ဒေသတွင် လျှပ်စစ်မီးရရှိနေပြီဖြစ်၍ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ကုန်ချောထုတ်လုပ်နိုင်သည်အထိ တိုးချဲ့ဆောင်ရွက်ကြရန်။

**တိုင်းရင်းသားအားလုံး စည်းလုံး**

ကော်ဖီနှင့် လက်ဖက်ကဲ့သို့ ဒေသနှင့်ကိုက်ညီမည့် စိုက်ပျိုးရေးလုပ်ငန်းများကို ကုန်ချောထုတ်လုပ်မှုအထိ နည်းလမ်းရှာဖွေဆောင်ရွက်ကြရန်၊ ထိုသို့ စိုက်ပျိုးမွေးမြူရေး အခြေခံစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒေသခံပညာတတ်များ မွေးထုတ်ပေးရမည်ဖြစ်ပြီး ကျောင်းနေအရွယ်မှန်သမျှ ကျောင်းနေနိုင်ကြအောင် ကြိုးစားကြရန်၊ ကွမ်း၊ ဆေးလိပ်၊ အရက်၊ အသောက်အစား အပျော်အပါးများ ရှောင်ကြဉ်ကြရန်နှင့် ယခုဒေသအတွင်း မူးယစ်ဆေးဝါး လုံးဝအဝင်မခံဘဲ အားလုံးဝိုင်းဝန်း တားဆီးကာကွယ်စောင့်ရှောက်ကြရန်၊ ပူတာအို၊ နောင်မွန်မြို့များကို Town Plan များ စနစ်တကျရေးဆွဲ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်၊ မိမိဒေသ၊ မိမိတိုင်းပြည်အတွက် တိုးတက်အောင် ဆောင်ရွက်ကြရန်၊ တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြင့် မြန်မာစိတ်မွေးကြရန် အကြံပြုဆွေးနွေး တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**စားသောက်ဖွယ်ရာများပေးအပ်**

တွေ့ဆုံပွဲများအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ယွန်းထည်ပညာသည် ခေတ်အဆက်ဆက်ထိန်းသိမ်းလာခဲ့သည့် ကိုယ်ပိုင်ယဉ်ကျေးမှုအနုပညာဖြစ်

**ညောင်ဦး ဖေဖော်ဝါရီ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ယွန်းပညာကောလိပ် (ပုဂံ)တွင် မြန်မာ့ယွန်းလက်မှုအနုပညာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က ယွန်းပညာကောလိပ်(ပုဂံ)မှခ်ဦးရှေ့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြသန်း၊ ယွန်းပညာကောလိပ်(ပုဂံ)မှ ဒုတိယကျောင်းအုပ်ကြီး ဒေါ်စုစုခိုင်၊ မြန်မာ့ယွန်းထည်အသင်း ဥက္ကဋ္ဌ ဦးမောင်မောင်တို့က မြန်မာ့ယွန်းလက်မှုအနုပညာပြပွဲ ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာ့ယွန်းလက်မှုအနုပညာပြပွဲ ကျင်းပခဲ့မှု သမိုင်းကြောင်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာ့ယွန်းထည်အသင်း ဥက္ကဋ္ဌက ယွန်းအတတ်ပညာသည် သားစဉ်မြေးဆက် ခေတ်အဆက်ဆက်ထိန်းသိမ်းလာခဲ့သည့် ယဉ်ကျေးမှုအနုပညာ တစ်ရပ်ဖြစ်ကြောင်း၊ မြန်မာ့ယွန်းထည်သည် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်ကြောင်း၊ ဂုဏ်ယူစရာကောင်းသည့် လုပ်ငန်းဖြစ်ကြောင်း ပြောကြားကာ ယွန်းပညာကောလိပ် (ပုဂံ) ဒုတိယ ကျောင်းအုပ်ကြီးက မြန်မာ့ယွန်းထည်အနုပညာပြပွဲ ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်များ၊ ပုဂံ-ညောင်ဦးဒေသသို့ လာရောက်ကြသည့် ပြည်ပဧည့်သည်များ၊ ဌာနဆိုင်ရာများ၊ ယွန်းပညာကောလိပ် (ပုဂံ)မှ ကျောင်းသား ကျောင်းသူများသည် ယွန်းနည်းစဉ်ခန်းမအတွင်း ပြသထားသည့် အလွန်ရှေးကျသည့် မြန်မာ့ယွန်းထည်လက်မှုပစ္စည်းများ၊ ကျောင်းသား ကျောင်းသူများ လက်တွေ့ ယွန်းထည်လုပ်ငန်းရက်လုပ်နေသည့် နှီးဖြာခြင်းလုပ်ငန်းများ၊ ပုဂံဒေသထွက် သဲပန်းချီ လက်မှုအနုပညာများ၊ ပုသိမ်ထီး၊ လက်ရေးပန်းချီခြယ်ခြင်း၊ ဝါးအဖြူထည်၊ ပန်းပုထည်၊ ဒေသထွက်အဝတ်အစားများ ခင်းကျင်းပြသခြင်းနှင့် ရောင်းချနေသည်များကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ ကမ္ဘာ့အကြီးဆုံး ယွန်းဆွမ်းအုပ်ကြီး မြန်မာနိုင်ငံ၌ပင် ငါးလုံးရှိနေပြီဖြစ်ကြောင်းနှင့် ထိုကမ္ဘာ့အကြီးဆုံး မြန်မာ့ယွန်းဆွမ်းအုပ်ကြီး ငါးလုံးကိုလည်း ယွန်းပညာရှင်တစ်ဦးတည်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

*စာမျက်နှာ ၁၀ မှ*

ပါနေတော့ မိဘဆရာအသင်းက မိဘနဲ့ ဆရာပေါင်းရင် ကျောင်းထဲမှာရှိတဲ့ ကလေးတွေကို ဖြစ်ချင်တဲ့ ရည်မှန်းချက်က ကျွန်တော်တို့အားလုံး တစ်နိုင်ငံလုံးရဲ့နှလုံးသားဟာ ကလေးရဲ့ အန္တိမပန်းတိုင်ဟာ သူ့ရဲ့စိတ် နေစိတ်ထားကိုက နိုင်ငံတော်ကို တကယ်အကျိုးပြုတဲ့ လူသားကို ပျိုးထောင်တာ၊ ဒါကြောင့် နိုင်ငံ့သားကောင်း၊ ပြည်သူ့သားကောင်း ရည်ရွယ်တယ်။ ရည်ရွယ်တယ်ဆိုတော့ လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက ရေနံချောင်းမှာ ကျောင်းနေတုန်းက သူ့ရဲ့ အမျိုးသား ကျောင်းအုပ်ကြီးက ဆရာကြီး ဦးခင်သန်းလို့ ကျွန်တော်တို့သိခဲ့တယ်။ ဆရာကြီး ဦးခင်သန်းက ဘာပြောလဲဆိုတော့ အများကောင်းကျိုးအတွက် အများက စုပေါင်း၊ တိုင်ပင်ညှိနှိုင်းပြီး တင်မြှောက်တဲ့ ခေါင်းဆောင်က အဲဒီအများကို ကောင်းအောင်ပြန်လုပ်တဲ့ ပြည်သူ့အစိုးရ၊ အဲဒီ ရေသောက်မြစ်အစဟာ ကျောင်းကလို့ ပြောထားတယ်။ ကျောင်းဟာ ဒီမိုကရေစီရဲ့ ပုခက်ပဲဆိုတော့ အများကောင်းစားရေးလုပ်တဲ့ ပြည်သူ့အစိုးရကို ရေသောက်မြစ်နဲ့စတဲ့ ကျောင်းကောင်စီနဲ့ မိဘဆရာအသင်း ပူးပေါင်းဆောင်ရွက်လိုက်ရင် ကလေးတွေရဲ့ စိတ်စွမ်းရည်တွေဟာ ယဉ်ကျေးပြီးသား၊ ပြည်သူ့နီတိဆိုတဲ့ Civics က ပရစိတ်ရှိပြီးသား၊ အတ္တနည်းသွားမယ်။ ဒီတော့ သူတို့ကို ဘက်စုံဖွံ့ဖြိုးရေးလုပ်တာဟာ ကလေးအတွက် တော်တော်လေး အခွင့်အလမ်းတွေရတယ်။

မျှော်မှန်းတဲ့ ကျောင်းကောင်စီအောက်မှာရှိတဲ့ ပညာရေး လက်တွေ့ ဖွံ့ဖြိုးမှုအဖွဲ့မှာ စာပေနဲ့ အသိဉာဏ်မြှင့်တင်ရေးအဖွဲ့ဆိုရင် ကျပန်းစကားပြောတို့၊ စကားရည်လုတို့၊ စကားဝိုင်းတို့၊ ရသစာပေ ဆွေးနွေးပွဲတို့ရှိတဲ့အတွက် ကလေးတွေဟာ စာဖတ်လာမယ်။ ကလေးတွေဟာ ကျောင်းစာအပြင် တကယ့်ပတ်ဝန်းကျင်ကို ဝင်လာကြပြီ။ အခု ပန်းချီ၊ ဂီတ၊ အားကစားတွေအကုန်လုံးပေးတယ်။ အဲဒီမှာဆိုရင် ကာယပညာနဲ့ အားကစားအဖွဲ့ရှိတယ်။ လေ့လာရေးနဲ့ ဗဟုသုတရှာမှီးတဲ့အဖွဲ့ရှိတယ်။ အားကစားနဲ့ ကာယပညာရှိတယ်။ ကွန်ပျူတာနဲ့ ICT နည်းပညာရှိတယ်။ အဲဒီဖွံ့ဖြိုးရေးအဖွဲ့တွေရဲ့ စွမ်းရည်မြှင့်ဖို့ မိဘက ဝင်ပူးပေါင်းလိုက်ရင် ကလေးတွေဘဝက တကယ့်ကို ကျောင်းစာတစ်ခုတည်း မဟုတ်ဘဲနဲ့ နိုင်ငံတော်က လိုလားတဲ့ နိုင်ငံ့သားကောင်းအစစ်တွေ ဖြစ်လာမယ်။ မိဘဆရာအသင်းရဲ့ စွမ်းဆောင်ရည်မြင့်ရင် မြင့်သလောက်ကျောင်းက ဖွံ့ဖြိုးပါတယ်။ ကျွန်တော်တို့ မျှော်မှန်းတာက မိဘဆရာအသင်းတစ်ခုတည်းနဲ့တော့ ကျောင်းကြီးဖွံ့ဖြိုးမှုကို အာရုံပြုပြီးတော့ ဇောင်းမပေးနိုင်ဘူး၊ ကျန်တဲ့ အဖွဲ့အစည်းတွေကိုလည်း မိတ်ဖက်အဖြစ်နဲ့ ပူးပေါင်းပြီးစုပေါင်းအားနဲ့လုပ်ရင် တိုင်းပြည်ကောင်းမယ်ဆိုရင် ကလေးတွေကို နိုင်ငံ့သားကောင်း၊တကယ့် ပညာလည်းတတ်တယ်၊ စိတ်လည်းလှတဲ့ ကလေးတွေ လေ့ကျင့်ပေးတဲ့ ပညာရေးဖြစ်ရင် နိုင်ငံတော်က မျှော်မှန်းတဲ့ ပညာ့ပန်းတိုင် ဖြစ်ပါတယ်လို့ ဆွေးနွေးချင်ပါတယ်။

**ဒေါ်စန်းစန်းရီ**။ ။ ပညာရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မိဘ၊ ဆရာ၊ ရပ်ရွာ၊ လူထုတွေက ဘယ်လိုကူညီနိုင်မလဲဆိုတော့ ကူညီလို့ရတယ်။ တကယ်ကူညီလို့ တကယ်ဖြစ်လာတာတွေလည်း သာဓကအများကြီး ရှိပါတယ်။ ခုဆိုရင် ကျောင်းတွေကို အများကြီးတိုးဖွင့်တဲ့ ကာလဖြစ်တယ်။ အရင်တုန်းကဆိုရင်လည်းပဲ တွဲဖက်အထက်တန်းကျောင်းတွေဆိုတာ ရှိခဲ့တယ်။ တွဲဖက်အထက်တန်းတွေမှာ ၉ တန်း၊ ၁၀ တန်း ကလေးတွေကို ပညာသင်ခဲ့တဲ့ ကာလတုန်းက မိဘဆရာအသင်းတွေ ဦးဆောင်ပြီး အဲဒီကျောင်းမှာ ကလေးတွေ ပညာသင်ကြားခွင့်ရအောင် ဆရာတွေရှာဖွေတာကစပြီးတော့ ပူးပေါင်းပြီး ပါဝင်ခဲ့ကြတယ်။ အခု ဒီခေတ်ကျတော့ ကျောင်းတွေအများကြီး အဆင့်တွေတိုးတယ်။ အဆင့်တိုးတဲ့အချိန်မှာ မိဘဆရာအသင်းတွေနဲ့ ရပ်ရွာတွေနဲ့ ပေါင်းပြီးတော့ ကိုယ့်ရဲ့ရပ်ရွာ၊ ကိုယ့်ရဲ့ အနေအထား၊ ဝေးလံခက်ခဲတဲ့ဒေသတွေ၊ တကယ် ကျောင်းအဆင့်တိုးဖို့လိုတဲ့ ဒေသတွေမှာဆိုရင် မိဘဆရာအသင်းတွေဟာ ပူးပေါင်းပြီးတော့ ကျောင်းအဆင့်တိုးတဲ့လုပ်ငန်းတွေ ကိုယ့်ကျောင်းမှာ လုပ်ကိုင်ဆောင်ရွက်ပေးလို့ရတယ်။

ကိုယ့်ကလေးတွေရဲ့ပညာရည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မိဘဆရာ အသင်းတွေဟာ ပူးပေါင်းပြီး တော့ အခုလည်းပဲ နိုင်ငံတော်က ဆရာတွေခန့်တယ်။ ခန့်တယ်ဆိုပေမယ့် အချိုးမညီတဲ့အတွက် လိုအပ်ချက်တွေ ရှိနေပါတယ်။ အဲဒီ လိုအပ်ချက်တွေရှိနေတဲ့ နေရာတွေမှာ မိဘတွေက ပူးပေါင်းပြီး ကလေးတွေ ပညာရပ် အပြည့်အဝရဖို့အတွက် ဆရာ ဆရာမတွေကို ရှာပေးပြီးတော့ ကလေးတွေ ပညာပြည့်အောင် လုပ်တာရှိပါတယ်။ ကလေးတွေ ပညာအရည်အသွေး တိုးတက်ဖို့မှာလည်း မိဘဆရာအသင်း ပူးပေါင်းပါဝင်လို့ရတယ်။ မိဘဆရာအသင်းနဲ့ ပူးပေါင်းပြီးတော့ ကျောင်းရဲ့ ဥပစိရပ်တွေ တိုးတက်ဖို့အတွက်လည်း ပူးပေါင်းပါဝင်ပေးလို့ရတယ်။ မိဘဆရာအသင်းတွေကပဲ လက်ရှိပညာရေး အခြေအနေအရ အခြေခံပညာအလယ်တန်းအဆင့်ပြီးရင် အခြေခံပညာအထက်တန်းအဆင့်ကို ရောက်တဲ့အချိန်မှာ ကလေးတွေဟာ သူ့ရဲ့စိတ်ကြိုက် ဘာသာတွဲတွေ ရွေးချယ်ခွင့်ရှိလာကြတယ်။ အဲဒီရွေးချယ်ခွင့်မှာ ကိုယ်ရည်ကိုယ်သွေးပြမယ့် အဖွဲ့ဆိုတာရှိတယ်။ အဲဒီအဖွဲ့မှာလည်း မိဘဆရာအသင်းတွေ ပါဝင်ပြီးတော့ ကလေးတစ်ယောက်သည် ကိုယ်နဲ့ ကိုက်ညီသော ဘာသာတွဲကို ရွေးချယ်ဖို့အတွက် မိဘဆရာအသင်းက ပူးပေါင်းပြီးတော့ ပါဝင်ဆောင်ရွက်လို့ရပါတယ်။ ကလေးတွေ ကျောင်းမထွက်ရေး၊ ကျောင်းနေနှုန်းမြင့်မားရေးတွေ အကုန်လုံး ပူးပေါင်းဆောင်ရွက်လိုက်ရင်တော့ ကျောင်းရဲ့ပညာရေးဟာ တကယ်ပဲ တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါပါဝင်ဆောင်ရွက်လို့ ရတဲ့ အရာတွေပါ။

**အစီအစဉ်မှူး။ ။ အခု နောက်ဆုံးမေးခွန်းအနေနဲ့ မိဘဆရာအသင်းနဲ့ ပတ်သက်ပြီး အများပြည်သူများတွေ ဘယ်လို အချက်တွေကို သိသင့်လဲဆိုတာကို ဆရာကြီးတို့ အနေနဲ့ နိဂုံးချုပ်ပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာတင်ညို**။ ။ ရည်ရွယ်ချက် မြင့်မြင့်မားမားပေါ့ ကောင်းကောင်းမွန်မွန်နဲ့ ပညာရေးကို တိုးတက်နိုင်ဖို့အတွက် ဖွဲ့စည်းထားတဲ့ အသင်းအဖွဲ့တစ်ခုကို ပိုပြီးတော့ စုစည်းနိုင်အောင် နည်းလမ်းရှာတဲ့ နေရာမှာ ခုနကပြောသလို မိဘများများ ကျောင်းကို ပြန်လည်ပြီးတော့ ရောက်လာနိုင်အောင် လာရောက်ပြီးတော့ လေ့လာနိုင်အောင်၊ ကူညီနိုင်အောင် အဲဒီလိုနည်းလမ်းတွေ များများ ချဲ့ထွင်ပေးခဲ့မယ်ဆိုရင် ကျောင်းနဲ့မိဘနဲ့ ပိုပြီးတော့ စုစည်းသွားမှာ ဖြစ်ပါတယ်။ စုစည်းသွားခဲ့ရင်၊ ဒီကျောင်းကို သူတို့မြင်သွားခဲ့ရင် ဘာလုပ်ရမလဲဆိုတာ သူတို့သိသွားမယ်။ ဘာတွေကူညီပေးရမယ်ဆိုတာ သိသွားမယ်။ နောက်တစ်ခါ ကိုယ့်ကျောင်းနဲ့ ပတ်သက်တဲ့ ကလေးတွေရဲ့ အောင်မြင်မှုကို သူတို့ဂုဏ်ယူသွားမယ်။ အဲဒီတော့ ကျောင်း၊ ကလေးနဲ့ မိဘ အဲဒီလို အချိတ်အဆက် ကလေး ရှိသွားခဲ့ရင်တော့ အခုရည်မှန်းထားတဲ့ မိဘဆရာအသင်းရဲ့ ကြိုးစားအားထုတ်မှုနဲ့ ပညာရေးဟာ ပိုမိုပြီးတော့ တင့်တင့်တယ်တယ် အောင်အောင်မြင်မြင် ဖြစ်မယ်ဆိုတာကိုတော့ လုံးဝယုံကြည်ပါတယ်လို့ ပြောချင်ပါတယ်။

**ဦးအေးကြိုင်**။ ။ မိဘတွေအားလုံးပါဝင်နိုင်တဲ့ အခွင့်အလမ်းကို ဖန်တီးရင် ကျောင်းဟာ ပိုပြီးတော့ လှုပ်ရှားသက်ဝင်လာမယ်။ ကလေးတိုင်းရဲ့ဖွံ့ဖြိုးမှုကို မိဘတိုင်းရဲ့ကူညီပူးပေါင်းမှုကို ရစေချင်လို့ အစအဖွင့်မှာ ဆရာမကြီး ဒေါ်စန်းစန်းရီဖွင့်ခဲ့တဲ့ တံဆိပ်လေးနဲ့ ကျွန်တော်ပြန်ချုပ်ချင်ပါတယ်။ ကျွန်တော်တို့ အဲဒီစက်ဝိုင်းဟာ ပညာ့စက်ဝိုင်းပါ။ တကယ့်တစ်နိုင်ငံလုံးရဲ့ပညာရေးကို ဗဟိုပြုတဲ့ စက်ဝိုင်းရဲ့အလယ်မှာ ပညာရေးတြိဂံဆိုတာ မိဘရယ်၊ ဆရာရယ် ပူးပေါင်းမှ ကလေး ပညာကောင်းဆိုပြီး အလယ်မှာ ပညာလို့ရေးထားတယ်။ ပညာဆိုသည်မှာ အမှား၊ အမှန်၊ အကောင်း၊ အဆိုး၊ အကျိုး၊ အပြစ်တွေ လုပ်သင့် မလုပ်သင့်ဆိုတာ ချင့်ချိန်တာကို ပညာလို့ခေါ်တယ်။ ကျွန်တော်တို့ရဲ့နိုင်ငံမှာ စာဆိုတာထက် ပညာကို ရချင်တယ်။ ဘွဲ့တို့ အမှတ်တို့ဟာ သညာတွေ၊ ပညာဆိုတဲ့စကားရပ်ဟာ ကလေးနှလုံးသားမှာ တစ်ဘဝလုံး ပါသွားစေချင်တယ်။ ဒါကြောင့် မိဘဆရာအသင်းရဲ့ စွမ်းဆောင်ရည်မြင့်မယ်ဆိုရင် ဒီတံဆိပ်လေးဟာ တော်တော်လေး တန်ဖိုးရှိပါတယ်။ ပညာ့အရောင် အဝါရောင်ခံပြီးတော့ ပညာရေးတြိဂံနဲ့ လုပ်ထားတော့ တစ်နိုင်ငံလုံးဖွံ့ဖြိုးဖို့အတွက် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်တည်ဆောက်မယ်ဆိုရင် ကျောင်းတွင်းဗဟိုပြုတဲ့ မိဘဆရာအသင်းရဲ့ စွမ်းဆောင်ရည်မြင့်ဖို့ လိုအပ်ပါတယ်။ မိဘဆရာအသင်းကို ပံ့ပိုးတဲ့ ကျောင်းတွေမှာရှိတဲ့ အဖွဲ့အစည်းတွေရဲ့ စွမ်းအားမြှင့်ဖို့လည်း လိုပါတယ်။ အဲဒီလိုပေါင်းရင် ပညာရေးဝန်ကြီးဌာနက မျှော်မှန်းတဲ့၊ နိုင်ငံတော်က မျှော်မှန်းတဲ့ နိုင်ငံ့သားကောင်းတွေရရှိမယ်လို့ ကျွန်တော်တို့ ဆရာကြီး ဆရာမကြီး တစ်ဖွဲ့လုံးက မျှော်မှန်းပါကြောင်း ပြောကြားလိုပါတယ်။ ။

**သတင်းအဖွဲ့**

# တောင်သူများအား မြေယာလျော်ကြေးငွေပေးအပ်

**ကျိုက်မရော ဖေဖော်ဝါရီ ၂**

မော်လမြိုင် သံဖြူဇရပ် ၆၆ ကေဗွီဓာတ်အားလိုင်းတည်ဆောက်ရာ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော နှစ်ရှည်သီးနှံပင်များအတွက် တောင်သူများအား လျော်ကြေးငွေများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စီမံကိန်းမန်နေဂျာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင့်ဇော်ဦးက လျော်ကြေးငွေများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်က ၆၆ ကေဗွီဓာတ်အားလိုင်း ဖြတ်သွားသည့်အတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိကာ အသေးစားစက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်မည်ဖြစ်ပြီး စီးပွားရေးတိုးတက်လာနိုင်ပြီဖြစ်ကြောင်း ဆွေးနွေးသည်။ ထို့နောက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် နှစ်ရှည်သီးနှံပင်ခြံရှင်တောင်သူ ကိုးဦးထံ လျော်ကြေးငွေများကို တစ်ဦးချင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

# မင်းတုန်းမြို့နယ်အတွင်းရှိ ဘိန်းစိုက်ခင်းများဖျက်ဆီး

**သရက် ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်အတွင်း ဘိန်းစိုက်ပျိုးမှု မရှိစေရေး ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေး စစ်ကြောင်းအမှတ်(၅) နယ်မြေခံတပ်မှ ဗိုလ်ကြီးထက်ကျော်စိုးနှင့်အဖွဲ့၊ မင်းတုန်းရဲတပ်ဖွဲ့ စခန်းမှူး ဒုရဲမှူးစိန်သောင်းနှင့် ပူးပေါင်းအဖွဲ့များက တိုင်တမော့ရေစမ်း အနောက်တောင်ဘက် မြင်းကွေ့ကျေးရွာ၏ အနောက်ဘက် (မူချောင်းဖျား)ရှိ ဘိန်းစိုက်ခင်းတစ်ဧကနှင့် ယင်းအနောက်ဘက်ရှိ ဘိန်းစိုက်ခင်း ငါးဧကခန့်ကို ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့က စတင်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**



ဘိန်းစိုက်ခင်းများ ဖျက်ဆီးနေစဉ်။

# လန်ချန်း-မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေး လူငယ်များဆန်းသစ်တီထွင်မှုပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများဆုရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

**စတုတ္ထအကြိမ်မြောက် လန်ချန်း-မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေး လူငယ်များ၏ ဆန်းသစ်တီထွင်မှုပြိုင်ပွဲ (Youth Innova-tion Competition on Lancang-Mekong Region's Governance and Development-YICMG 2019)ကို ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ရှိ Royal University of Phnom Penh ၌ ကျင်းပခဲ့သည်။**



စတုတ္ထအကြိမ်မြောက် လန်ချန်း-မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေး လူငယ်များ၏ ဆန်းသစ်တီထွင်မှုပြိုင်ပွဲ၌ ဆုရရှိသူများကို တွေ့ရစဉ်။

ယင်းပြိုင်ပွဲသို့ မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်ကြသော တရုတ်နိုင်ငံမှ ပြိုင်ပွဲဝင်အသင်းသုံးသင်း၊ မြန်မာနိုင်ငံမှ လေးသင်း၊ လာအိုနိုင်ငံမှသုံးသင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ သုံးသင်း၊ ထိုင်းနိုင်ငံမှ နှစ်သင်း၊ ဗီယက်နမ်နိုင်ငံမှ လေးသင်း စုစုပေါင်း ၁၉ သင်းမှ ကျောင်းသား ကျောင်းသူပေါင်း ၅၇ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**ဆုကို ထိုက်တန်စွာရရှိ**

ပြိုင်ပွဲတွင် "Green Consumption and Green Production" ခေါင်းစဉ်ဖြင့် ပရောဂျက်အသီးသီး ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံကိုယ်စားပြုအသင်းဖြစ်သည့် ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒဘာသာရပ်အထူးပြု၊ ပထမနှစ်ဂုဏ်ထူးတန်းမှ မောင်အုပ်စိုးကျော်၊ မမေမြတ်နိုးဦး၊ မောင်ဇွဲထက်တို့၏ "Development of Hybrid Solar Dryer" ပရောဂျက်မှ "The Best Project for Incubation Team Award" ဆုကို ထိုက်တန်စွာရရှိခဲ့သည်။

အဆိုပါ ပရောဂျက်သည် စွမ်းအင်နှစ်မျိုးဖြစ်သည့် Solar နှင့် Biomass ဖြင့် လည်ပတ်နိုင်သည့် သီးနှံအခြောက်ခံစက် ကိုအသုံးပြု၍ မဲခေါင်ဒေသအတွင်းရှိ ဒေသခံများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ရပ် ပေါ်ပေါက်လာစေ ရန်၊ ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်ထားသော ပရောဂျက်ဖြစ်သည်။

**ထပ်မံရရှိ**

ထို့ပြင် ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒအထူးပြုမဟာသိပ္ပံကျောင်းသူ မခိုင်ဖြူဖြူသန့်က ဦးဆောင်ပြီး လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံမှ ကျောင်းသား ကျောင်းသူနှစ်ဦးနှင့် ပူးပေါင်းဆောင်ရွက်ကာ ပြိုင်ပွဲဝင်ခဲ့သည့် "Green for Future Website" ပရောဂျက်မှ "The best International Team Award" ဆုကို ထပ်မံရရှိခဲ့သည်။

**ပါဝင်ယှဉ်ပြိုင်**

(Youth Innovation Competition on Lancang-Mekong Region's Governance and Develop-ment- YICMG 2019) YICMG အစီအစဉ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဖူဒန်တက္ကသိုလ်မှ ဦးစီးကျင်းပခြင်းဖြစ်ပြီး ရန်ကုန်တက္ကသိုလ်နှင့် ချိတ်ဆက်ထားသည့် အစီအစဉ်တစ်ခုဖြစ်သည်။ ၂၀၁၆ ခုနှစ်မှစ၍ တစ်နှစ်လျှင်နှစ်ကြိမ် ပြိုင်ပွဲကျင်းပပြီး Greater Mekong Sub-Region (GMS) ခြောက်နိုင်ငံမှ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ ဆန်းသစ်တီထွင် ပရောဂျက်များကို ယှဉ်ပြိုင်စေသည့် အစီအစဉ်ဖြစ်သည်။ မြန်မာနိုင်ငံကိုယ်စားပြုအသင်းတွင် ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒဘာသာရပ်မှ ကျောင်းသားနှစ်ဦး၊ ကျောင်းသူတစ်ဦး၊ ဓာတုဗေဒဘာသာရပ်မှ ကျောင်းသားသုံးဦး၊ ကျောင်းသူသုံးဦး၊ ကုန်ထုတ်ဓာတုဗေဒဘာသာရပ်မှ ကျောင်းသူ သုံးဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့၌ ဒုတိယအကြိမ်မြောက် ဖွံ့ဖြိုးသစ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ဖွံ့ဖြိုးသစ်ကုမ္ပဏီ၏ ကူညီပံ့ပိုးပေးမှုဖြင့် ဒုတိယအကြိမ်မြောက် ဖွံ့ဖြိုးသစ်ဖလား PPT CUP ဂေါက်သီးရိုက်ပြိုင်ပွဲဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲကို ဖေဖော်ဝါရီ ၁ ရက် ည ၇ နာရီက မန္တလေးမြို့ ရေတံခွန်တောင် ဂေါက်ကွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မန္တလေးမြို့ ဒုတိယမြို့တော်ဝန် ဦးရဲမွန်က ဂုဏ်ပြုစကားပြောကြားပြီး ဖွံ့ဖြိုးသစ်ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးသန့်ဇင်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တစ်ဦးချင်းငွေအဆင့် ဆုတွင်ပထမရရှိသည့် စိုးလှိုင်ဦး (နေပြည်တော်ဂေါက်ကလပ်)၊ ဒုတိယဆုရ သန်းနိုင်ဦး (မုံရွာ-အောင်မြသန်းဂေါက်ကလပ်)၊ တတိယဆုရ သင်းနိုင်ဦးနှင့် ကျန်စတုတ္ထမှအဆင့်၂၀ ထိဆု ရရှိသူများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးအောင်ကျော်ထွန်း၊ အထက်မြန်မာပြည်ဂေါက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ကိုနှင့် တာဝန်ရှိသူများက လည်းကောင်း၊ ရွှေအဆင့်တစ်ဦးချင်းဆုတွင် ပထမဆုရ သိန်းဇော်ထွန်း(Mancity-2)၊ ဒုတိယဆုရ Mancity 2 မှ ဇော်ဇော်ထွန်း၊ တတိယဆုရ သီဟအောင် (MGC)နှင့် စတုတ္ထမှ အဆင့် ၂၀ အထိ ဆုရရှိသူတို့ကို ဒုတိယမြို့တော်ဝန် ဦးရဲမွန်၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် တာဝန်ရှိသူများက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ညသ့်သည်တော်ပြိုင်ပွဲ၌ တစ်ဦးချင်းဆုရရှိသူများနှင့် အသင်းလိုက် ပြိုင်ပွဲတွင်ဆုရရှိသူများကို ဖွံ့ဖြိုးသစ်ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ဦးရဲမြင့်က ဆုများပေးအပ်ချီးမြှင့်ကာ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းညှိခံခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၄) ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

၂၀၁၈-၂၀၁၉ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)ကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ ၌ ဆက်လက်ကျင်းပရာ ထိပ်ဆုံးသုံးသင်း စလုံး နိုင်ပွဲဆက်ခဲ့သည်။

ပွဲစဉ် (၁၄) တွင် MIC အသင်းက GV Athletic အသင်းကို လေးဂိုး-သုံးဂိုး၊ AMM အသင်းက PU အသင်းကို ခြောက်ဂိုး-သုံးဂိုး၊ VUC အသင်းက MFF ယူ-၁၉ အသင်းကို ၁၆ ဂိုး-လေးဂိုး၊ မြို့မ YTD အသင်းက Titan XII အသင်းကို ငါးဂိုး-နှစ်ဂိုး၊ UPT အသင်းက White Colour အသင်းကို ကိုးဂိုး-ခြောက်ဂိုး၊ ရွှေမြဝတီအသင်းက Com-rade အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ထိပ်ဆုံးမှ MIC အသင်းသည် ၁၄ ပွဲဆက် အနိုင်ရသော်လည်း ခက်ခက်ခဲခဲကစားခဲ့ရပြီး ကျဉ်းမြောင်းသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဒုတိယနေရာမှ VUC အသင်းနှင့် တတိယနေရာမှ မြို့မ YTD အသင်းမှာလည်း အမှားအယွင်းမရှိ နိုင်ပွဲဆက်ခဲ့သည်။

ပွဲစဉ် (၁၄)အပြီးတွင် MIC အသင်းက ၄၂ မှတ်ဖြင့် ဦးဆောင်နေပြီး VUC အသင်းက ၃၉ မှတ်၊ မြို့မ YTD အသင်းက ရမှတ် ၃၀၊ GV Athletic အသင်းက ၂၄ မှတ်၊ ရွှေမြဝတီအသင်းက ၂၃ မှတ်၊ UPT အသင်းက ၂၁ မှတ်၊ AMM အသင်းက ၁၈ မှတ်၊ Comrade အသင်းက ၁၇ မှတ်၊ Titan XII အသင်းက ၁၁ မှတ်၊ PU အသင်းက ၁၀ မှတ်၊ MFF ယူ-၁၉ အသင်းက ကိုးမှတ်၊ White Colour အသင်းက လေးမှတ်ရထားသည်။

**ရဲရင့်ရှိုင်း**

# မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ခြေစမ်းပွဲတွင် ထပ်မံအနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာယူ-၁၉ အမျိုးသမီးအသင်းနှင့် မြန်မာယူ-၁၆ အမျိုးသမီးအသင်းသည် ယနေ့နံနက်ပိုင်းက သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ခြေစမ်းပွဲကစားရာ မြန်မာယူ-၁၉ အမျိုးသမီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် နွယ်နီဝင်း၊ စန်းသော်သော်၊ လင်းမြင့်မိုရ် စသည့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သလို ယူ-၁၆ အသင်းကလည်း မြတ်နိုးခင်၊ ဆွေမာအောင်၊ ဝင်းဝင်းတို့ဖြင့် လူစုံခဲ့သည်။ ယင်းနှစ်သင်းသည် ဇန်နဝါရီ ၃၀ ရက်က ခြေစမ်းပွဲကစားခဲ့ပြီး သုံးရက်အကြာတွင် ဒုတိယအကြိမ် ခြေစမ်းပွဲ ထပ်မံကစားခြင်းဖြစ်သည်။ ခြေစွမ်းအရ ယူ-၁၉ အသင်းက ပိုသာသော်လည်း ယူ-၁၆ အသင်းသည် ပထမပွဲထက် ကစားပုံ ပိုကောင်းလာသောကြောင့် ပထမပွဲကဲ့သို့ ဂိုးမပြတ်ဘဲ ပြန်လည်ဖိအားပေးကစားနိုင်ခဲ့သည်။ မြန်မာ ယူ- ၁၉ အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုးပြတ်အနိုင်ရနေပြီး ၁၄ မိနစ်တွင် စန်းသော်သော်၊ ၃၄ မိနစ်တွင် လင်းမြင့်မိုရ်တို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ယူ-၁၉ အသင်းနောက်ခံလူတစ်ဦး ဘောလုံးဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ယူ-၁၆ အမျိုးသမီးအသင်း ချေပဂိုးတစ်ဂိုးပြန်ရခဲ့သော်လည်း မြန်မာ ယူ-၁၉ အသင်းအတွက် တတိယဂိုးကို ပွဲပြီးခါနီးတွင် အသင်းခေါင်းဆောင် နွယ်နီဝင်းက သွင်းယူခဲ့သည်။

မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီး ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး မတ်လတွင် ဂျပန်-အာဆီယံဖိတ်ခေါ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာယူ-၁၆ အမျိုးသမီးအသင်းမှာမူ အာရှယူ-၁၆ ခြေစစ်ပွဲဒုတိယအဆင့်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဖေဖော်ဝါရီ ဒုတိယပတ်တွင် သြစတြေးလျနိုင်ငံ၌ ခြေစမ်းပွဲ သွားရောက်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

❒ ***ကျောဖုံးမှ***

မုံရွာကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းအသင်းက Chinland အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

စစ်ကိုင်းအသင်းသည် နှစ်ပွဲဆက် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး လေးပွဲတွင် ၁၁ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

Chinland အသင်းသည် ရောဝတီကို သရေကစားခဲ့သည့် ခြေစွမ်းမျိုး ပြသနိုင်ခြင်းမရှိဘဲ အမှားများခဲ့၍ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ စစ်ကိုင်းအသင်းအတွက် အနိုင်ဂိုးများကို တစ်မိနစ်တွင် ဒိုနယ်၊ မိနစ် ၂၀ တွင် ကျော်စွာမင်း၊ ၇၄ မိနစ်တွင် ဖရိုင်းဒေးက သွင်းယူခဲ့သည်။ ယမန်နေ့က သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်နှင့် ရန်ကုန်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။

ပွဲစဉ်(၄) တတိယနေ့ကို ဖေဖော်ဝါရီ ၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဒဂုံနှင့်ရောဝတီ၊ ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီနှင့် ရှမ်းယူနိုက်တက်၊ ဝေဘာလီကွင်း၌ ရခိုင်နှင့် Southern အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ပရီမီယာလိဂ် ပွဲစဉ်(၂၅) စပါးနှင့် ချယ်လ်ဆီး နိုင်ပွဲယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂၅) အစောဆုံးပွဲစဉ်အဖြစ် စပါးနှင့် နယူးကာဆယ်တို့သည် ဖေဖော်ဝါရီ ၂ရက် (စနေနေ့) ညပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယနေ့ပွဲတွင် နှစ်သင်းစလုံး အဓိကကစားသမားအချို့ဒဏ်ရာ ပြဿနာကြောင့် မပါဝင်ခဲ့ဘဲ ယှဉ်ပြိုင်ခဲ့ကာ ပထမပိုင်းပြီးချိန်ထိ ဂိုးမသွင်းနိုင်သေးဘဲ ဒုတိယပိုင်း ၈၃ မိနစ်တွင် လော်ရန်တီ ဖန်တီးမှုမှတစ်ဆင့် တိုက်စစ်မှူး ဆွန်ဟောင်မင် က စပါးအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူခဲ့ပြီး ပရီမီယာလိဂ်သွင်းဂိုး ၁၀ ဂိုး သွင်းယူထားနိုင်ခဲ့သည်။ ယင်းပွဲတွင် အိမ်ရှင်စပါးအသင်းသည် ဘောလုံးပိုင်ဆိုင် မှုအသာစီးဖြင့် ကစားနိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၂၁ ကြိမ်ထိ ခြိမ်းခြောက်နိုင်ခဲ့သည်။ နယူးကာဆယ်အသင်းသည် ခံစစ်အသွင်ဖြင့် တန်ပြန်တိုက်စစ်ဆင်ခဲ့ရာမှ ဂိုးကန်သွင်းခွင့် ရှစ်ကြိမ်ထိ ရရှိခဲ့သည်။ ယနေ့ပွဲအနိုင်ရရှိခဲ့သည့် စပါအသင်းသည် ရမှတ် ၅၇ မှတ်ရရှိထားပြီး တနင်္ဂနွေနေ့ညတွင် အာဆင်နယ်နှင့် ယှဉ်ပြိုင်မည့် မန်စီးတီးကို ဖိအားပေးလိုက်ပြီ ဖြစ်သည်။ ယင်းပွဲတွင် မန်စီးတီးအသင်းရှုံးနိမ့်ခဲ့လျှင် စပါးတို့ အဆင့်၂ နေရာသို့ တက်လှမ်းနိုင်မည်ဖြစ်သည်။ နယူးကာဆယ်အသင်းသည် ရမှတ် ၂၄ မှတ် သာ ရရှိထားကာ တန်းဆင်းဇုန်အထက်တွင် ရုန်းကန်ရဦးမည်ဖြစ်သည်။

အခြားပွဲစဉ်များတွင် ချယ်လ်ဆီးက ဟတ်ဒါဖီးလ်ကို ငါးဂိုး-ဂိုးမရှိ၊ ပဲလေ့စ်က ဖူလ်ဟမ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဝုလ်ဖ်က အဲဗာတန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဘရိုက်တန်နှင့် ဝက်ဖို့ဒ်က ဂိုးမရှိသရေ၊ ဘန်လေနှင့် ဆောက်သမ်တန်တို့ တစ်ဂိုးစီ သရေပွဲများဖြစ်ခဲ့သည်။

**သီဟ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ခရစ္စတယ်လ်ပဲလေ့စ်အသင်းသည် ချယ်လ်ဆီးတိုက်စစ်ကစားသမား ဘတ်ရှူအာရီအား ရာသီကုန်အထိ အငှားဖြင့်ခေါ်ယူလိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။
- ဖူလ်ဟမ်အသင်းသည် အပြောင်းအရွှေ့ဈေးကွက်ကာလ နောက်ဆုံးရက်တွင် လီဗာပူးအသင်းမှ တောင်ပံကစားသမား မာကိုဗစ်အား အပြီးသတ်ခေါ်ယူနိုင်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။
- တိုက်စစ်ကစားသမား မာရှယ်သည် မန်ယူအသင်း၌ နောက်ထပ် တစ်နှစ်သက်တမ်းတိုးခွင့်နှင့်အတူ ၂၀၂၄ ခုနှစ်အထိရှိမည်ဖြစ်သော သက်တမ်းတိုးစာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။
- အာဆင်နယ်အသင်းသည် ဘာစီလိုနာကွင်းလယ်ကစားသမား ဒင်းနစ်ဆွာရက်ဇ်ကို ရာသီဝက်အငှားဖြင့် ခေါ်ယူနိုင်ခဲ့သည်ဟု အတည်ပြုထုတ်ပြန်လိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။
- ဒေါ့မွန်ကွင်းလယ်ကစားသမား ကာဂါဝါ (၂၉ နှစ်) သည် တူရကီကလပ်ဘက်ဆီးတပ်စ်အသင်းသို့ ရာသီဝက်အငှားဖြင့် ပြောင်းရွှေ့ရောက်ရှိသွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။
- မန်ယူနှင့် အီကွေဒေါခံစစ်ကစားသမား ဗလင်စီယာ (၃၃နှစ်) သည် ဖူလ်ဟမ်နှင့် နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့နိုင်မည့် အခွင့်အရေးကို ပယ်ချလိုက်ကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# ပန်းတောင်းမြို့နယ်၌ သတင်းမီဒီယာအမည်ခံ၍ ခြိမ်းခြောက်ငွေတောင်းသူများ ဖမ်းဆီးအရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျောက်ဖူး သစ်တောကြိုးဝိုင်းအတွင်း ဝါး/မီးသွေးဖုတ်လုပ်ငန်း လုပ်ကိုင်သူများထံမှ ခြိမ်းခြောက်ငွေတောင်းခံသည့် မှုခင်းသတင်းစုံနှင့် အွန်လိုင်းသတင်း အေဂျင်စီ၊ နေပြည်တော်တိုင်းမီဒီယာ အဖွဲ့မှဟုဆိုသူ ဇေယျာလင်း (ခ) လှိုင်ငွေးနှင့် အဖွဲ့အား ဉသျှစ်ပင်နယ်မြေရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ခြိမ်းခြောက်ငွေတောင်း**

ဖြစ်စဉ်မှာ ကျောက်ဖူးသစ်တောကြိုးဝိုင်းအတွင်းရှိ ညောင်အေတဲတိုက်သို့ ဇန်နဝါရီ ၃၀ ရက်တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နေ ဇေယျာလင်း (ခ) လှိုင်ငွေး အပါအဝင် ၁၀ ဦး ရောက်ရှိလာပြီး ၎င်းတို့မှာ နေပြည်တော်မှ လာသည့်အဖွဲ့ဟု ပြောဆို၍ ဒေသခံ ဦးစောနိုင်အပါအဝင် ဝါး/မီးသွေးဖုတ် အလုပ်သမားများ၏ တဲများအား ဓာတ်ပုံရိုက်ခြင်း၊ ဦးကိုကိုအောင်၏ တဲပေါ်သို့ တက်ရောက်၍ ဓာတ်ဘူးနှင့် အိုးခွက်ပန်းကန်များအား ဖျက်ဆီးခြင်းတို့ကို ပြုလုပ်ပြီး မင်းတို့လုပ်ကိုင်နေတာကို အထက်ကို တင်ပြမည်ဟု ခြိမ်းခြောက်ပြောဆိုကာ ငွေကျပ် နှစ်သိန်း တောင်းခံသွားခဲ့ကြောင်း။

၎င်းတို့အဖွဲ့သည် ဇန်နဝါရီ ၃၁ ရက်တွင် သစ်တောကြိုးဝိုင်းရှိ ဂွကြီးတဲတိုက်သို့ ထပ်မံသွားရောက်ပြီး မစန်းငွေး၏ ဝါး/မီးသွေးဖုတ် လုပ်ငန်းများအား ဓာတ်ပုံရိုက်၍ ခြိမ်းခြောက်ငွေတောင်းခံခဲ့ကြောင်း၊ ဆက်လက်၍ ကျောက်တံခါးတဲတိုက်သို့ သွားရောက်၍ ဝါးခုတ်အလုပ်သမားခေါင်းဆောင် ကိုဇော်ကြီးနှင့် အဖွဲ့အား ခြိမ်းခြောက်ငွေတောင်းခံစဉ် စကားများရန်ဖြစ်ပြီး ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့ကြောင်း။

**ဝန်ခံထွက်ဆို**

ယင်းကဲ့သို့ ခိုက်ရန်ဖြစ်ပွားမှုနှင့် ပတ်သက်၍ ဉသျှစ်ပင်နယ်မြေရဲစခန်း၌ နှစ်ဖက်အပြန်အလှန် အမှုဖွင့်တိုင်တန်းသဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း၊ ၎င်းအဖွဲ့သည် လွန်ခဲ့သော ၄၊ ၅ ရက်ခန့်က သနီချောင်းအနီးရှိ ဝါး/မီးသွေးဖုတ်လုပ်ကိုင်သူများထံမှလည်း ငွေကျပ် ၁၀ သိန်း ခြိမ်းခြောက်တောင်းယူခဲ့သည်ဟု ကိုယ်တိုင်ဝန်ခံ ထွက်ဆိုခဲ့ကြောင်း သိရှိရသည်။



ဖမ်းဆီးရမိသည့် သတင်းမီဒီယာအမည်ခံ၍ ခြိမ်းခြောက်ငွေတောင်းသည့်အဖွဲ့ကို တွေ့ရစဉ်။

ဇေယျာလင်း (ခ) လှိုင်ငွေးသည် ငွေကျပ် ၃၆ သိန်း လိမ်လည်ရယူမှုဖြင့် သာယာဝတီမြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၄၂၀ ဖြင့် အမှုဖွင့်အရေးယူခံထားရသည့် တရားခံပြေးတစ်ဦးဖြစ်ကြောင်းသိရှိရပြီး ၎င်းနှင့်အတူ သွားရောက်သည့် ၁၀ ဦးလုံးကို ဖမ်းဆီးရမိကာ ဥပဒေနှင့်အညီ ထပ်မံအမှုဖွင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၃-၂-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ဦးခိုက်ဖူးမြော် ခန္တီးမြို့မှ ရှေးဟောင်းသမိုင်းဝင် မြသိန်းတန်စေတီတော်"
၉း၁၅ - "ရှမ်းတိုင်းရင်းသားတို့ရဲ့ ချစ်စရာရိုးရာအိမ်ကလေးများ"
၉း၃၅ - MRTV Travelogue
၁၀း၀၀ - Sunday Talk
၁၀း၃၀ - ဒေသခံပြည်သူများအတွက် အကျိုးများစေမည့် ချင်းတောင်တန်းမှ သီကီရဲရေလှောင်တမံဆီ
၁၁း၀၀ - လှပစုံလင် အာဆီယံတစ်ခွင်
၁၁း၃၀ - BBC ခံစားကြည့်
၁၂း၃၀ - This Week's Special Interest
၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "မလိခချစ်သူ"

**ညပိုင်း**

၁၅း၁၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် ဟံသာဝတီယူနိုက်တက် FC နှင့် ရှမ်းယူနိုက်တက် FC
၁၈း၂၀ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "အပျိုစင်ဒေသ ... ရှာငံအလှ"
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "မလိခမြစ်ပင်လယ်က နတ်ကျွန်းအလှသဘာဝ"
- တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ
- "မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း"(ဆဋ္ဌမခေတ်)

## လှိုင်သာယာ၌ မူးယစ်ဆေးဝါးသိမ်းဆည်းရမိသူကို စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှု ရှစ်မှု ဖော်ထုတ်နိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၉ ရက် ည ၈ နာရီခန့်က လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂) ဦးချိန်လမ်းမပေါ်တွင် ခိုးမှုပြစ်ချက်ဟောင်းရှိသူ တင်မိုးဝင်း(ခ) ဝမ်ချိုင်းကို CZI - 125 ဆိုင်ကယ် စီးနင်းလာသည်ကိုတွေ့ရှိသဖြင့် စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ပြား သိမ်းဆည်းရမိသည်။



တင်မိုးဝင်း(ခ) ဝမ်ချိုင်းကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**စစ်ဆေးပေါ်ပေါက်**

ဖမ်းဆီးရမိသူ လှိုင်သာယာမြို့နယ် (၆)ရပ်ကွက် အဆင့်မြင့်ပညာပတ်လမ်းနေသူ တင်မိုးဝင်း(ခ) ဝမ်ချိုင်းကို စစ်ဆေးခဲ့ရာ ၎င်းသည် ညီညီနိုင်(ခ) ညီညီနှင့် ဂျပု(ခ)ချစ်ရင်ထူး(ခ) ချစ်ရအောင်တို့နှင့်အတူ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်းက စက်မှုဇုန်(၃၊ ၄၊ ၅၊ ၆၊ ၇) ရပ်ကွက်များရှိ နေအိမ်ခြံဝင်းများအတွင်း ရပ်တန့်ထားသော ဆိုင်ကယ်မျိုးစုံ ရှစ်စီးကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

**အရေးယူထား**

ဖြစ်စဉ်များနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သည့် ညီညီနိုင်(ခ) ညီညီနှင့် ဂျပု(ခ)ချစ်ရင်ထူး (ခ)ချစ်ရအောင်တို့ကို ဖမ်းဆီးနိုင်ရေးဆောင်ရွက်လျက်ရှိပြီး တင်မိုးဝင်း(ခ) ဝမ်ချိုင်းကို အရေးယူထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## မန္တလေး - မိုးကုတ်ကားလမ်း၌ ယာဉ်မောင်းအိပ်ငိုက်ပြီး သစ်ပင်ဝင်တိုက်မိသဖြင့် နှစ်ဦးသေဆုံး

**မတ္တရာ ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မန္တလေး-မိုးကုတ်ကားလမ်းတွင် ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက ယာဉ်မောင်း အိပ်ငိုက်သဖြင့် ယာဉ်တိုက်မှုဖြစ်ကာ နှစ်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာများရရှိကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းက စဉ့်ကူးမြို့နယ်နေသူ ယာဉ်မောင်း ချစ်ဦးမောင်(၃၅ နှစ်) မောင်းနှင်ပြီး ခရီးသည်ခြောက်ဦး လိုက်ပါလာသည့် MDY/GG----- အေဒီဗင်ယာဉ်သည် မတ္တရာမြို့နယ် ဝသုန္ဒရကျေးရွာ တောင်ဘက် နှောပင်နတ်စင်အနီး မန္တလေး- မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ် (၁၃/၄) နှင့် (၁၃/၅) အကြားအရောက် ယာဉ်မောင်းအိပ်ငိုက်၍ လမ်းအနီးရှိ သစ်ပင်ကို ဝင်ရောက်မိပြီးနောက် အရှိန်လွန်ကာ လမ်းဘေးချောက်ထဲသို့ ထိုးကျသွားခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် မဟာအောင်မြေ မြို့နယ်နေသူများဖြစ်သည့် ရှိန်းကို (၂၅ နှစ်)၊ ဦးမျိုးညွန့် (၅၂ နှစ်)၊ ကိုရွှေမန်း(၃၁ နှစ်)၊ ကိုမျိုးမြင့်အောင် (၂၉ နှစ်)နှင့် ယာဉ်မောင်း ချစ်ဦးမောင်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်စဉ် ချစ်ဦးမောင်မှာ လမ်း၌ သေဆုံးသွားခဲ့သည်။ အလားတူ ဒဏ်ရာရရှိသည့် ဆန်းထွန်း(၃၆ နှစ်)နှင့် နေရာတွင် သေဆုံးသွားသည့် ဦးထွန်း ဇော် (၄၅ နှစ်) တို့ နှစ်ဦးကို မတ္တရာပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ဖြစ်စဉ် နှင့်ပတ်သက်၍ ယာဉ်မောင်း ချစ်ဦးမောင်ကို မတ္တရာမြို့မရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## တမူး၊ မူဆယ်၊ တန့်ယန်း၊ လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မူးယစ်တပ်ဖွဲ့စု(၇) တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီခွဲက တမူးမြို့ တမူးမြို့မရပ်ကွက် မြင်ဖူပေါက်အနီးတွင် လမ်းလျှောက်လာသူ တင်ကျော်နှင့် သန်းစိုးအောင်(ခ) အိုက်စိုးတို့ နှစ်ဦးကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ပန်လုံဟောင်းရပ်ကွက် လမ်းသွယ်(၁)နေ မဥမ္မာနှင့် မာနော်တို့၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မူဆယ်မြို့ ပန်လုံဟောင်းရပ်ကွက် လမ်းသွယ်(၁)နေ မနန်းဆိုင်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ဆက်လက်၍ မနန်းဆိုင်၏စစ်ဆေးချက် မူဆယ်မြို့ ပန်လုံဟောင်း ရပ်ကွက် လမ်းသွယ်(၁)နေ မတွမ်ရွှေမိတ်(ခ) မဝေ၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ တွမ်ဂျုံးစိန်း(ခ)မောင်စိန်းကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၃၄၀၀ ကို လည်းကောင်း။

အလားတူ ထိုနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် မူးယစ်တပ်ဖွဲ့စု(၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ အမှတ်(၂)ရပ်ကွက်နေ အိုက်မောင်နှင့် မအေးအောင်တို့၏နေအိမ်ကို ဝင်ရောက်ရှာဖွေစစ်ဆေးရာ အိုက်မောင်ကို တွေ့ရှိပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကို လည်းကောင်း။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ခါးသျှို(အောက်)ကျေးရွာအဝင် လားရှိုး-တန့်ယန်းသွားကားလမ်းတွင် ကျင်းရှိမောင်းနှင် လာသော Nissan Wingroad မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တန့်ယန်းမြို့နယ်၌ ဘိန်းစိုက်ခင်းများအား ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက ဘိန်းစိုက်ခင်းများအား ဖျက်ဆီးလျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်တွင် တန့်ယန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က တန့်ယန်းမြို့နယ် ပါစန်ကျေးရွာပါ နှစ်ရွာတို့၌ အမြင့်နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၁၂ ဒသမ ၅ ဧကခန့်ကို ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## သရက်မြို့၌ ဖြစ်ပွားသည့်ဖြစ်စဉ် အေးချမ်းတည်ငြိမ်သွားပြီဖြစ်

**သရက် ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ယမန်နေ့ ည ၆ နာရီခွဲခန့်က ဘောလုံးပွဲမှ ပြန်လာသူများက ရုံးရပ်ကွက် လမ်းမတော်လမ်းရှိ မဒီနာလက်ဖက်ရည်ဆိုင်ပိုင်ရှင်၏ ကားမှန်များကိုရိုက်ခွဲရာမှ ခိုက်ရန်ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့က အချိန်မီ ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ခရိုင်ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနတွင် ထိခိုက်ဒဏ်ရာရရှိသူ ၁၆ ဦး ကုသမှုခံယူခဲ့သော်လည်း ညတွင်းချင်း ပြန်သွားကြသဖြင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးသာ ဆေးကုသခံယူလျက်ရှိကြောင်း သိရသည်။

ယခုအခါ ပြဿနာတစ်စုံတစ်ရာ ဖြစ်ပွားမှုမရှိတော့ဘဲ အေးချမ်းတည်ငြိမ်လျက်ရှိပြီး ကားမှန်များရိုက်ခွဲခံရသည့် မော်တော်ယာဉ်ပိုင်ရှင်က ဥပဒေအရ အရေးယူပေးရန် သရက်မြို့မစခန်းတွင် တိုင်တန်းသဖြင့် အမှုဖွင့်ထားကြောင်း သိရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ခရိုင်ရဲတပ်ဖွဲ့မှ ရဲမှူး မောင်မောင်ဇော်က "မနေ့ညက သရက်မြို့မှာ ဖြစ်ပွားတဲ့ဖြစ်စဉ်က အခြားအကြောင်းအရာ မပါပါဘူး။ အခြားသူတွေ ပြောနေတဲ့ ဘာသာရေးပဋိပက္ခဆိုတာလည်း မဟုတ်ပါဘူး။ ဘောလုံးပွဲကပြန်လာပြီး မူးယစ်သောက်စားရာကနေ မော်တော်ကားမှန်ရိုက်ခွဲရာမှ ရုန်းရင်းဆန်ခတ် ဖြစ်ပေါ်တဲ့ သဘောပဲဖြစ်ပါတယ်။ အခု အေးချမ်းတည်ငြိမ်သွားပါပြီ။ ကျွန်တော်တို့ဆီကလည်း ဆက်လက်စောင့်ကြည့် ကြပ်မတ်လျက်ရှိပါတယ်" ဟု ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

## တာချီလိတ်၌ ဖယောင်းတိုင်မီးထွန်းရာမှ မီးလောင်မှုဖြစ်

**တာချီလိတ် ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလျှံ(၃) စည်ပင်ရုံးဘေးလမ်းကြား ရွှေဝါနဒီပန်းခြံအနီး တိုက်ခန်းငှား ခြောက်ခန်းတွဲ၌ ဖေဖော်ဝါရီ ၁ ရက် ည ၈ နာရီခွဲခန့်က မီးလောင်မှုဖြစ်ကာ နေအိမ်အခန်းတွင်းရှိ အသုံးဆောင်ပစ္စည်းများ မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁ ရက် ည ၈ နာရီခွဲခန့်က တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလျှံ(၃) စည်ပင်ရုံးဘေးလမ်းကြားတွင် တာချီလိတ်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုဦးစီးမှူး ဦးဉာဏ်မြင့်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေ ပြည်သူများက မီးသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်အားစစ်ဆေးရာ တိုက်ခန်းငှားပိုင်ရှင် ဒေါ်နန်းညွန့်၏ သမက်ဖြစ်သူ ကျော်သူအောင်(၃၆ နှစ်)သည် ဘုရားစင်တွင် ဖယောင်းတိုင်မီးဖြင့် ပူဇော်ထားရာမှ လဲကျလောင်ခြင်းဖြစ်ကာ အိမ်အသုံးဆောင်ပစ္စည်းအချို့ကို မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်သူအောင်(၃၆ နှစ်) ကို တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် မိန့်ခွန်းပြောနေစဉ်။

## နယ်စပ်တံတိုင်းတည်ဆောက်ရေးကိစ္စ အရေးပေါ်အခြေအနေကြေညာရန် ထရမ့်စဉ်းစားမည်

ဝါရှင်တန် ဖေဖော်ဝါရီ ၂

**မက္ကဆီကိုနယ်စပ်တံတိုင်းတည်ဆောက်ရေးကိစ္စ လွှတ်တော်အမတ်များနှင့် ဆွေးနွေးမှု အဆင်ပြေမည့်အလားအလာမရှိသည့်အတွက် အဆိုပါ ကိစ္စအား ဆက်လက်အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် တစ်နိုင်ငံလုံးအရေးပေါ်အခြေအနေကြေညာရန် စဉ်းစားရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မကြာသေးမီက ပြောလိုက်သည်။**

ဒီမိုကရက်များသည် နယ်စပ်တံတိုင်းလုံခြုံရေးကို မလိုလားသလို နယ်စပ်တံတိုင်းတည်ဆောက်ခြင်းသည် လူ့ကျင့်ဝတ်နှင့် မညီဘူးဟု ပြောဆိုနေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။

တံတိုင်းတည်ဆောက်ရေးအတွက် ရန်ပုံငွေရရှိရန် ပါတီနှစ်ရပ်မှအမတ်များ ဆွေးနွေးခြင်းသည် အချိန်ဖြုန်းခြင်းသာဖြစ်ကြောင်းလည်း ထရမ့်က မကြာသေးမီက ပြောကြားလိုက်သည်။

ထို့အပြင် လွှတ်တော်၏ အတည်ပြုချက်မပါဘဲ နယ်စပ်တံတိုင်းတည်ဆောက်နိုင်ရေးအတွက် အရေးပေါ်အခြေအနေကြေညာချက် ထုတ်ပြန်ကောင်း ထုတ်ပြန်မည်ဖြစ်ကြောင်း နယူးယောက်တိုင်းမ်နှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောခဲ့သည်။

နယ်စပ်လုံခြုံရေးကိစ္စ ရက်သတ္တသုံးပတ်အတွင်း သဘောတူညီမှုမရလျှင် အစိုးရယန္တရားလည်ပတ်မှုများ ပြန်လည်ရပ်ဆိုင်းနိုင်ကြောင်း သတင်းရရှိသည်။

**အေအက်ဖ်ပီ**

## ဂျူအန်ဂွိုက်ဒိုကို ဗင်နီဇွဲလားသမ္မတအဖြစ် အသိအမှတ်ပြုရန် အမေရိကန် နှိုးဆော်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ဗင်နီဇွဲလားသမ္မတအဖြစ် ကမ္ဘာ့နိုင်ငံအားလုံးက အသိအမှတ်ပြုပေးရန်နှင့် လွတ်မြောက်ရေးဘက်တွင် ရပ်တည်ကြရန် အမေရိကန်ပြည်ထောင်စုက တိုက်တွန်းကြောင်း အမေရိကန်ဒုသမ္မတ မိုက်ပန့်စ်က ပြောကြားလိုက်သည်။

နိုင်ငံရေးတင်းမာမှုများ တစ်နေ့တခြား မြင့်မားလာသည့် ဗင်နီဇွဲလားနိုင်ငံတွင် လက်ရှိ သမ္မတ နီကိုလပ်မာဒူရိုနှင့် ကြားဖြတ်သမ္မတအဖြစ် ကြေညာခဲ့သူ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုတို့၏ အာဏာယှဉ်ပြိုင်မှုသည် ကြီးမားလာနေကြောင်း သတင်းရရှိသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ဗင်နီဇွဲလားအတိုက်အခံ ခေါင်းဆောင်ဘက်တွင် ရပ်တည်ကြောင်း အမေရိကန်ဒုသမ္မတ မိုက်ပန့်စ်က ပြောကြားခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံတွင် လွတ်လပ်မှုပြန်လည်ရရှိလာသည်အထိ အမေရိကန်အစိုးရသည် ဗင်နီဇွဲလား ပြည်သူများနှင့်အတူ ရပ်တည်သွားမည်ဖြစ်ကြောင်း ဒုသမ္မတ မိုက်ပန့်စ်က ပြောသည်။

**အေအက်ဖ်ပီ**

## ပိုလန်နိုင်ငံမှ အမဲသားများ အီးယူနိုင်ငံအချို့တွင် သိမ်းဆည်းပြီး ဖျက်ဆီး

ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၂

**ရောဂါရှိသည့် နွားများကိုသတ်ကာ တင်ပို့သည်ဟုသံသယရှိသော ပိုလန်နိုင်ငံမှ အမဲသားများကို သောကြာနေ့က အီးယူနိုင်ငံအချို့တွင် သိမ်းဆည်းဖျက်ဆီးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ အချို့သော အသားများမှာ ဝယ်သူများကို ရောင်းချပြီးဖြစ်ကြောင်းလည်း သိရသည်။**

ပိုလန်နိုင်ငံဘက်ကမူ ထိခိုက်ခံစားခဲ့ရသည့် နိုင်ငံများကို အဆိုပါအသားများမှာ လူများ၏ ကျန်းမာရေးကို ထိခိုက်စေမည်မဟုတ်ကြောင်း ပြောကြားခဲ့ပြီး စိတ်သက်သာရာရစေရန် ကြိုးပမ်းခဲ့သည်။ ပိုလန်နိုင်ငံမှ တိရစ္ဆာန်ဆေးကုဆရာဝန်က သံသယရှိဖွယ် အမဲသား ၂ ဒသမ ၇ တန်ခန့်မှာ ပြည်ပသို့ တင်ပို့ခဲ့ပြီးဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

ဥရောပ ကော်မရှင်က အဆိုပါအသားများသည် ဥရောပ ၁၃ နိုင်ငံသို့ ပျံ့နှံ့နေပြီး ယခုအခါ ဖျက်ဆီးခြင်းများ ပြုလုပ်နေပြီဖြစ် ကြောင်း ပြောသည်။ ယခုဖြစ်ရပ်ကြောင့် ၂၀၁၃ ခုနှစ်က မြင်းသားများကို အမဲသားအဖြစ်ရောင်းချပြီး ဥရောပတစ်လွှား အသင့်စား အစားအစာများတွင် ထည့်သွင်းရောင်းချခဲ့သည့်ဖြစ်ရပ်ကို ပြန်လည်သတိရစေသည်။ လက်ရှိအခြေအနေကိုစစ်ဆေးရန်အတွက် ဘရပ်ဆဲလ်မှ တာဝန်ရှိသူများသည် ပိုလန်သို့ စစ်ဆေးရေးအဖွဲ့စေလွှတ်မည်ဖြစ်သည်ဟု ဥရောပကော်မရှင်မှ ပြောရေးဆိုခွင့်ရှိသူ အန်ကာပက်ဒူရာ က ပြောသည်။ ပြင်သစ်နိုင်ငံ အစားအသောက်ဆိုင်ရာ အထွေထွေညွှန်ကြားရေးမှူးရုံးက အသား ၅၀၀ ကီလိုဂရမ်ကျော်ကို သိမ်းဆည်းဖျက်ဆီးပြီးဖြစ်ကြောင်း ပြောသည်။ ဝယ်ယူသုံးစွဲသူများကိုလည်း သတိပေးမှုများ ပြုလုပ်ထားကြောင်း ပြင်သစ်စိုက်ပျိုးရေးဝန်ကြီးက ပြောသည်။ ပေါ်တူဂီအာဏာပိုင်များကလည်း ၎င်းတို့အနေဖြင့် သံသယရှိသည့် ပိုလန်မှ အမဲသား ၉၉ ကီလိုဂရမ်ကို ဖျက်ဆီးပြီးဖြစ်ကြောင်း ပြောသည်။ ရိုမေးနီးယားတွင် အသား ၁၄၃၂ ကီလိုဂရမ်ကို ဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဆွီဒင်နိုင်ငံကလည်း ကျန်ရှိနေသေးသည့် အမဲသားများကို ဖျက်ဆီးပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



သားသတ်ရုံမှ အသားများကို တွေ့ရစဉ်။



အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို။

## မဟာဗျူဟာမြောက် နျူကလီးယားစာချုပ်မှ အမေရိကန်နုတ်ထွက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

အမေရိကန်နှင့် ရုရှားနိုင်ငံကြား ဆယ်စုနှစ်ချီရှိနေသည့် မဟာဗျူဟာမြောက် နျူကလီးယားစာချုပ်မှ အမေရိကန်နုတ်ထွက်ကြောင်း မကြာသေးမီက ကြေညာလိုက်ကြောင်း သတင်းရရှိသည်။ နျူကလီးယားစာချုပ်မှ အမေရိကန်နုတ်ထွက်သည့် ထိုကြေညာချက်ကြောင့် လက်နက်အပြိုင်အဆိုင်တပ်ဆင်မှုများ ပေါ်ပေါက်လာမည်ကို စိုးရိမ်မကင်းဖြစ်နေကြောင်း သိရသည်။

စစ်အေးကာလကတည်းက ချုပ်ဆိုခဲ့သည့် နျူကလီးယားလက်နက်မပြန့်ပွားရေးနှင့် ထိန်းချုပ်ရေးစာချုပ်ကို လိုက်နာတော့မည် မဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ယမန်နေ့က ကြေညာလိုက်ခြင်းဖြစ်သည်။

၁၉၈၇ ခုနှစ်က ချုပ်ဆိုခဲ့သည့် နျူကလီးယားလက်နက်ဆိုင်ရာစာချုပ်ကို ရုရှားဘက်က ဖောက်ဖျက်ကြောင်း အမေရိကန်က စွပ်စွဲလိုက်ပြီးနောက် ရုရှားက အဆိုပါစွပ်စွဲချက်ကို ငြင်းဆန်ထားကြောင်း သိရသည်။

ရုရှားနှင့် စေ့စပ်ညှိနှိုင်းမှုပြေလည်မှုမရသောကြောင့် အမေရိကန်က နုတ်ထွက်မည်ဟု မျှော်လင့်ထားခြင်းသည် လနှင့်ချီကြာမြင့်နေပြီဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သည့် ဒီဇင်ဘာလက စာချုပ်ပါ စည်းမျဉ်းများအတိုင်းလိုက်နာရန် ရုရှားကို ရက်ပေါင်း ၆၀ အချိန်ပေးမည်ဖြစ်ကြောင်း မိုက်ပွန်ပီအိုက ပြောကြားခဲ့သော်လည်း နောက်ဆုံးတွင် ဆွေးနွေးညှိနှိုင်းမှု အောင်မြင်မှုမရသောကြောင့် နုတ်ထွက်လိုက်ရခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့်သာ အမေရိကန်နိုင်ငံအနေဖြင့် ရှေ့သို့သာ ဆက်လက်ချီတက်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

မော်စကိုက အခုလိုအမေရိကန်ပြည်ထောင်စုအနေဖြင့် နျူကလီးယားသဘောတူစာချုပ်မှ နုတ်ထွက်သွားသည့်အတွက် ဝမ်းနည်းကြောင်း ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**

## စထရာဘာ့ခ်မြို့ တိုက်ခိုက်မှုတွင် လက်နက်ထောက်ပံ့မှုဖြင့် သံသယရှိသူ သုံးဦးကို ဖမ်းဆီး

**ပါရီ ဖေဖော်ဝါရီ ၂**

ပြင်သစ်နိုင်ငံ စထရာဘာ့ခ်မြို့တိုက်ခိုက်မှုတွင် သေနတ်သမားများကို လက်နက်ထောက်ပံ့သည်ဟူသော စွပ်စွဲချက်ဖြင့် လူသုံးဦးကို သောကြာနေ့က တရားစွဲဆိုခဲ့ပြီး တရားခွင်မတိုင်မီ ထိန်းသိမ်းမှုများ ပြုလုပ်ထားကြောင်း တရားရေးသတင်းအရင်းအမြစ်များအရ သိရသည်။ ယခုဖမ်းဆီးထားသည့် လူသုံးဦးမှာ မိသားစုတစ်စုတည်းကဖြစ်ပြီး အသက် ၃၂ နှစ်၊ ၃၄ နှစ်နှင့် ၇၈ နှစ်တို့ အသီးသီးရှိကြပြီး အကြမ်းဖက်သမားနှင့် လျှို့ဝှက်ပူးပေါင်းကြံစည်မှုဖြင့် ဖမ်းဆီးထားကြောင်း သတင်းအရင်းအမြစ်များက ပြောသည်။ သေနတ်သမားဖြစ်သူ ချရစ်ချက်ခ် သည် ပစ္စတိုသေနတ်ဖြင့် လဟာပြင်စျေးတွင် ဒီဇင်ဘာ ၁၁ ရက်က ပစ်ခတ်မှုပြုလုပ်ခဲ့သည်။ အချိန်တစ်ခဏအတွင်း လူ ငါးဦး သေဆုံးခဲ့ပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ ပစ္စတိုကို ယခုဖမ်းဆီးခံထားရသည့် လူသုံးဦးက ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း စွပ်စွဲထားသည်။ သံသယရှိသူ သုံးဦးကို ပြင်သစ်နိုင်ငံ အရှေ့ပိုင်းတွင် အင်္ဂါနေ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဒီဇင်ဘာ ၁၇ ရက်ကလည်း သေနတ်သမားနှင့် ဆွေမျိုးတော်စပ်သူကို ဖမ်းဆီးမှု ပြုလုပ်ခဲ့သည်။

**အေအက်ဖ်ပီ**

## ဗြိတိန်နိုင်ငံတွင် ခုနှစ်နှစ်တာကာလအတွင်း အအေးဆုံးညနှင့် တွေ့ကြုံခံစားကြရ

**လန်ဒန် ဖေဖော်ဝါရီ ၂**

ပြီးခဲ့သည့် ကြာသပတေးနေ့က ဗြိတိန်နိုင်ငံရှိ နေရာအချို့၌ နှစ်ပေါင်း ခုနစ်နှစ်တာကာလအတွင်း အအေးဆုံးညနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ ထို့ကြောင့် အအေးဒဏ်အတွက် အဝါရောင်သတိပေးချက်ကို ဗြိတိန်နိုင်ငံ မိုးလေဝသဌာနက သောကြာနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ဗြိတိန်နိုင်ငံတွင် အလုပ်သွား အလုပ်ပြန်ကြသူများကိုလည်း သောကြာနေ့တွင် အလုပ်စောစောဆင်းကြရန်နှင့် နိုင်ငံအတွင်း အအေးဒဏ် ပိုမိုပြင်းထန်လာသည့်အတွက် ယင်းသို့သတိပေးချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ရေခဲနှင့်နှင်းများသည် ဧရိယာအတော်များများတွင် ဖုံးလွှမ်းနေကြောင်းသိရသည်။ လာမည့် နာရီများအတွင်း နောက်ထပ်ဆီးနှင်းများ ကျလာဖွယ်ရှိကြောင်း မိုးလေဝသဌာနမှ ပြောသည်။ ခရီးသွားမည့် အစီအစဉ်များကို ဖျက်သိမ်းထားရန်လည်း သတိပေးထားသည်။ စကော့တလန်ရှိ အပူချိန်မှာ နှစ်ပေါင်း ခုနစ်နှစ်တာကာလအတွင်း အနိမ့်ဆုံးသို့ ထိုးကျသွားသည်။ ဆီးနှင်းများ ထူထဲစွာ ကျဆင်းခြင်းကြောင့် လမ်းသွားလမ်းလာများအတွက် အနှောင့်အယှက်များဖြစ်နိုင်ကြောင်း အင်္ဂလန်နိုင်ငံတောင်ပိုင်းတွင် ကြာသပတေးနေ့ညက ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် လူရာနှင့်ချီ၍ ကားအတွင်း ပိတ်မိနေခဲ့ကြသည်။

အင်္ဂလန်နှင့် ဝေလနယ်တို့တွင် အပူချိန်မှာ အနုတ် ၁၅ ဒသမ ၄ ဒီဂရီအောက် ကျဆင်းသွားသည့်အတွက် ၂၀၁၂ နောက်ပိုင်း အအေးဆုံးညနှင့် ကြုံတွေ့ခဲ့ရသည်။ လန်ဒန်မြို့တွင် သောကြာနေ့ မွန်းလွဲပိုင်းအချိန်ထိ ဆီးနှင်းများ ကျဆင်းနေဆဲဖြစ်သည်။ စနေနေ့ညမှ တနင်္ဂနွေနေ့ညအထိ အလွန်အေးနိုင်သေးကြောင်း မိုးလေဝသရုံးမှ အရာရှိ မာခ်ဝေလ်ဆင်က ပြောသည်။

**ဆင်ဟွာ**

# အီရန်နိုင်ငံနဲ့ ကုန်သွယ်နိုင်ဖို့ နည်းလမ်းသစ် ရှာဖွေနိုင်ပြီလား

## ချိုးစန္ဒီနွေး

**အီရန်နျူကလီးယား သဘောတူစာချုပ်ကနေ နုတ်ထွက်ဖို့ အမေရိကန်သမ္မတဒေါ်နယ်ထရမ့် ဆုံးဖြတ်ခဲ့ပြီးနောက် အမေရိကန်ဟာ အီရန်အပေါ် စီးပွားရေးပိတ်ဆို့မှုအသစ်တွေ လွန်ခဲ့တဲ့နှစ်ကစပြီး ပြုလုပ်ခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ ဥရောပခေါင်းဆောင်တွေဟာ ကျန်ကမ္ဘာ့နိုင်ငံတွေနဲ့ အီရန်တို့ စီးပွားရေး ဆက်လက်လုပ်ဆောင်နိုင်ဖို့ နည်းလမ်းတွေ အလေးထားရှာဖွေခဲ့ပါတယ်။**

### ကုန်ပစ္စည်းချင်းဖလှယ်မယ်

လပေါင်းများစွာ စောင့်ဆိုင်းပြီးတဲ့အခါမှာတော့ ဥရောပအင်အားကြီးသုံးနိုင်ငံဖြစ်တဲ့ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီတို့ဟာ ပြီးခဲ့တဲ့ ကြာသပတေးနေ့ကပဲ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနဲ့ ပတ်သက်တဲ့ ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီနေရာမှာ မေးစရာရှိတာက အခုကြေညာထားတဲ့ ဘဏ္ဍာရေးဆိုင်ရာယန္တရားကို လူတိုင်းအသုံးပြုလို့ ရနိုင်မှာလား ဆိုတာပါပဲ။ Instex လို့ခေါ်တဲ့ ကုမ္ပဏီအသစ်တစ်ခုဟာ အီရန်ကုမ္ပဏီတွေနဲ့ တခြားကုမ္ပဏီတွေကြားမှာ ဒေါ်လာနဲ့ ဘဏ္ဍာရေးဆိုင်ရာ တိုက်ရိုက်လွှဲပြောင်းမှုတွေမလုပ်ဘဲ ကုန်ပစ္စည်းချင်းဖလှယ်တဲ့အလုပ်ကို လုပ်ပါတယ်။ အမေရိကန် ဘဏ်စနစ်နဲ့ ငွေကြေးစနစ်ကို ရှောင်ရှားနိုင်တဲ့နည်းလမ်းနဲ့အတူ ဥရောပကုမ္ပဏီကြီးတွေဟာ အီရန်နဲ့အတူ စီးပွားရေး ဆက်လုပ်နိုင်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်တွေ ရှိလာခဲ့ပါတယ်။

### လေးစားလိုက်နာဆဲဖြစ်

ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီတို့ဆိုတာ ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူစာချုပ်မှာပါဝင်ခဲ့တဲ့ နိုင်ငံကြီးတွေ ဖြစ်ပါတယ်။ အီရန်နျူကလီးယားသဘောတူစာချုပ် ချုပ်ဆိုတုန်းက အမေရိကန်သမ္မတ အိုဘားမားလက်ထက်မှာပါ။ သဘောတူညီချက်မှာ ပါဝင်လက်မှတ်ရေးထိုးတဲ့ နိုင်ငံတွေထဲမှာ တရုတ်နဲ့ ရုရှားနိုင်ငံတို့လည်း ပါဝင်ပါတယ်။ အဲဒီစာချုပ်ဟာဆိုရင် အီရန်နိုင်ငံကို နျူကလီးယားလက်နက် မထုတ်လုပ်နိုင်ရေး ကန့်သတ်တဲ့ စာချုပ်တစ်ခုလည်း ဖြစ်ပါတယ်။

အင်္ဂါနေ့မှာတော့ အမေရိကန်ထောက်လှမ်းရေးအေဂျင်စီက လွှတ်တော်ကို ပြောကြားခဲ့ရာမှာတော့ အီရန်နိုင်ငံဟာ နျူကလီးယား သဘောတူစာချုပ်ကို လေးစားလိုက်နာဆဲဖြစ်ကြောင်း ပြောဆိုခဲ့ပါတယ်။ အကြမ်းဖက်သမားတွေကို ထောက်ပံ့ပေးတာမျိုး မရှိသလို ဒုံးကျည်စနစ်တွေကိုလည်း ဖွံ့ဖြိုးလာအောင် ထပ်လုပ်တာမျိုးမရှိဘူးလို့ ပြောခဲ့တာပါ။ ဒါပေမယ့် ထရမ့်ကတော့ သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ ထောက်လှမ်းရေး အေဂျင်စီဟာ ကျောင်းကိုပြန်သွားသင့်တယ်လို့ ဆိုးရွားတဲ့ မှတ်ချက်မျိုး ရေးသားခဲ့ပါတယ်။

### စစ်ပွဲတွေဖြစ်လာမှာစိုး

ဥရောပနိုင်ငံတွေကတော့ သမ္မတထရမ့်အစိုးရအဖွဲ့ကို တမင်တကာ မလိုမုန်းထားစိတ်မျိုးနဲ့ ပြုလုပ်တာမျိုး မရှိသလို အီရန်အပေါ်မှာလည်း မျက်နှာသာပေးတာမျိုး မရှိပါဘူး။ သူတို့ရဲ့ သဘောဆန္ဒကတော့ အီရန်နိုင်ငံအနေနဲ့ နျူကလီးယားသဘောတူစာချုပ်ကို ဆက်လက်လိုက်နာတာမျိုးကိုပဲ လိုချင်တာပါ။ တကယ်လို့များ အီရန်ဟာ နျူကလီးယားလက်နက်ကို လောဘတကြီး ဆက်လက်လုပ်ဆောင်ခဲ့လို့ အီရန်နဲ့ အစ္စရေးတို့ကြား စစ်ပွဲတွေဖြစ်လာမှာကို ပိုပြီးကြောက်ရွံ့ကြပါတယ်။ ဥရောပနိုင်ငံတွေကိုပါ သက်ရောက်မှုရှိစေမယ့် အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေကြောင့် အခက်တွေ့ရတယ်လို့ ဥရောပအရာရှိတွေက ပြောပါတယ်။

### အမေရိကန်ကိုကြောက်ရွံ့

အခုလအတွင်းမှာပဲ ဥရောပသမဂ္ဂအဖွဲ့ကြီးဟာ အီရန်အပေါ် ပထမဆုံး ပိတ်ဆို့ပြစ်ဒဏ်ချမှတ်ပေးခဲ့ပါတယ်။ ဒါ့အပြင် ဥရောပသမဂ္ဂအဖွဲ့ကြီးဟာ အီရန်နိုင်ငံသားနှစ်ဦးနဲ့ အီရန်ထောက်လှမ်းရေးအဖွဲ့တစ်ခုကို အကြမ်းဖက်သမားစာရင်းမှာ သွင်းခဲ့ပါတယ်။ အီရန်နိုင်ငံရဲ့ဒေသတွင်းဆိုင်ရာ ကိစ္စတွေမှာ ပြုမူဆောင်ရွက်မှု၊ ပဲ့ထိန်းဒုံးကျည်စမ်းသပ်မှုအစရှိတဲ့ကိစ္စတွေမှာ အီရန်နိုင်ငံအပေါ် အမေရိကန်နဲ့ သဘောထား တစ်ရပ်တည်းပဲဆိုတာ ပြသလိုက်တာပဲလို့ ဘယ်လ်ဂျီယံနိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။

Instex ကုမ္ပဏီကတော့ အီရန်နိုင်ငံက ရေနံနဲ့ ဓာတ်ငွေ့တွေကို တင်ပို့ပြီး ဥရောပက အစားအသောက်တွေနဲ့ပြန်ပြီး လဲလှယ်မယ်လို့ အစကတည်းက စိတ်ကူးရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း ဥရောပ ကုမ္ပဏီကြီးတွေဟာ အမေရိကန်မှာ ကြီးမားတဲ့ လုပ်ငန်းတွေ ရှိကြပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ အမေရိကန်ရဲ့ အမျက်ဒေါသကိုလည်း ကြောက်ရွံ့ရပါတယ်။

### ကုမ္ပဏီငယ်တွေအတွက်အဆင်ပြေ

အခုအသစ်မိတ်ဆက်မယ့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းအရတော့ ကုမ္ပဏီငယ်တွေ၊ အမေရိကန်နဲ့ အထိအတွေ့အများကြီးမရှိတဲ့ ကုမ္ပဏီငယ်တွေကတော့ အီရန်နဲ့ ကုန်သွယ်မှုလုပ်ဖို့ ပိုပြီးအဆင်ပြေလာမှာပါ။ အထူးသဖြင့် ဆေးဝါးနဲ့အစားအစာတွေ ကုန်သွယ်မှုကိုပိုပြီး တိုးမြှင့်နိုင်မှာ ဖြစ်ပြီး အစကတည်းက ဒီပစ္စည်းတွေဟာ ပိတ်ဆို့မှုထဲမှာ မပါဝင်ပါဘူး။ ဥရောပသံတမန်တွေရဲ့ပြောစကားအရတော့ အစပိုင်းကုန်သွယ်မှုတွေမှာ အမေရိကန်က ခွင့်ပြုထားတဲ့ ကုန်ပစ္စည်းတွေအပေါ်မှာပဲ အလေးထားဆောင်ရွက်သွားမှာဖြစ်ပြီး ထိပ်တိုက်ရင်ဆိုင်တွေ့ခြင်းမျိုးကို ရှောင်ရှားသွားမယ်လို့ သိရပါတယ်။

### သေချာရွေးချယ်ရမယ်

Linklaters ဥပဒေအကျိုးဆောင်လုပ်ငန်းမှ ပိတ်ဆို့မှုဆိုင်ရာ ကျွမ်းကျင်သူ ဒေ့ါဒေဗစ်ဆင်ကတော့ ဒီနေရာမှာ အရေးကြီးတဲ့ မေးခွန်းနှစ်ခု ရှိပါတယ်။ အဲဒါကတော့ အခုလုပ်ငန်းစဉ်ဟာ အသုံးပြုမယ့်သူတွေကို ဆွဲဆောင်နိုင်ပါ့မလား၊ အမေရိကန်က တုံ့ပြန်မှုပြန်လုပ်ခဲ့ရင်ရော အကျိုးသက်ရောက်မှု ရှိပါဦးမလားဆိုတာပါပဲ။ အမေရိကန်ဘက်က တုံ့ပြန်မှုဟာ ပိုပြီးအဓိက ကျပါလိမ့်မယ်လို့ သူက ဆက်ပြောပါတယ်။

အမေရိကန်အရာရှိတွေ ပြောကြတာကတော့ အီရန်နဲ့ စီးပွားရေးလုပ်မှာလား၊ အမေရိကန်နဲ့ စီးပွားရေးလုပ်မှာလားဆိုတာ သေသေချာချာ ရွေးချယ်လို့ရပါတယ်။ ဒါပေမယ့် နှစ်ဖက်စလုံးနဲ့တော့ စီးပွားရေးလုပ်လို့ မရဘူးဆိုတာပါပဲ။ တရားဝင်ကြေညာချက်ကိုတော့ ကြာသပတေးနေ့က ရိုမေးနီးယားနိုင်ငံ ဥရောပသမဂ္ဂနိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံပွဲမှာ ကြေညာခဲ့ပါတယ်။

ဒါပေမယ့် ဘယ်နိုင်ငံတွေက အခုအသစ်တည်ထောင်ထားတဲ့ Instex ကုမ္ပဏီနဲ့ အတူတွဲပြီး အလုပ်လုပ်ကြမှာလဲဆိုတာကတော့ မရှင်းလင်းသေးပါဘူး။ အီရန်နိုင်ငံ နျူကလီးယား သဘောတူစာချုပ်ကို လိုက်နာနေသရွေ့ ဒီစာချုပ်အတိုင်း ဆက်ရှိနေမယ်လို့ ဗြိတိန် နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ပါတယ်။ အဆိုပါ ကြေညာချက်ကို အီရန် ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ကြိုဆိုခဲ့ပါတယ်။

ဥရောပနိုင်ငံတွေက အီရန်နိုင်ငံအပေါ် ထားရှိတဲ့ ကတိတွေ ကြား ဒါဟာ ပထမဆုံး ခြေလှမ်းပါပဲ။ ဒါကိုပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ ယုံကြည်ကြောင်းလည်း နိုင်ငံပိုင် သတင်းအေဂျင်စီဖြစ်တဲ့ အိုင်အာအင်န်အေသတင်းဌာနက အစီရင်ခံထားပါတယ်။

### အမေရိကန်ကဖျောင်းဖျ

အမေရိကန်အရာရှိတွေကတော့ ဥရောပနိုင်ငံတွေအနေနဲ့ အီရန်မှာ စီးပွားရေးမလုပ်ကြဖို့ ဖျောင်းဖျနေကြပါတယ်။ ပြီးတော့ စီးပွားရေးလုပ်မယ်ဆိုရင်လည်း အနည်းအကျဉ်းသာ ကုန်သွယ်မှု ပြုလုပ်နိုင်မှာဖြစ်တယ်လို့ ပြောဆိုကြပါတယ်။ ကြာသပတေးနေ့မှာတော့ အိမ်ဖြူတော်ကနေ သတင်းထုတ်ပြန်ချက် ထုတ်ပြန်ခဲ့ပါတယ်။ Instex ကုမ္ပဏီအကြောင်း သိရှိပြီး ဒါဟာ ဝါရှင်တန်က အီရန်အပေါ် ထားရှိတဲ့ ပိတ်ဆို့မှုတွေအပေါ် သက်ရောက်မှုရှိမှာ မဟုတ်ဘူးလို့ ထုတ်ပြန်ချက်မှာ ပါရှိပါတယ်။

သမ္မတထရမ့် ပြောထားတာ ရှင်းပါတယ်။ အီရန်အပေါ် ပိတ်ဆို့အရေးယူမှုတွေကို ဖောက်ဖျက်ပြီး လုပ်ကိုင်ခဲ့မယ်ဆိုရင် အမေရိကန်မှာ စီးပွားရေးလုပ်လို့ရမှာ မဟုတ်သလို အမေရိကန်ကုမ္ပဏီကြီးတွေနဲ့လည်း စီးပွားရေးလုပ်လို့ရမှာ မဟုတ်ပါဘူး။ အလားတူ အမေရိကန်ရဲ့ဘဏ္ဍာရေးစနစ်မှာ ပါဝင်ဖို့ အခွင့်အရေးတွေမှာလည်း ဆုံးရှုံးသွားမှာပဲ ဖြစ်တယ်လို့ ရှင်းရှင်းလင်းလင်း ပြောထားပြီးသားပါလို့ အမေရိကန်ရဲ့ ထုတ်ပြန်ကြေညာချက်ထဲမှာ ဖော်ပြထားပါတယ်။

### ဖိအားပေး

အီရန်နိုင်ငံအပေါ် အခုလို အရေးယူမှုတွေ ပြုလုပ်ထားတာဟာ အီရန်အစိုးရကို ဖိနှိပ်ဖို့ ရည်ရွယ်ထားတာမဟုတ်ဘဲ ကျယ်ပြန့်တဲ့ကိစ္စရပ်တွေမှာ ဆွေးနွေးမှုအသစ် ပြုလုပ်သွားနိုင်ဖို့ ရည်ရွယ်ထားတာပဲ ဖြစ်ပါတယ်။ အဲဒီကိစ္စတွေမှာ ပဲ့ထိန်းဒုံးကျည်စနစ်၊ ဆီးရီးယားအစိုးရအတွက် အီရန်ဘက်က ကူညီတိုက်ခိုက်ပေးနေမှု၊ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေက စွပ်စွဲနေသလို အီရန်ဟာ ဟားမားစ်နဲ့ ဟစ်ဇ်ဘိုလာ အကြမ်းဖက်အဖွဲ့တွေကို ကူညီပေးနေမှုတို့မှာ ညှိနှိုင်းမှုအသစ်တွေ အီရန်ဘက်က လုပ်လာအောင် ဖိအားပေးတဲ့သဘောမှာပဲ ရှိပါတယ်လို့ သမ္မတ ထရမ့်အစိုးရအဖွဲ့က ပြောပါတယ်။ ။

ကိုးကား -နယူးယောက်တိုင်းမ်



**အီရန်နိုင်ငံ တီဟီရန်မြို့ရှိ ဈေးကြီးတစ်ခု၌ လူများ သွားလာလှုပ်ရှားနေကြသည်ကို တွေ့ရစဉ်။**

# နိုင်ငံတကာသတင်းတိုများ

## ရွေးကောက်ပွဲအကြိုဘတ်ဂျက် အိန္ဒိယဖော်ပြ

**နယူးဒေလီ ဖေဖော်ဝါရီ ၂**

ဧပြီလအတွင်း ဘဏ္ဍာနှစ်စတင်တော့မည်ဖြစ်ရာ အိန္ဒိယသည် ၎င်း၏ဘတ်ဂျက်ကို ထုတ်ဖော်ခဲ့သည်။ ဤကာလသည် ဘဏ္ဍာနှစ်ကြားဖြတ်ကာလဖြစ်ပြီး အိန္ဒိယနိုင်ငံသည် ရွေးကောက်ပွဲကိုဦးတည်နေပြီလည်းဖြစ်သည်။ မဲဆန္ဒရှင်များအတွက် ရည်ရွယ်ကာ တိုင်းတာမှုများလည်း လုပ်ဆောင်နေပြီဖြစ်သည်။ ဘဏ္ဍာရေးဝန်ကြီးသည် သောကြာနေ့တွင် ဘတ်ဂျက်ကို ကြေညာခဲ့သည်။

အဆိုပါကြေညာမှုတွင် အလယ်အလတ်တန်းစားများအတွက် အခွန်ငွေဖြတ်တောက်မှုများ၊ လယ်သမားများထံသို့ နှစ်စဉ် ၈၅ ဒေါ်လာ ထုတ်ပေးမှု အစရှိသည်တို့ ပါဝင်သည်။ ဝင်ငွေနိမ့်သူများအတွက်လည်း ပင်စင်အစီအစဉ်ကိုလည်း ကြေညာခဲ့သည်။ အိန္ဒိယတွင် သီးနှံဈေးများ ကျဆင်းခြင်း၊ လောင်စာဈေးနှင့် ဓာတ်မြေသြဇာဈေးကြီးမြင့်ခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အခက်တွေ့ပြီး ကျေးလက်စီးပွားရေးရှင်သန်အောင်ရုန်းကန်နေရသည်။ စိုက်ပျိုးရေးပြဿနာဖြေရှင်းမှုများနှင့် စပ်လျဉ်း၍လည်း မိုဒီအစိုးရကို အတိုက်အခံပါတီက ဖိအားပေးလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## အိုင်အက်စ်တို့၏ နောက်ဆုံးခံစစ်နေရာမှ မိသားစုဝင်ပေါင်း ၁၅၀ ခန့် ထွက်ခွာလာ

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂**

ကာ့ဒ်များဦးဆောင်သည့် ဆီးရီးယားဒီမိုကရက်တစ် အင်အားစု (SDF) သည် ဆီးရီးယားနိုင်ငံအရှေ့ပိုင်းရှိ အိုင်အက်စ်တို့ တပ်စွဲထားရာနေရာမှ လူပေါင်း ၁၅၀ ခန့်ကို သောကြာနေ့က ကယ်ထုတ်ခဲ့ကြောင်း စစ်ပွဲစောင့်ကြည့်သူတစ်ဦးက ပြောသည်။ ယူဖရေးဒေသအရှေ့ပိုင်းရှိ အိုင်အက်စ်တို့ နောက်ဆုံးတပ်စွဲထားရာနေရာမှ အိုင်အက်စ်မိသားစုဝင် ၁၅၀ ခန့်ကို SDF အဖွဲ့က ဘေးလွတ်ရာသို့ ကယ်ထုတ်ပေးခဲ့ ကြောင်း ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်ရေးအုပ်စုက ပြောသည်။

ယူကေအခြေစိုက်စောင့်ကြည့်ရေးအုပ်စုက ယခုကယ်ထုတ်လာသူများမှာ ရုရှားနှင့် ဥဇဘက်နိုင်ငံသားများ ဖြစ်ကြကြောင်း လူပေါင်း ၃၄၅၀၀ နှင့် အိုင်အက်စ်စစ်သွေးကြွများမှာ လွန်ခဲ့သည့် ဒီဇင်ဘာလမှစတင်ကာ SDF အဖွဲ့ထံ လက်နက်ချခဲ့ကြသည်။ SDF အဖွဲ့နှင့် အိုင်အက်စ်စစ်သွေးကြွများကြား ညှိနှိုင်းမှုများလုပ်ဆောင်နေရာ အိုင်အက်စ်တို့ဘက်မှ ၎င်းတို့အနေဖြင့် ကန္တာရရှိ ၎င်းတို့ ထိန်းချုပ်ထားရာနေရာသို့ လုံခြုံစိတ်ချစွာ ထွက်ခွာခွင့်ပြုရန် တောင်းဆိုထားပြီး SDF ဘက်မှမူ သဘောတူလက်ခံရန်တုံ့ဆိုင်းနေဆဲဖြစ်သည်။ အိုင်အက်စ်တို့သည် ဆီးရီးယားကန္တာရအတွင်း စတုရန်းကီလိုမီတာ ၄၀၀၀ခန့်ကို ထိန်းချုပ်ထားနိုင်ဆဲဖြစ်သည်။

**ဆင်ဟွာ**

# ကျေးရွာမီးလင်းရေးလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဖွင့်လှစ်ပေး

**ရေတာရှည် ဖေဖော်ဝါရီ ၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ ၂၀၁၈-၂၀၁၉ ခွင့်ပြုရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကက္ကူကျေးရွာအုပ်စု အုတ်ဖိုကျေးရွာနှင့် ရွာသစ်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည့် ကျေးရွာမီးလင်းရေးလုပ်ငန်းများဖြစ်သော ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေခွဲရုံနှင့် ၁၁ ကေဗွီလိုင်း ၁ ဒသမ ၆ မိုင် လုပ်ငန်းများ ပြီးစီးသွားသဖြင့် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က အုတ်ဖိုကျေးရွာ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဒေသအတွင်းရှိကျေးရွာများမှ ပြည်သူများ တက်ရောက်ပြီး မီးလင်းရေးအထိမ်းအမှတ်ဆိုင်းဘုတ်ကို ဝန်ကြီးချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်၊ အမျိုး သားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်း၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်ဟိန်းတို့က ဖွင့်လှစ်ပေးခဲ့သည်။



လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဖွင့်လှစ်ပေးစဉ်။

ထို့နောက် အုတ်ဖိုကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း၌ လူထုတွေ့ဆုံပွဲကို ဆက်လက်ပြုလုပ်ခဲ့ပြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ အကောင်အထည်ဖော်နေမှု အခြေအနေများကို ဆွေးနွေးသည်။ ဆက်လက်၍ တက်ရောက်လာသော ဒေသခံများကလည်း ဒေသအလိုက်လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

**ကိုလွင်(ဆွာ)**

# ကယားပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

**လွိုင်ကော် ဖေဖော်ဝါရီ ၂**

ကယားပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ပြည်နယ် မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လွိုင်ကော်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ ကယားပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ကယားပြည်နယ် မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူးက ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ တင်ပြလာသော အမှုတွဲ ၂၉ တွဲနှင့် မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြလာသော အမှုတွဲ ခုနစ်တွဲနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ထိုအမှုတွဲများနှင့်ပတ်သက်၍ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ပြည်နယ် မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီဝင်များက ဆွေးနွေးအကြံပြုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှုတွဲများအပေါ် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး အထူးဂရုပြု ဆောင်ရွက်ရန်၊ ပြည်နယ်အဆင့်အနေဖြင့် ခွင့်ပြုနိုင်သည်များကို ခွင့်ပြုပေးသွားရန်၊ ဗဟိုသို့တင်ပြရမည့် ကိစ္စရပ်များအတွက် စနစ်တကျ အမှုတွဲအပြည့်အစုံဖြင့် ပြုစုတင်ပြပေးရန်၊ ပြန်လည်စိစစ်ရမည့် ကိစ္စများကိုလည်း အမြန်ဆုံးစိစစ်၍ ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြပေးရန်၊ ရင်းနှီးမြှုပ်နှံမှုအတွက် လျှောက်ထားလာသော အမှုတွဲများကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ ပေါင်းစပ်ဆောင်ရွက်ကြရန် စသည်ဖြင့် မှာကြားခဲ့သည်။

**ကျော်စိုး**

# ဥရုရတနာကျောက်စိမ်းတောင်တံတားကို အလှူရှင်က ကချင်ပြည်နယ်အစိုးရထံ လွှဲပြောင်းပေးအပ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်း ဖားကန့်နှင့် မရှိုကထောင်ကြား ဥရုချောင်းပေါ်၌ ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီက ၂၀၁၃ ခုနှစ်က ဆောက်လုပ်လှူဒါန်းထားသော ဥရုရတနာ ကျောက်စိမ်းတောင်တံတားကို ကချင်ပြည်နယ်အစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်က မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပခဲ့သည်။

တံတားလွှဲပြောင်းပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဥရုရတနာ ကျောက်စိမ်းတောင်တံတားကြီးသည် ဖားကန့်ဒေသရှိပြည်သူများ နေ့စဉ်ဖြတ်သန်းသွားလာမှုတွင် အဆင်ပြေစေသည့် တံတားတစ်စင်းဖြစ်ကြောင်း၊ ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီအနေဖြင့် ယခုလို တံတားကြီးတည်ဆောက်လှူဒါန်းပြီး လွှဲပြောင်းပေးအပ်သည့်အတွက် ဒေသခံပြည်သူများကိုယ်စား မိမိတို့အစိုးရအနေဖြင့် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ထို့နောက် အလှူရှင် ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိန်ဝင်းက တံတားဆောက်လုပ်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် တံတားနှင့်ပတ်သက်သော စာရွက်စာတမ်း အချက်အလက်များကို ပြည်နယ်ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။



တံတားနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်နယ်ဝန်ကြီးချုပ်ထံသို့ အလှူရှင်က ပေးအပ်စဉ်။

ဆက်လက်၍ မြစ်ကြီးနားမြို့ လေဆိပ်အဆောက်အအုံရှေ့တွင် စိုက်ထူထားသည့် မြန်မာ့ကျောက်စိမ်းရတနာကို အလှဆင်ရန်အတွက် အလှူငွေ ကျပ်သိန်း ၂၀၀ ကို ဖားကန့်မြို့နယ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက ပေးအပ်လှူဒါန်းကာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဥရုရတနာ ကျောက်စိမ်းတောင်တံတားသည် ဖားကန့်နှင့် မရှိုကထောင်ကြား ဥရုချောင်းပေါ်တွင်ရှိပြီး အရှည်ပေ ၄၀၀ ရှိ နှစ်လမ်းသွား သံပေါင်ဘေလီတံတားဖြစ်ကာ တန် ၆၀ ခံနိုင်ဝန်ရှိကြောင်းနှင့် တံတားကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလက စတင်ဆောက်လုပ်ပြီး ၂၀၁၃ မတ်လကုန်တွင် တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဘေးကင်းပြီး အာဟာရပြည့်ဝသော စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်ခြင်း နည်းပညာပေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲက ကြီးမှူး၍ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပေါက်အင်းစိုက်ကွင်း၌ ဒေသခံတောင်သူများအား သီးနှံအထွက်နှုန်းတိုးရေး၊ အစားအစာများ ဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝသော စိုက်ပျိုးရေးထွက်ကုန်များထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာ ဆွေးနွေးသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးကမ်ဇာမုံက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက သီးနှံအထွက်တိုးရေးအတွက် အဓိကအချက်ဖြစ်သော မျိုးကောင်းမျိုးသန့်များအသုံးပြုခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများနှင့် အစားအစာများ ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာဗဟုသုတများကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မျိုးစေ့ထုတ်စိုက်ကွက်များ၊ ဂျုံနှင့် ကုလားပဲ သီးနှံ စံပြကွက်များ၊ ဂျုံ၊ ကုလားပဲ မျိုးသစ်စိုက်ကွက်များ၊ အီးအမ်ဘိုကာရှီ ပြုလုပ်သုံးစွဲခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(ICT) အသုံးပြုခြင်းများကို တာဝန်ရှိသူများက တောင်သူများအား ရှင်းလင်းသရုပ်ပြပြီး စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၏ ကောစင်တာ ဖုန်း-၀၆၇-၄၁၀၁၃၉ သို့ ဆက်သွယ်မေးမြန်းခြင်းကိုလည်း လက်တွေ့ပြသခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲနှင့် သရုပ်ပြပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးကမ်ဇာမုံ၊ ချောင်းဦးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခင်၊ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ပေါက်အင်းစိုက်ကွင်းသည် မျိုးစေ့ထုတ်လုပ်ရေးကို အဓိကဆောင်ရွက်နေသော စိုက်ကွင်းတစ်ကွင်းဖြစ်ကာ ၂၀၁၈-၂၀၁၉ စိုက်ပျိုးရာသီတွင် ကုလားပဲ ဧက ၁၄၀၀၊ ဂျုံ ဧက ၆၉၀ နှင့် စပ်မျိုးနေကြာ ၁၀ ဧက စုစုပေါင်း ဧက ၂၁၀၀ တို့ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်သောမျိုးများမှာ ကုလားပဲ ရေဆင်း(၈)နှင့် ရေဆင်း(၁၁)၊ ဂျုံ ရေဆင်း(၁၁)နှင့် စပ်မျိုးနေကြာ ရေဆင်း(၁)တို့ဖြစ်ကာ အဆိုပါမျိုးများမှာ ဒေသနှင့်ကိုက်ညီပြီး တောင်သူနှစ်သက်သောမျိုးများဖြစ်ကြောင်း၊ စိုက်ကွင်းမှ ဂျုံ၊ ကုလားပဲနှင့် နေကြာ သီးနှံမျိုးများကို စစ်ကိုင်းတိုင်းဒေသကြီးသာမက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးမှ မြို့နယ်အချို့သို့ နှစ်စဉ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**



တောင်သူများအား စိုက်ပျိုးရေးနည်းပညာများ ဆွေးနွေးဟောပြောစဉ်။

# သမဝါယမတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ်ဖလား အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**သန်လျင် ဖေဖော်ဝါရီ ၂**

သမဝါယမတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ်ဖလား အမျိုးသား၊ အမျိုးသမီး ဘောလုံးအားကစားပြိုင်ပွဲအား ဇန်နဝါရီ ၂၂ ရက်မှ ၃၁ ရက်အထိ သန်လျင်မြို့နယ် သီဟဒီပ အားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ဘောလုံးအားကစားပြိုင်ပွဲတွင် အမျိုးသားဘောလုံးသင်း ခြောက်သင်း၊ အမျိုးသမီးဘောလုံးအသင်း ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့ရာ သမဝါယမတက္ကသိုလ် (သန်လျင်)မှ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းနှင့် ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဦးတင်သိန်း၊ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါ်မြင့်မြင့်စိန်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုအားပေးခဲ့ကြသည်။




အမျိုးသားဗိုလ်လုပွဲတွင် ဈေးကွက်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုပညာဌာနအသင်းနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာဌာနအသင်းတို့ ကစားခဲ့ရာ ပုံမှန်ပွဲကစားချိန်ပြီးဆုံးသည်အထိ အနိုင်အရှုံးမပေါ်၍ ပင်နယ်တီအဆုံးအဖြတ် သုံးဂိုး-ဂိုးမရှိဖြင့် ဈေးကွက်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုပညာဌာနက အနိုင်ရရှိခဲ့သည်။ အမျိုးသမီးပွဲတွင် ဈေးကွက်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုပညာဌာနအသင်းနှင့် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာဌာနအသင်းတို့ ယှဉ်ပြိုင်ရာ ပုံမှန်ပွဲကစားချိန်ပြီးဆုံးသည်အထိ အနိုင်အရှုံးမပေါ်၍ ပင်နယ်တီ အဆုံးအဖြတ် လေးဂိုး-နှစ်ဂိုးဖြင့် ဈေးကွက် ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာဌာနက အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အမျိုးသား၊ အမျိုးသမီး ဘောလုံးအသင်းများမှ နေရာအလိုက် အကောင်းဆုံးဆုရ အားကစားသမားများအား ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းနှင့် တာဝန်ရှိသူများ၊ AA Medical Product Ltd.မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး ပထမဆုရရှိသည့် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ကို ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက ဆုဖလား၊ ဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် တစ်ဦးချင်း ဆုတံဆိပ်များကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းရေးဆု မတ်လအတွင်း ချီးမြှင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**
ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ဒုတိယအကြိမ်အဖြစ်ပေးအပ်မည့် အမွေအနှစ်ထိန်းသိမ်းရေးဆုကို မတ်လအတွင်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆုမှာ လွန်ခဲ့သော ငါးနှစ်အတွင်း ရန်ကုန်မြို့၏ အမွေအနှစ်တန်ဖိုးရှိ အဆောက်အအုံများနှင့် အများပြည်သူပိုင်နေရာများကို ရေရှည်တည်တံ့အောင် လက်ရာမပျက် ထိန်းသိမ်းပြုပြင်ခဲ့သည့် စီမံကိန်းများကို အသိအမှတ်ပြု၍ ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ဆုချီးမြှင့်ရာတွင် မူလအတိုင်း ပြုပြင်ထိန်းသိမ်းမှုအကောင်းဆုံးဆု(Best Restoration Award)နှင့် အသုံးပြုပုံအသစ်ဖြင့် ပြောင်းလဲအသုံးပြုမှု အကောင်းဆုံးဆု(Best Adaptive Reuse Award)ဟု ဆုနှစ်မျိုး ရွေးချယ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

"မနှစ်ကတော့ ဆုအမျိုးအစားတစ်ခုမှာ ဆုနှစ်ခုစီနဲ့ အမျိုးအစားနှစ်ခုဆိုတော့ ဆုလေးခု ပေးခဲ့တယ်၊ ဒီနှစ်မှာလည်း အလားတူပဲ ဆုအမျိုးအစားနှစ်ခုတော့ ကျွန်တော်တို့ ဖိတ်ခေါ်ထားတယ်၊ ဒါကို ဝင်ရောက်အဆိုပြုပြီး ယှဉ်ပြိုင်နိုင်အောင် ပေါ့လေ၊ ဒီဇင်ဘာလလောက်ကတည်းက အဆိုပြုလွှာတွေ လက်ခံခဲ့တယ်၊ ဇန်နဝါရီ ၂၁ ရက်ကို နောက်ဆုံးထားပြီး တင်ခိုင်းခဲ့ပါတယ်"ဟု ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ စီမံချက်အရာရှိ ကိုသူရိန်အောင်က ပြောသည်။

ဆုရရှိမည့် အဆောက်အအုံများကို ဖေဖော်ဝါရီလကုန်ပိုင်းခန့်တွင် သိရှိနိုင်မည်ဖြစ်ပြီး ဆုပေးပွဲကို မတ်လ လဆန်းပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ထူးခြားမှုအနေဖြင့် အချို့သော အစိုးရစီမံကိန်းများနှင့် စီမံကိန်းကြီးများပါ ဝင်ရောက်အရွေးချယ်ခံရန် လာရောက်လျှောက်ထားမှုများရှိကြောင်း သိရသည်။

ဆုရွေးချယ်ရေးအတွက် စံသတ်မှတ်ချက်များအနေဖြင့် နိုင်ငံပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်အဆောက်အအုံများအားလုံး အကျုံးဝင်ပြီး အစိုးရဌာနဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍဖြစ်စေ၊ အစိုးရနှင့် ပုဂ္ဂလိက အကျိုးတူပူးပေါင်း၍ဖြစ်စေ ဆောင်ရွက်ခဲ့သော ထိန်းသိမ်းခြင်းလုပ်ငန်းများ ပါဝင်ကာ ဆုများရွေးချယ်ရာတွင် အဆောက်အအုံ သို့မဟုတ် အများပိုင်နေရာတစ်ခုသည် အနည်းဆုံး နှစ် ၄၀ ကျော် သက်တမ်းရှိပြီး အမွေအနှစ်တန်ဖိုးရှိရမည်ဖြစ်ကြောင်း သိရသည်။



၂၀၁၈ ခုနှစ်က ပထမအကြိမ် ဆုများရွေးချယ်ခဲ့ရာတွင် ပြောင်းလဲအသုံးပြုမှုအကောင်းဆုံးဆုကို ကုန်သည်လမ်းပေါ်ရှိ Gekko Bar and Restaurant နှင့် (၃၁)လမ်းရှိ Scott Hostel က ရရှိပြီး မူလအတိုင်းပြုပြင်ထိန်းသိမ်းမှု အကောင်းဆုံးဆုကို ရွှေတောင်တန်းလမ်းရှိ Bridge Office နှင့် ShweTaungTan Office အဆောက်အအုံတို့က ရရှိခဲ့သည်။

**သတင်း - ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - အာကာစိုး**

# ကလေးမြို့ပြည်သူ့ဆေးရုံ၌ ရင်ချင်းဆက်အမြွှာ အောင်မြင်စွာမွေးဖွား

**ကလေး ဖေဖော်ဝါရီ ၂**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အောင်မင်္ဂလာရပ်ကွက်နေ အမျိုးသမီးတစ်ဦး၏ ရင်ချင်းဆက်အမြွှာ မိန်းကလေးနှစ်ဦးကို ကလေးမြို့ ပြည်သူ့ဆေးရုံ၌ ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ကလေးမြို့ ပြည်သူ့ဆေးရုံတွင် ပထမဆုံးအကြိမ် ရင်ချင်းဆက်အမြွှာမွေးဖွားခြင်းလည်းဖြစ်ကြောင်း သိရသည်။

မိခင် ဒေါ်သီတာဝင်း အသက်(၂၈ နှစ်)၏ ရင်ချင်းဆက်အမြွှာကို သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာအေးအေးသင်း၊ သားဖွားမီးယပ် အထူးကုဆရာဝန် ဒေါက်တာနီလာထွေးနှင့် မေ့ဆေးဆရာဝန် ဒေါက်တာကျော်မျိုးသန့်တို့ ဦးဆောင်သောအဖွဲ့က ခွဲစိတ်မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။ ရင်ချင်းဆက်အမြွှာကို ခွဲစိတ်မွေးဖွားပေးခဲ့မှုနှင့်ပတ်သက်၍ ဆေးရုံအုပ်ကြီးက "ပုံမှန်ခွဲစိတ်မှုဆိုရင် ၄၅ မိနစ်ခန့် ကြာပါတယ်၊ အခုခွဲစိတ်မှုက ရင်ချင်းဆက်အမြွှာဖြစ်နေတာကြောင့် တစ်နာရီကျော် ကြာခဲ့ပါတယ်၊ တကယ်ကို ဂရုစိုက်ပြီး အမှားအယွင်းမဖြစ်အောင် ဆောင်ရွက်ခဲ့ရပါတယ်"ဟု ပြောကြားသည်။

မွေးဖွားလာသောကလေးများသည် အလေးချိန် ၈ ပေါင် ၈ အောင်စရှိပြီး ကလေးများ၏ကျန်းမာရေးအတွက် ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာနုနုထွေးနှင့် လက်ထောက်အထူးကုဆရာဝန်များက စောင့်ကြည့်ကုသပေးလျက်ရှိကြောင်း သိရသည်။ မွေးဖွားလာသောကလေးများ၏ ကျန်းမာရေးအခြေအနေကို စောင့်ကြည့်ပြီးနောက် ကျန်းမာရေးကောင်းမွန်ပါက မန္တလေးဆေးရုံသို့ ပြန်လည်လွှဲပြောင်းကာ ရင်ချင်းဆက်နေမှုကို ခွဲစိတ်နိုင်ရေး ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာနုနုထွေးက ပြောသည်။

မွေးဖွားလာသော ရင်ချင်းဆက်အမြွှာညီအစ်မကို ပြည်သူ့ဆေးရုံ၌ စောင့်ကြပ်ကုသပေးလျက်ရှိသော်လည်း ကျန်းမာရေးအတွက် လိုအပ်သည့်ကုသမှုများ ဆက်လက်ပြုလုပ်နိုင်ရေးနှင့် ခွဲစိတ်ရေးတို့အတွက် အကူအညီများ လိုအပ်နေပြီး ကူညီလိုသူများအနေဖြင့် မိဘများထံသို့ တိုက်ရိုက်သော်လည်းကောင်း၊ ဆေးရုံအုပ်ကြီးမှတစ်ဆင့်လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကိုယ်ချင်းဆက်အမြွှာများ မွေးဖွားခဲ့မှုမှာ ၁၉၇၁ ခုနှစ်က ပထမဆုံးအနေဖြင့် ရင်ချင်းဆက် မနန်းစိုး၊ မနန်းစံတို့အား ရန်ကုန်မြို့၌လည်းကောင်း၊ ၁၉၉၃ ခုနှစ်က ရင်ချင်းဆက်အမြွှာအေးအေးငြိမ်းနှင့် အိအိငြိမ်းအား ရန်ကုန်မြို့၌လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် တင်ပဆုံအရိုးကွင်းဆက်အမြွှာ မိုးမမအောင်နှင့် မိုးပပအောင်အား မန္တလေးမြို့၌လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ရင်ချင်းဆက်အမြွှာ စိုပြေလင်းနှင့် စိုပြေဝင်းတို့အား ရန်ကုန်မြို့၌လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် ရင်ချင်းဆက်အမြွှာ အင်ကြင်းခိုင်၊ အင်ကြင်းလှိုင်တို့အား ရန်ကုန်မြို့၌လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် ရင်ချင်းဆက်အမြွှာ ရန်ကင်း၊ ရန်ရှင်းတို့အား ရန်ကုန်မြို့၌လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် တင်ချင်းဆက်အမြွှာ အောင်ခန့်ကျော်နှင့် အောင်မြတ်ကျော် ညီအစ်ကိုအား မန္တလေးမြို့၌လည်းကောင်း အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ကလေးမြို့ ပြည်သူ့ဆေးရုံ၌မူ ယခု ရင်ချင်းဆက်အမြွှာကို ပထမဆုံးအကြိမ်အဖြစ် မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်သည်။



ကလေးနှစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်ပေးထားစဉ်။

**သန်းထိုက်အောင်(ပြန်/ဆက်)**

# မြန်မာဆယ်မားအူးလ်အွန်ဒုန်စီမံကိန်းတွင် အဆင့် C ရသည့်ရွာများကိုပါ ဆုချီးမြှင့်နိုင်ရန် တင်ပြထား

**နေပြည်တော် ဖေဖော်ဝါရီ ၂**
မြန်မာဆယ်မားအူးလ်အွန်ဒုန် စီမံကိန်းဝင်ကျေးရွာများအနက် ထူးချွန်သည့်ကျေးရွာများကို A , B နှင့် C ဟု အဆင့်သတ်မှတ်ပြီး A နှင့် B အဆင့်ကို မူလရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၀၀၀၀ အပြင် ထောက်ပံ့ငွေများ အပိုထပ်ဆောင်း ဆုချခဲ့ရာ ယခုနှစ်တွင် အဆင့် C ရသည့် ကျေးရွာများကိုပါ ဆုချီးမြှင့်နိုင်ရန် တင်ပြထားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်က နေပြည်တော် Kempinski ဟိုတယ်၌ကျင်းပသည့် မြန်မာဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း ကျေးရွာများ၏ တတိယနှစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်မှု အကဲဖြတ်အမှတ်ပေးသည့် အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောကြားခြင်းဖြစ်သည်။

"စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သင်တန်းတွေ ဖွင့်လှစ်ပို့ချပေးခဲ့လို့ ဒေသခံတွေရဲ့အသိစိတ်ဓာတ်တွေ ပြောင်းလဲလာပါတယ်၊ စီမံကိန်းလွန်ကာလအတွက်လည်း သင်တန်းတွေ ပို့ချပေးပြီးဖြစ်လို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ပါတယ်၊ စီမံကိန်းဝင်ကျေးရွာတွေမှာလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားရေး လုပ်ငန်းစဉ်တွေကို ဆောင်ရွက်လျက်ရှိပါတယ်၊ ကျေးရွာတွေကို အကဲဖြတ်အမှတ်ပေးပြီး ထူးချွန်တဲ့ရွာတွေကို မူလရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၀၀၀၀ အပြင် ထပ်မံပြီး A အဆင့်ရရှိပါက အမေရိကန်ဒေါ်လာ ၂၀၀၀၀၊ B အဆင့်ရရှိတယ်ဆိုရင် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ထပ်မံထောက်ပံ့ပေးခဲ့ပါတယ်၊ ဒီနှစ်မှာတော့ C အဆင့်ရရှိတဲ့ ကျေးရွာတွေကိုပါ ဆုငွေများ ထပ်မံထောက်ပံ့သွားဖို့ရှိပါတယ်၊ ဒီစီမံကိန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါတဲ့စီမံကိန်း ဖြစ်တဲ့အတွက် စီမံကိန်းပြီးစီးသွားပါကလည်း လုပ်ငန်းစဉ်တွေ ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းကြဖို့လိုပါတယ်၊ အထူးသဖြင့် စီမံကိန်းရန်ပုံငွေတွေ မပျောက်စေဘဲ တိုးပွားအောင်ဆောင်ရွက်ဖို့ လိုပါတယ်၊ ဆယ်မားအူးလ် ကျေးရွာတွေမှတစ်ဆင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာတွေဖြစ်တဲ့ အော်ဂဲနစ်ထုတ်ကုန်တွေ ထုတ်လုပ်ခြင်း၊ Food Safety Program တွေဆောင်ရွက်ခြင်း စတဲ့ နည်းပညာတွေကို ကျေးရွာတွေမှာ ပျံ့နှံ့အောင်ဆောင်ရွက်ပြီး စီမံကိန်းလွန်ကာလမှာ ဆောင်ရွက်မယ့်အချက်တွေထဲမှာ ဒီအချက်တွေကို ထည့်သွင်းစဉ်းစားဖို့လိုပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ယခုနှစ်တွင် A အဆင့်ရသည့်ကျေးရွာများကို အမေရိကန်ဒေါ်လာ ၁၅၀၀၀၊ B အဆင့်ရသည့်ကျေးရွာများကို အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် C အဆင့်ရသည့် ကျေးရွာများကို အမေရိကန်ဒေါ်လာ ၅၀၀၀ နှုန်းဖြင့် ပြောင်းလဲထောက်ပံ့သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၆၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၀/၈၉၀ | ကျပ် | ၉၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၀/၉၀၀ | ကျပ် | ၉၁၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၀၀ | ကျပ် | ၇၄၅/၇၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၉၀ | ကျပ် | ၈၄၀/၈၅၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၈ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၆ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၅ ・ ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၇ ・ ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၄ ・ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၉ ・ ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ ・ ၆၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၃၉၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ ・ ၈၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၀ ・ ၆၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၄၄၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)


mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE
www.mdn.gov.mm



HTOO
အီးဟီး...ကြောက်ပါပြီမေကြီးရဲ့...
နင်မကြောက်လို့ ငါ မကြိုက်တာလုပ်တာ လေ့ဟဲ့...
အီး...ဟီး
ဟာ...ကားဝင်တိုက်ပြီဟ...
အား...
ဒုန်း...
မိကျော့...ရပ်လိုက်စမ်း...ကိုယ့်သားသမီး ကိုယ်ဆုံးမတာ ပတ်ဝန်းကျင်ကို အနှောင့်အယှက် မပေးပါနဲ့...
ကိုယ့်သားသမီးကို ကိုယ့်အိမ်ထဲမှာ တိုးတိုးတိတ်တိတ်ဆုံးမလည်း ရပါတယ်.. ရိုက်နှက်ပြီး ဆုံးမစရာ မလိုပါဘူးဟယ်..
ဒင်းက..မဆိုးမခန့်လုပ်လွန်းလို့ပါ ကိုတင့်ရယ်..
ကလေးကလမ်းမပေါ်ထွက်ပြေးရော..ကားဝင်တိုက်မိရင်ကလေးလည်း ဒုက္ခရောက်..ကားသမားလည်း အရေးယူခံရ..ပြဿနာရှုပ်ကုန်မယ်..နားလည်လား..
ခုဟာက..ရပ်ထားတဲ့ကားကိုဝင်တိုက်လို့ဘာမှမဖြစ်တာ..ကလေးကိုအိမ်ပြန်ခေါ်သွားပြီး အိမ်ကျမှဆုံးမ...ကြားလား..
လာခဲ့..နောလေး..






ဂျော်
ပေါင်ပေါင်အေး
ဂျော်ရေ "ကလေးပျော်စရာရွှင်စရာ" ကျင်းပတဲ့ "အရုပ်" ပြိုင်ပွဲမှာ ဆု ရတယ်ဆို
အေးလေ ပထမ
ဟယ် ဟုတ်လို့လား
တကယ်ကြီး ပထမ
ငါတော့ မယုံပါဘူးဟယ် နင်က ရှက်တတ်လို့လား
ခု တောင် နင်နဲ့စကားပြောရင်း ငါ ရှက်နေတာ - ဟဲ
ရုပ် တည်ကြီး နဲ့ ဟယ် ကဲ
နင် ပထမရတာ ဘာပစ္စည်းတွေ ဆု ချလဲ
မသိဘူး
ဘာ
ဟုတ်တယ်လေ ရှက်တာနဲ့ ငါမှ ဆုတက်မယူခဲ့တာ ဟီး
အိ! ယုံသွားပြီ

ကာတွန်း ဓေဝချစ်
ပုံပြင်စာအုပ်ပေ ယူ့ဖတ်ချင်တဲ့ နိုင်ကြောင်ရ...
အိုး...
စာအုပ်တစ်အုပ်ရဲ့ တန်ဖိုးကလည်း မသေးဘူးနော်..
ဟဲ-ဟဲ..တော့ ဒီစာအုပ်တွေကြောင့်လည်း ငါ့ရှုန့်တွေခ ဈေးခဈေးနေရတယ်ကွ
အပေါက်..ပေါက်.. သိပါ ညီပုရာ..သိပြီးသားပါ..
အဲ့ဒီစာအုပ်တွေလို ပိုသာချိန်နဲ့ ရောင်းပြီး မုန့်ဝယ်စားတာလေ..
အဲ့ဒါတွေက..ရိုးနေတဲ့ ဟာသတွေပါကွ..
ငါ့ဦးလေးက..စာအုပ်တွေဖတ်တတ်တဲ့အလေ့အကျင့်ကောင်းရအောင်..စာတစ်အုပ်ဖတ်ပြီးတိုင်း မုန့်ဝယ်ကျွေးတာကွ..ခင်း လည်းစာဖတ်ကွ..
အေးကွ






ဖိုးသာထူး
အင်း နှစ်ဟောင်းကုန်လို့ နှစ်သစ်ရောက်ပြီ ဆိုတော့..
နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့..
ယုံကြည်ချက်အသစ်၊ ရည်မှန်းချက်အသစ်တွေ မွေးရမယ်..
စိတ်ကူးအသစ် အကြံဉာဏ်အသစ် အားလုံးအသစ်.. အသစ်..
ဖိုးသာထူး ရေ...
ဟုတ်.. နာမည်ကျတော့ အဟောင်းကြီး..

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ မှတ်ပုံတင်ပေးရန် ခွဲခြား၍ လျှောက်ထားချက်အသစ်များအဖြစ် တင်သွင်းရာတွင် မူလ လျှောက်ထားသည့်နေ့ကို လျှောက်ထားချက်တင်သွင်းသည့်နေ့ ဖြစ်သည်ဟု မှတ်ယူရမည်။

၂၂။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၁ ပါ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

### အခန်း (၉)
### စစ်ဆေးခြင်း၊ ကန့်ကွက်ခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၃။ စစ်ဆေးရေးအရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) ပုဒ်မ ၁၃ ပါ အချက်များနှင့် ငြိစွန်းခြင်း ရှိ မရှိ ကိုလည်းကောင်း၊ ပုဒ်မ ၁၇ ပါ အချက်များပြည့်စုံစွာ ပါဝင်ခြင်း ရှိ မရှိ ကိုလည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်သော လျှောက်ထားချက်များကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ပုဒ်မ ၁၃ ပါ အချက်များနှင့် ငြိစွန်းခြင်း ရှိ မရှိ ကိုလည်းကောင်း၊ ပုဒ်မ ၁၇ ပါ အချက်များ ပြည့်စုံစွာ ပါဝင်ခြင်း ရှိ မရှိ ကိုလည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိပါက အဆိုပါ မှတ်ပုံတင်လျှောက်ထားချက်ကို စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ချက်ကို လက်ခံရရှိပါက စိစစ်ပြီး လျှောက်ထားချက်ကို မိမိ၏ သဘောထား မှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၂၄။ အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) သတ်မှတ်သည့် ကာလအတွင်း လိုက်နာရန်ပျက်ကွက်ခဲ့ပြီး အဆိုပါ ပျက်ကွက်ခဲ့မှုကြောင့် သက်ဆိုင်ရာ အမှတ်တံဆိပ်လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက အောက်ပါအချက်များနှင့် ကိုက်ညီလျှင် အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် မှတ်ပုံတင်အရာရှိထံ ပြန်လည်လျှောက်ထားနိုင်သည် -

(၁) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုကြောင့် စွန့်လွှတ်ခံရသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တောင်းဆိုချက်တစ်ရပ်ကို တင်ပြခြင်း၊

(၂) သတ်မှတ်သည့် ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းချက်များကို ပူးတွဲတင်ပြခြင်း၊

(၃) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှု အပေါ် ခိုင်လုံသော အကြောင်းပြချက်ကို တောင်းဆိုချက်တွင် ဖော်ပြခြင်း၊

(၄) အခကြေးငွေ ပေးသွင်းပြီးဖြစ်ခြင်း။

(ခ) အယူခံတင်သွင်းထားသည့် ကာလအတွင်း ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေးပြန်လည်ပေးအပ်ရန် တောင်းဆိုလာလျှင် မှတ်ပုံတင်အရာရှိက ဆိုင်းငံ့ထားရမည်။

၂၅။ မှတ်ပုံတင်အရာရှိသည် -

(က) အမှတ်တံဆိပ် လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေး ဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက စွန့်လွှတ်ပြီးသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ ပြန်လည်လျှောက်ထားလာလျှင် အဆိုပါတောင်းဆိုချက်ကို စိစစ်၍ ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၃၊ ပုဒ်မ ၁၇ တို့နှင့် ညီညွတ်သော လျှောက်ထားချက်ကို အများပြည်သူသိရှိစေရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၂၆။ အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ ရက်အတွင်း ပုဒ်မ ၁၃ နှင့် ၁၄ တို့တွင် ဖော်ပြထားသော အကြောင်းပြချက်တစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာတင်သွင်းနိုင်သည်။

၂၇။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့် အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

၂၈။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်လွှာ တင်သွင်းခြင်းမရှိပါက အဆိုပါ အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ကန့်ကွက်လွှာ တင်သွင်းလာပါက ကန့်ကွက်ချက်ကို ပုဒ်မ ၁၃ သို့မဟုတ် ပုဒ်မ ၁၄ ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စစ်ဆေးပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့ပြင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) မှတ်ပုံတင်ခြင်းကို ခွင့်ပြုလျှင် အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူထံ ထုတ်ပေးရမည်။

၂၉။ အမှတ်တံဆိပ်ပိုင်ရှင်သည် -

(က) အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန်ထပ်မံထုတ်ပေးရန် သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသား အမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို လည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင် အရာရှိထံ လျှောက်ထားနိုင်သည်။

၃၀။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) ပါ လျှောက်ထားချက်ကို စိစစ်ပြီး အမှတ်တံဆိပ် မှတ်ပုံတင် လက်မှတ်မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) ပါ လျှောက်ထားချက်ကို စိစစ်ပြီး ပြင်ဆင်ခွင့် ပေးနိုင်သည်။

### အခန်း (၁၀)
### ဦးစားပေးအခွင့်အရေး

၃၁။ ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံတစ်ခုခုတွင် အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းပေးခြင်းခံရသူသည် ပြည်ပတွင် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားချက်၌ ပါဝင်သည့် ထပ်တူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် တူညီသော အမှတ်တံဆိပ်ကို ပထမလျှောက်ထားသည့်နေ့မှ ခြောက်လအတွင်း ဦးစီးဌာနသို့ အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားလျှင် အဆိုပါ စတင်လျှောက်ထားသည့်နေ့ကို လျှောက်ထားသည့်နေ့အဖြစ် ဦးစားပေးအခွင့်အရေး ခံစားရမည်။

၃၂။ ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံတစ်ခုခုတွင် သက်ဆိုင်ရာ နိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် အမှတ်တံဆိပ်နှင့် ထပ်တူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ စတင်ခင်းကျင်းပြသခဲ့သည့်နေ့မှ ခြောက်လအတွင်း ဦးစီးဌာနတွင် အမှတ်တံဆိပ် မှတ်ပုံတင်ရန် လျှောက်ထားလျှင် အဆိုပါ စတင်ခင်းကျင်းပြသခဲ့သည့်နေ့ကို လျှောက်ထားသည့်နေ့အဖြစ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ခံစားရမည်။

၃၃။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၃၁ အရ လျှောက်ထားသည့်နေ့မှ စတင်ရရှိသည့် ဦးစားပေးအခွင့်အရေးကာလထက် မကျော်လွန်စေရ။

### အခန်း (၁၁)
### မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်း

၃၄။ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ မှတ်ပုံတင်သက်တမ်းသည် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့မှစ၍ ၁၀ နှစ် ဖြစ်သည်။ မှတ်ပုံတင်သက်တမ်း ၁၀ နှစ်ကုန်ဆုံးပြီးနောက် တစ်ကြိမ်လျှင် ၁၀ နှစ်စီဖြင့် သက်တမ်းတိုးနိုင်သည်။

၃၅။ အမှတ်တံဆိပ်ပိုင်ရှင်သည် မှတ်ပုံတင်သက်တမ်းကာလကို တိုးလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးမည့်နေ့မတိုင်မီ ခြောက်လအတွင်း မှတ်ပုံတင်သက်တမ်းတိုးပေးရန် သတ်မှတ်သည့် အခကြေးငွေ ပေးသွင်း၍ လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် အထူးအခွင့်အရေးအဖြစ် ပေးသော ခြောက်လအတွင်း လျှောက်ထားခွင့်ရှိသည်။ ယင်းသို့ လျှောက်ထားသည့်အခါ သတ်မှတ်သည့် မှတ်ပုံတင်ကြေးနှင့် ရက်လွန်ကြေးများကို ပေးသွင်းရမည်။

၃၆။ မှတ်ပုံတင်အရာရှိသည် -

(က) သတ်မှတ်ချက်နှင့် ညီညွတ်သော မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို ခွင့်ပြုရမည်။ မှတ်ပုံတင်သက်တမ်းတိုးခြင်းသည် ယခင်မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိရမည်။

(ခ) မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို စစ်ဆေး၍ သတ်မှတ်ချက်နှင့် ညီညွတ်ပါက ၁၀ နှစ် သက်တမ်းတိုးပေးပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) မှတ်ပုံတင်သက်တမ်းတိုးခြင်းနှင့် အခကြေးငွေပေးသွင်းခြင်းတို့ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

(ဃ) မှတ်ပုံတင်သက်တမ်းတိုးခြင်းအတွက် အခကြေးငွေကို အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း အမှတ်တံဆိပ်ပိုင်ရှင်က ပေးသွင်းခြင်းမရှိလျှင် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ခြင်းမှ ရုပ်သိမ်းရမည်။

(င) ရုပ်သိမ်းသွားသည့် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ခြင်းမှ ရုပ်သိမ်းကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

### အခန်း (၁၂)
### မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ

၃၇။ အမှတ်တံဆိပ်ပိုင်ရှင်သည် အခန်း (၁၁) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါက မှတ်ပုံတင်သက်တမ်းကာလအတွင်း ဤအခန်းပါ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၃၈။ အမှတ်တံဆိပ်ပိုင်ရှင်သည် ပုဒ်မ ၃၉ နှင့် ၄၀ တို့ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ -

(က) သီးသန့်အခွင့်အရေးအဖြစ် -

(၁) ယင်း၏ သဘောတူညီချက်မရှိဘဲ အခြားသူတစ်ဦးက ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် အသုံးပြု၍ ကုန်သွယ်မှုပြုရာတွင် အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေပါက ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

(၂) မှတ်ပုံတင်ထားသော အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်သူအား ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ နှစ်ရပ်လုံးအရဖြစ်စေ တရားစွဲဆိုခွင့်ရှိသည်။

(၃) အောက်ပါအခြေအနေများနှင့် ကိုက်ညီလျှင် မှတ်ပုံတင်ထားသည့် ကျော်ကြားသော အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို မတူညီသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် ယင်း၏ သဘောတူညီချက် မရှိဘဲ ကုန်သွယ်မှုပြုရာတွင် အသုံးပြုခြင်းကို ကာကွယ်တားဆီးခွင့်ရှိသည် -

(ကက) မှတ်ပုံတင်ထားသည့် ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ဆက်နွှယ်မှုရှိသည်ဟု ညွှန်ပြသကဲ့သို့ ဖြစ်နေခြင်း၊

(ခခ) ယင်းအမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း။

(ခ) အခန်း (၁၃) နှင့် (၁၄) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း ပြုနိုင်သည်။

၃၉။ အမှတ်တံဆိပ်ပိုင်ရှင်သည် အခြားသူတစ်ဦးဦးက စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုလုပ်ငန်းများအတွက် အောက်ပါတို့နှင့် စပ်လျဉ်း၍ သဘောရိုးဖြင့် အသုံးပြုဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ခွင့်မရှိစေရ -

(က) ပိုင်ရှင်၏ ကိုယ်ပိုင်အမည် သို့မဟုတ် နေရပ်လိပ်စာ၊

(ခ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမျိုးအစား၊ ဆက်စပ်သော အကြောင်းအရာ၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ ထုတ်လုပ်သည့် အချိန်ကာလ သို့မဟုတ် အခြားသောလက္ခဏာများကို ဖော်ပြသည့် ညွှန်းပြချက်များ၊

(ဂ) ကုန်ပစ္စည်းကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ အသုံးပြုရန် ရည်ရွယ်သည့် ဖော်ပြချက်၊ အထူးသဖြင့် တွဲဖက်သုံးပစ္စည်းများ သို့မဟုတ် အပိုပစ္စည်းများ၏ အသုံးပြုရန် ရည်ရွယ်သည့် ဖော်ပြချက်။

၄၀။ အမှတ်တံဆိပ်ပိုင်ရှင်သည် ယင်းကိုယ်တိုင်ကဖြစ်စေ၊ ယင်း၏သဘောတူညီချက် ရရှိသူကဖြစ်စေ ပေးပို့ထားသည့် ဈေးကွက်တွင် ရောက်ရှိနေသော ကုန်ပစ္စည်းများ၌ ယင်း၏အမှတ်တံဆိပ်ကို အသုံးပြုခြင်းအား တားမြစ်ပိတ်ပင်ခွင့် မရှိစေရ။

၄၁။ ပုဒ်မ ၄၀ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ အမှတ်တံဆိပ်ပိုင်ရှင်သည် ကုန်ပစ္စည်းများကို ဈေးကွက်သို့ တင်သွင်းပြီးနောက် ယင်းကုန်ပစ္စည်း၏ အခြေအနေ ပြောင်းလဲသွားလျှင် သို့မဟုတ် ပျက်စီးယိုယွင်းသွားလျှင် ယင်းကုန်ပစ္စည်းအား ဆက်လက်ရောင်းချခြင်းကို တည်ဆဲဥပဒေနှင့်အညီ တားမြစ်ပိတ်ပင်နိုင်သည်။

### အခန်း (၁၃)
### အမှတ်တံဆိပ်အခွင့်အရေးများကို လွှဲပြောင်းခြင်း

၄၂။ (က) အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် ယင်း၏ လျှောက်ထားချက်ကို ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ဖြစ်စေ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) အမှတ်တံဆိပ်ပိုင်ရှင်သည် ယင်း၏ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ပိုင်ဆိုင်မှုကို ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ဖြစ်စေ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၄၃။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားသူကဖြစ်စေ၊ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ၊ အမှတ်တံဆိပ်ပိုင်ရှင်ကဖြစ်စေ၊ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်ပေးရန် လျှောက်ထားလျှင် ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်၍ အများပြည်သူသိရှိစေရန် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၄။ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

*(ဆက်လက်ဖော်ပြပါမည်)*

# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေပြဋ္ဌာန်း

***ယမန်နေ့မှအဆက်***

၄၉။ စက်မှုဒီဇိုင်းပိုင်ရှင်သည် စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးနှင့် စပ်လျဉ်း၍ အောက်ပါဆောင်ရွက်မှုများနှင့် သက်ဆိုင်ခြင်း မရှိစေရ -

(က) စီးပွားဖြစ်မဟုတ်သော ပုဂ္ဂလိကကိစ္စရပ်များအတွက် ဆောင်ရွက်မှုများ၊

(ခ) စမ်းသပ်လေ့လာသည့် ကိစ္စရပ်များ သို့မဟုတ် သုတေသနလုပ်ငန်းများအတွက် ဆောင်ရွက်မှုများ၊

(ဂ) ရည်ညွှန်းကိုးကားရန် သို့မဟုတ် သင်ကြားရန် ပြန်လည်ထုတ်လုပ်ဆောင်ရွက်မှုများ။

၅၀။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများသည် စက်မှုဒီဇိုင်းပိုင်ရှင်ကဖြစ်စေ၊ ယင်းပိုင်ရှင်၏ သဘောတူညီချက် ရရှိသူကဖြစ်စေ နိုင်ငံတော်တွင် တရားဝင်ရောင်းချပြီးသော သို့မဟုတ် တင်သွင်းပြီးသော မှတ်ပုံတင်စက်မှုဒီဇိုင်းပါရှိသည့် ထုတ်ကုန်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

## အခန်း(၁၆)
## စက်မှုဒီဇိုင်းအခွင့်အရေးများကို လွှဲပြောင်းခြင်း

၅၁။ (က) စက်မှုဒီဇိုင်း မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် ယင်း၏ လျှောက်ထားချက်ကို ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ဖြစ်စေ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်သည် ယင်း၏ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း ပိုင်ဆိုင်မှုကို ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ဖြစ်စေ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၂။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားသူကဖြစ်စေ၊ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ၊ စက်မှုဒီဇိုင်းပိုင်ရှင်ကဖြစ်စေ၊ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (ခ) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်ပေးရန် လျှောက်ထားလျှင် ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်၍ အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၃။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

## အခန်း (၁၇)
## မှတ်ပုံတင်ထားသောစက်မှုဒီဇိုင်းကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း

၅၄။ စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဖြစ်စေ၊ ယင်း၏ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို အသုံးပြုရန်အတွက် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးနိုင်သည်။

၅၅။ စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် ယင်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့သည် ခွင့်ပြုချက် စာတမ်းအမှတ်အသား မိတ္တူမှန်နှင့်အတူ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၆။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၅၅ အရ လျှောက်ထားခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၇။ စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် ယင်း၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့က မှတ်ပုံတင် အရာရှိထံတွင် မှတ်တမ်းတင်ထားသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ပယ်ဖျက်ရန်သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလျှင် မှတ်ပုံတင်အရာရှိက မှတ်တမ်းမှ ပယ်ဖျက်ပြီး ယင်းသို့ ပယ်ဖျက်ကြောင်း အများပြည်သူသိရှိစေရန် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၈။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

## အခန်း (၁၈)
## စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာခြင်းနှင့်ပယ်ဖျက်ခြင်း

၅၉။ သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် ပုဒ်မ ၆၀ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းတစ်ခုလုံးကိုသော် လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော် လည်းကောင်း တရားမဝင်ကြောင်း ကြေညာပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၆၀။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ လျှောက်ထားချက်အရ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက အဆိုပါ စက်မှုဒီဇိုင်းမှတ်ပုံတင်ထားခြင်း တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း တရားမဝင်ကြောင်း ကြေညာရမည် -

(က) ပုဒ်မ ၁၆ ပါ အကာအကွယ်မရရှိနိုင်သော အချက်များဖြစ်ခြင်း၊

(ခ) စက်မှုဒီဇိုင်းသည် ပုဒ်မ ၂၊ ပုဒ်မခွဲ (ည) တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်မှု မရှိခြင်း၊

(ဂ) စက်မှုဒီဇိုင်းသည် အသစ်မဖြစ်ခြင်း၊

(ဃ) စက်မှုဒီဇိုင်းပိုင်ရှင်သည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းအား ရခွင့်ရှိသူမဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်လာခြင်း၊

(င) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းသည် လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန် တင်ပြ၍ဖြစ်စေ၊ ဖော်ပြထားသော အချက်တစ်ရပ်ရပ်ကို ထိမ်ချန်၍ဖြစ်စေ ရယူထားခြင်း၊

(စ) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်ကို လက်ခံရရှိခြင်း။

၆၁။ မှတ်ပုံတင်အရာရှိသည် အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်ပါက မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်-

(က) မှတ်ပုံတင် သက်တမ်းကာလကုန်ဆုံးသည့်နေ့မှ အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း သက်တမ်းတိုးလျှောက်ထားရန် ပျက်ကွက်ခြင်း၊

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်က ပိုင်ရှင်အဖြစ်မှ စွန့်လွှတ်ခြင်း၊

(ဂ) ပုဒ်မ ၆၀ ပါ အချက်တစ်ရပ်ရပ်နှင့်ငြိစွန်းသဖြင့် တရားမဝင်ကြောင်း ကြေညာထားသော စက်မှုဒီဇိုင်းဖြစ်ခြင်း။

၆၂။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို ပယ်ဖျက်ကြောင်း မှတ်တမ်းတင်ပြီး ထိုသို့ပယ်ဖျက်ပြီးကြောင်းကို စက်မှုဒီဇိုင်းပိုင်ရှင်ထံ အကြောင်းကြားရမည့်အပြင် အများပြည်သူ သိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၉)
## အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်လျှောက်ထားခြင်း

၆၃။ အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်းမှတ်ပုံတင်စနစ် သဘောတူစာချုပ်တွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ စက်မှုဒီဇိုင်း မှတ်ပုံတင်ပေးရန် လျှောက်ထားလိုသူများသည် အပြည်ပြည်ဆိုင်ရာမှတ်ပုံတင်စနစ်ကို ကျင့်သုံးလိုပါက သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

## အခန်း (၂၀)
## အယူခံခြင်း

၆၄။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အေဂျင်စီထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အယူခံမှုတွင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ သက်သေခံအထောက်အထား ထပ်မံရယူတင်ပြလာလျှင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင် ပြောင်းလဲခြင်း ပြုနိုင်သည်။

၆၅။ အေဂျင်စီက ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည့် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

## အခန်း (၂၁)
## မူပိုင်ခွင့်တရားရုံး တည်ထောင်ခြင်း

၆၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်း အရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သော နယ်မြေဒေသတွင် မူပိုင်ခွင့်တရားရုံးများ တည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားသည့် တရားသူကြီးများအား မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ မူပိုင်ခွင့် တရားရုံးများကို တည်ထောင်ခြင်းမပြုမီ မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် သင့်လျော်သော တရားရုံးအား မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဃ) မူပိုင်ခွင့်တရားရုံးများက ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(င) ပုဒ်မ ၆၅ အရ လျှောက်ထားချက်များကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် မူပိုင်ခွင့် တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

## အခန်း (၂၂)
## မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံး၏ လုပ်ပိုင်ခွင့်များ

၆၇။ (က) အခွင့်အရေးရရှိသူသည် နစ်နာမှုအတွက် တရားမကြောင်းအရ ပုဒ်မ ၆၈ နှင့် ၆၉တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် မူပိုင်ခွင့် တရားရုံးတွင် အထွေထွေမှု လျှောက်ထားနိုင်သည်။

(ခ) အခွင့်အရေးရရှိသူသည် တရားမကြောင်းအရ အရေးယူပေးရန် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

၆၈။ (က) မူပိုင်ခွင့်တရားရုံးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပုဒ်မ ၆၇၊ ပုဒ်မခွဲ(က) အရ လျှောက်ထားလာပါက အောက်ပါယာယီအရေးယူဆောင်ရွက်သည့် အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(၁) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း မူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကို ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ် ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီးသည့် သွင်းကုန်ပစ္စည်းများအပါအဝင် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားဆီးရန်သင့်သည် ထင်မြင်သည့် အမိန့်၊

(၂) စွပ်စွဲခံရသော မှတ်ပုံတင် စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်မှုနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားများကို မူလအခြေအနေမပျက် ထိန်းသိမ်းထားရန် သင့်သည်ထင်မြင်သည့်အမိန့်။

(ခ) မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ပေးရန်အတွက် လျှောက်ထားသူထံမှ အောက်ပါတို့ကို တင်သွင်းရန် ညွှန်ကြားနိုင်သည်-

(၁) လျှောက်ထားသူမှာ အခွင့်အရေး ရရှိသူဖြစ်ကြောင်း၊ ယင်း၏ အခွင့်အရေးကို ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ထင်ရှားစေရန် ခိုင်လုံသည့် အထောက်အထားများကို တင်ပြစေခြင်း၊

(၂) ယာယီအရေးယူဆောင်ရွက်မှုကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်တားဆီးရန်အတွက် လုံလောက်သည့် အာမခံတင်သွင်းစေခြင်း။

(ဂ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ(က)ပါ အမိန့်အရ ယာယီအရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ်လိုအပ်သော မည်သည့်သတင်းအချက်အလက်ကိုမဆို တင်သွင်းရန် လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

(ဃ) မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့် နေ့မှစ၍ ထိခိုက်နစ်နာမှုအပေါ် အမှုကို အပြီးအပြတ် ဆုံးဖြတ်နိုင်ရန်အတွက် မူပိုင်ခွင့်တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သော ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်း မရှိခဲ့လျှင် ယာယီ အရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တရားစွဲဆိုမှုကို တရားမကြောင်းအရ တရားစွဲဆိုခြင်းမရှိလျှင် ပုဒ်မ ၆၉၊ ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၆၉၊ ပုဒ်မခွဲ (က) တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(င) မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူ ဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင် ဖြစ်စေ၊ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်း မရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်သောလျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၆၉။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူကို ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကို ဖြစ်စေတန်ရာသည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများ ပျက်စီးဆုံးရှုံးမည့်အန္တရာယ် အမှန်တကယ် ကျရောက်နေခြင်း။

(ခ) မူပိုင်ခွင့်တရားရုံးသည် တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်ရာတွင် -

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ကို လျှောက်ထားခံရသူထံ အသိပေးအကြောင်းကြားရမည်။

(၂) မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့် အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်းမရှိလျှင် ယင်းအရေးယူဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(၃) ယင်းအရေးယူ ဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့် ကာလအတွင်း ဆောင်ရွက်ရမည်။ ***(ဆက်လက်ဖော်ပြပါမည်)***

# ပရိယတ်၊ ပဋိပတ်ပြန့်ပွားရေးအတွက် ကျင်းပမည့် ဝိနယဝံသပါလ စာမေးပွဲကြီး

**ကိုပေါက် (ဥက္ကာမြေ)**



### ရန်ကင်းတောရ

ရန်ကင်းတောရသည် နေပြည်တော် လယ်ဝေးမြို့နယ် သပြေပင်စံပြကျေးရွာ တောင်ဘက် မလှမ်းမကမ်း တောင်တန်းပေါ်၌ တည်ရှိပြီး ၁၉၃၀ ပြည့်နှစ်က သပြေပင်ကျေးရွာမှ ဒါယကာ ဦးဖိုးစိန်၊ ဒါယိကာမ ဒေါ်ခင်လေးတို့က မိမိတို့ပိုင်ယာမြေကို ညောင်လွန့်ဆရာတော်ကြီး၏ ဥပနိဿယခံ ဘဒ္ဒန္တကေလာသ မထေရ်မြတ်အား တောရကျောင်းအဖြစ် လှူဒါန်းခဲ့ရာမှ ရန်ကင်းတောရဟု အမည်တွင်လာခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင်ကာလက စတင်ထူထောင်ခဲ့သော ဤတောရကျောင်းသည် ၁၉၈၀ ပြည့်လွန်နှစ်များအထိတိုင် တောအင်္ဂါနှင့် လွန်စွာပြည့်စုံညီညွတ်ခဲ့ဖူးသဖြင့် အာရညကင်စူတင်ကို မြတ်နိုးတော်မူကြသည့် စုတင်ကစရဝိနယဂရုကသကျပုတ္တ အရှင်မြတ်ကြီးများ ချမ်းသာစွာ သီတင်းသုံးတော်မူခဲ့သည့် ဌာနဖြစ်ကြောင်း သိရသည်။

ရှေးယခင်ကာလမှသည် ယနေ့ထိတိုင် ဝိနည်းသီလအရာတွင် အထူးအလေးဂရုပြုတော်မူလေ့ရှိသည့် ဝိနယဂရုက လဇ္ဇီပေသလ သိက္ခာကာမ မထေရ်မြတ်ကြီးတို့သည် ဤရန်ကင်းတောင်ပေါ်တွင် အစဉ်အဆက် သီတင်းသုံးတော်မူခဲ့ကြသည်။ ယနေ့ထိတိုင် သာသနာ့တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်တော်မူခဲ့ကြသည့် ဆရာတော်မထေရ်မြတ်ခုနစ်ဆက်ရှိခဲ့ရာ ယခု သတ္တမမြောက် ရန်ကင်းတောရဆရာတော် ဘဒ္ဒန္တခေမာနန္ဒထေရ်ဖြစ်ပြီး ၂၀၀၃ ခုနှစ်မှစ၍ သီတင်းသုံးတော်မူခဲ့သည်။

အဆိုပါ ရန်ကင်းတောရ ပရိယတ်၊ ပဋိပတ်ဌာန၏ သာသနာပြုလုပ်ငန်းများအဖြစ် ပရိယတ္တိသာသနာပြုလုပ်ငန်း၊ ပဋိပတ္တိ သာသနာပြုလုပ်ငန်းနှင့် သာသနာပြုပရဟိတလုပ်ငန်း (နေပြည်တော်)၊ ယဉ်ကျေးလိမ္မာစင်တာ ဓမ္မကျောင်းတော်သင်တန်းများကိုလည်း ယနေ့အထိ သင်ကြားပို့ချပေးလျက်ရှိနေသည်။

### ဝိနယဝံသပါလအသင်း

ထို့အပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်းကြီးကိုလည်း ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်းက မွန်ပြည်နယ် ပေါင်မြို့နယ် ကတွန်ကျေးရွာ ဇင်းကျိုက်တောင်ခြေ ဓမ္မဝိနယာလင်္ကာရကျောင်းတိုက်၌ အတည်ပြု ဖွဲ့စည်းတည်ထောင်တော်မူခဲ့သည်။ ထိုသို့ ဖွဲ့စည်းခဲ့ရာတွင် ပဓာန ဦးဆောင်ဆရာတော်ကြီးများအဖြစ် မဟာဝိဟာရဆရာတော်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တ သီရိကဥ္စနာဘိဝံသ၊ အေးချမ်းသာယာဆရာတော်နှင့် ရန်ကင်းတောရဆရာတော်တို့ ပါဝင်ခဲ့ကြောင်း သိရသည်။

အသင်းကြီး၏ ရည်ရွယ်ချက်မှာ 'အနာဂတေသာသနံ လဇ္ဇီရက္ခိဿတိ'ဟူသော အဋ္ဌကထာစကားနှင့်အညီ မြန်မာနိုင်ငံ၏ အနာဂတ်သာသနာ့တာဝန်ကို ပခုံးပြောင်းကာ ဦးဆောင်ဦးရွက်ပြုတော်မူကြမည့် ရဟန်းတော်အရှင်မြတ်များသည် စာပေပရိယတ္တိအရာတွင် နှံ့စပ်ကျွမ်းကျင်တတ်မြောက်ရုံသာမက ဝိနည်းပဋိပတ်အရာတွင်လည်း ကျွမ်းကျင်နိုင်နင်းသည့် သာသနာ့အာဇာနည်အလောင်းအလျာ ရှင်ရဟန်းကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ထားရှိခြင်းဖြစ်သည်။

အဆိုပါ ဝိနယဝံသပါလအသင်းက ဦးဆောင်ကျင်းပမည့် ပထမဆုံးအကြိမ် အဘိဝိနယာစရိယ စာမေးပွဲကြီးကိုလည်း ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မြတ်မင်္ဂလာလမ်းနှင့် သံတမန်ဇုန်ကြားရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်းဌာနချုပ် တည်ရှိရာ ရန်အောင်မြင်တောရ (မြို့တော်ဝန်) ကျောင်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

### စာမေးပွဲပြဋ္ဌာန်းကျမ်းစာ

ထိုအသင်းကြီးက ကြီးမှူးကျင်းပမည့် အဘိဝိနယာစရိယ စာမေးပွဲ၏ ပြဋ္ဌာန်းကျမ်းစာများမှာ ဝိနည်း (၅) ကျမ်း ပါဠိတော်၊ အဋ္ဌကထာနှင့် ဋီကာ (Pali. commentry and Sub-commentry) တို့ ဖြစ်သည်။

"စာမေးပွဲအခန်းထဲ စာဖြေစားပွဲပေါ်၌ ကျမ်းစာအုပ်များကိုကြည့်၍ ကျမ်းပြုစုသည့်နယ် ကျမ်းညွှန်းများတိကျစွာပေးပြီး ဖြေဆိုရမည့် Open Book System စာမေးပွဲဖြစ်ကြောင်း၊ ဝိနည်းလက်တွေ့ကျင့်သုံးမှုကိုလည်း စစ်ဆေးမည်ဖြစ်ပြီး အာဂုံပါဠိတော်ကိုလည်း ဖြေဆိုရမည်ဖြစ်ကြောင်း၊ တတိယအဆင့် ဖြေဆိုအောင်မြင်ပြီးသည့် အရှင်မြတ်များအနေဖြင့် ဘွဲ့ဆက်ခံနိုင်ရန်အတွက် စာတမ်းတစ်စောင် တင်သွင်းရမည်ဖြစ်ကြောင်း" ရန်ကင်းတောရဆရာတော် ဘဒ္ဒန္တ ခေမာနန္ဒက မိန့်ကြားသည်။

### အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ

မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလ စာမေးပွဲအသင်း၏ ဝိနည်းစာမေးပွဲတွင် ဝင်ရောက်ဖြေဆို အောင်မြင်တော်မူကြသော ရဟန်းတော်များနှင့် သာမဏေများအား အောင်မြင်သောအဆင့်အလိုက် အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်သည်။

ပထမအဆင့်နှင့် ဒုတိယအဆင့် အောင်မြင်တော်မူကြသည့် အရှင်မြတ်များအား သက်ဆိုင်ရာအဆင့်အလိုက် အောင်မြင်ပြီးမြောက်ကြောင်းလက်မှတ် Completion certificate များကို အဆင့်အလိုက် ဆက်ကပ်မည်ဖြစ်ပြီး တတိယအဆင့် အောင်မြင်တော်မူကြသည့် အရှင်မြတ်များအား မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်း၏ အဘိဝိနယာစရိယစာမေးပွဲ ဖြေဆိုအောင်မြင်တော်မူကြောင်း လက်မှတ်နှင့် 'ဝိနယဝံသပါလာဘိဝိနယာစရိယ' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်သည်။

ယခုအခါ လယ်ဝေးမြို့ရန်ကင်းတောရဆရာတော်အနေဖြင့် ရန်ကင်းတောင် ပရိယတ်၊ ပဋိပတ်ဌာနနှင့် နေပြည်တော် ရန်အောင်မြင်တောရ (မြို့တော်ဝန်) ကျောင်းတို့ကိုပါ ယှဉ်တွဲ၍ စီမံအုပ်ချုပ်ကာ သာသနာပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်တော်မူနေခြင်းဖြစ်သည်။

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မြတ်မင်္ဂလာလမ်းနှင့် သံတမန်ဇုန်ကြားရှိ ဝိနယဝံသပါလအသင်းဌာနချုပ် ဖွင့်လှစ်တည်ရှိရာ ရန်အောင်မြင်တောရ (မြို့တော်ဝန်ကျောင်း) မြေနေရာအတွက် ယခင်အစိုးရလက်ထက်က မြေအကျယ် ၁၀ ဒသမ ၃၇ ဧကကို လှူဒါန်းပေးခဲ့ပြီး ယခုအစိုးရလက်ထက်၌ ဝိနယဝံသပါလအသင်း၏ သာသနာပြုလုပ်ငန်းများ ပိုမိုတိုးတက် ပြန့်ပွားအောင်မြင်ရေး အလေးထားဆောင်ရွက်နိုင်ရန်အတွက် မြေ ၉ ဒသမ ၆၈ ဧကကို ထပ်မံလှူဒါန်းပေးထားကြောင်း သိရသည်။ ။

## မင်းဘူးမြို့နယ် ကုလားပါးကျေးရွာတောင်သူများ၏ လယ်ယာထွက်ကုန်များစျေးကွက်သို့ အချိန်မီရောက်ရှိတော့မည်

**မင်းဘူး ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကုလားပါးကျေးရွာအုပ်စု ကုလားပါးကျေးရွာ ကုန်ထုတ်လမ်းမှာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ကုလားပါးကျေးရွာ ကုန်ထုတ်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၈၁ ဒသမ ၉၁ သန်းဖြင့် အလျား ၂ မိုင် ၅ ဒသမ ၁ ဖာလုံ၊ အကျယ် ၁၀ ပေ၊ အမြင့် တစ်ပေထု ကျောက်ရောမြေခင်းခြင်းနှင့် ကိုးလက်မထု မြေနီကျောက်စရစ်ခင်းခြင်းဖြစ်ပြီး ထွန်းကမ္ဘာလင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်ကာ ကျောက်ရောမြေတစ်ပေထုဖြန့်ခင်းခြင်း ရေဖျန်းစက်ကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ အဆိုပါလမ်းလုပ်ငန်းတစ်ခုလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဘုန်းလင်းက ပြောကြားသည်။

အဆိုပါကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၅၅၊ လူဦးရေ ၁၀၃၂ အနက် တောင်သူဦးရေ ၁၁၀ တို့၏ လယ်မြေဧက ၅၁၀ ကို အကျိုးပြုမည်ဖြစ်ပြီး ယင်းလယ်ယာများမှ ထွက်ရှိသော ဆန်စပါးနှင့် အခြားသီးနှံများ စျေးကွက်သို့ အချိန်မီရောက်ရှိပြီး စျေးကောင်းများရရှိနိုင်မည်ဖြစ်သည်ဟု မြို့နယ်ဦးစီးမှူးက ဆက်လက်ပြောကြားသည်။

အဆိုပါကုန်ထုတ်လမ်း ဆောင်ရွက်နေမှုများကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းက ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်မြသက်ထွေးနှင့်အဖွဲ့က သတ်မှတ်စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီမှု ရှိ မရှိ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။



"ကျွန်တော်တို့ရွာမှာ မိုးစပါး၊ နွေစပါး တစ်နှစ်ကို နှစ်သီးစိုက် ဆည်ရေသောက်လယ်မြေဧက ၅၁၀ ရှိပြီး ကုန်ထုတ်လမ်းမရှိတဲ့အတွက် လယ်ယာထွက်ကုန်တွေကို ရေမြောင်းတွေကြားက နွားလှည်းတွေနဲ့ ခက်ခက်ခဲခဲ ဖြတ်သန်းသွားလာ သယ်ယူခဲ့ရပါတယ်။ လယ်ယာသုံးစက်ကြီးတွေ ဝင်ထွက်ဖို့ ခက်ခဲတာကြောင့် လယ်ယာထွက်ကုန်တွေကို စျေးကွက်အတွင်း အချိန်မီမရောက်တဲ့အတွက် နစ်နာမှုတွေ ရှိခဲ့ပါတယ်။ အခုဆောင်ရွက်နေတဲ့ ကုန်ထုတ်လမ်း ပြီးရင်တော့ အဲဒီအခက်အခဲတွေ ကြုံတွေ့ရတော့မှာ မဟုတ်ဘူး" ဟု ကုလားပါးကျေးရွာနေ တောင်သူ ဦးမင်းမင်းစိုးဦးက ပြောသည်။

**သန်းလွင် (မကွေး)**

## ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်ပွဲများကျင်းပ

**ဖယ်ခုံ**

ဖယ်ခုံမြို့နယ်၌ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်အကြို ဗိုလ်ချုပ်အောင်ဆန်းပုံတူ ပန်းချီဆွဲပြိုင်ပွဲကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမီရယ်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲအမှတ်ပေးစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်အကြို ဗိုလ်ချုပ်အောင်ဆန်းပုံတူ ပန်းချီဆွဲပြိုင်ပွဲကို ကျင်းပပြီး ဆုရကျောင်းသား ကျောင်းသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**အင်တော**

ရှမ်းပြည်နယ်တောင်ပိုင်း အင်တောမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများသည် အမက(မူလွန်) ကျောက်ဆုံနှင့် အလက (မက်သဘော်) ကျောင်းများသို့ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများကို ယမန်နေ့က အဆိုပါကျောင်းများ၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းညွန့်က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့မှုသမိုင်းကြောင်းများကို ဟောပြောပြီး စာကြည့်တိုက်ထောက်-၃ နှင့် အငယ်တန်းစာရေးတို့က စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်းတို့ကို ဟောပြောခဲ့သည်။

**မြိတ်**

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ယမန်နေ့က အထက (၁) မြိတ် ပညာ့ဗိမာန်ခန်းမတွင် ကျင်းပရာ မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်အရာရှိ ဒေါ်ခင်သန္တာထွေးက ဗိုလ်ချုပ်အောင်ဆန်း၏အကြောင်း ဟောပြောသည်။

ထို့နောက် မြိတ်မြို့နယ်ရှိ အခြေခံပညာကျောင်း ကိုးကျောင်းမှ ကျောင်းသားကျောင်းသူ ၁၈ ဦးက ဗိုလ်ချုပ်အောင်ဆန်း၏ အတုယူဖွယ်ဂုဏ်ဒြပ်များ ခေါင်းစဉ်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်များ ခေါင်းစဉ်ကို မဲနှိုက်၍ ကျပန်းစကားပြော ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ဆုရရှိသူများအား ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်မျိုးနိုင် (ပြန်/ဆက်)**

## ရွှေပြည်သာမြို့နယ်ရှိ သာမုဆံတော်ရှင်စေတီတော်၌ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် သာမုဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၅ ရက်အထိ ကိုးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း စေတီတော်မြတ်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းထံမှ သိရသည်။

ယင်းပွဲတော်ကာလ၌ နှစ်စဉ်ကျင်းပနေကျဖြစ်သော ဖေဖော်ဝါရီ ၁၉ ရက် (တပို့တွဲလပြည့်)နေ့တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ ဆွမ်းတော်ကြီးတင်ကပ်လှူပွဲ၊ ထမနဲထိုးပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲနှင့် ဆရာတော် သံဃာတော်များနှင့် သီလရှင် ၇၁ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်သန်းကြည် (ရွှေပြည်သာ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
## မုံရွာမြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသုံးစာသင်ခုံ(ပရိဘောဂ) များ ဆောင်ရွက်ရန်ရှိ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **အိတ်ဖွင့်တင်ဒါပုံစံ** - ၁၀-၁-၂၀၁၉ရက်
**စတင်ရောင်းချမည့်ရက်/အချိန်** ရုံးချိန်အတွင်း
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊အချိန်** - ၁၁-၂-၂၀၁၉ရက်၊ ၁၆း၃၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးပညာရေးမှူးရုံး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့**
**စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံး၊ မုံရွာမြို့**
**ဖုန်း-၀၉-၂၁၁၁၀၇၆၊ ၀၉-၂၅၄၂၄၈၁၇၈၊ ၀၉-၄၅၉၆၁၂၂၄၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈/ကျန်စစ်သား)၊ ဦးပိုင်အမှတ် (၉၉)၊ ဧရိယာ ၀ ဒသမ ၀၆၂ ဧကအား ဦးအောင်ဝင်း (ဘ)ဦးအုန်းကြိုင် ၈/ပခက(နိုင်)၁၄၀၂၈၉ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၄၁၂/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၂၉)၊ ဦးပိုင်အမှတ်(၆၈-ဃ) ဒေါ်မြင့်မြင့် (ခ)ဒေါ်မြင့်မြင့်ဦး ၉/မနတ(နိုင်)၀၇၄၆၇၄အမည်ပေါက် မြေဂရန်ပျောက်ဆုံးသွားပါသည်။

အဆိုပါမြေဂရန်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဂရန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဒေါ်မြင့်မြင့်(ခ)ဒေါ်မြင့်မြင့်ဦးထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများနှင့်အတူ ကန့်ကွက်နိုင်ပါသည်။

**ဒေါ်မြင့်မြင့် (ခ) ဒေါ်မြင့်မြင့်ဦး ၉/မနတ(နိုင်)၀၇၄၆၇၄**
**ဖုန်း-၀၉-၄၄၄၀၀၀၇၄၆၊ ၀၉-၄၄၄၀၀၀၇၄၈**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ လူနေရပ်ကွက်အမှတ် FMI အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် ၁၀၄၃၊ ဧရိယာ ၀ ဒသမ ၁၆၃ ဧက၊ အကျယ်အဝန်း(၈၉'×၈၀')ပေ အကျယ်အဝန်းရှိသော နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်ကြည်ကြည်လွင် ၁၂/ဗတထ(နိုင်)၀၁၄၀၁၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း(စဥ်-၆၀၈၂) B.A, H.G.P, C.B.L, D.B.L, D.M.L အထက်တန်းရှေ့နေ**
**တိုက်အမှတ် ၃(အေ)၊ ၃-လွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅**

## ကရင်ပြည်နယ်အစိုးရအဖွဲ့
## တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တွင်းတူးစက်ကြီးများနှင့် တွဲဖက်အသုံးပြုရန်လိုအပ်သော ≥ 406 cfm Air Compressor (၂)လုံးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၂-၂၀၁၉ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၄-၃-၂၀၁၉ရက်၊ ၁၆း၀၀နာရီ

၂။ တင်ဒါပုံစံနှင့်စည်းကမ်းများကို အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဘားအံမြို့၊ ဖုန်း-၀၅၈-၂၂၀၆၄သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပျော်ဘွယ်မြို့နယ်တရားရုံးတော်၌
၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၃၆

| | | |
|---|---|---|
| ဦးဝင်းမြင့် | နှင့် | ဦးမင်းနိုင်ထွန်း |
| **တရားနိုင်** | | **တရားရှုံး** |

ဦးမင်းနိုင်ထွန်း(ဘ)ဦးတင်ထွန်း၊ အရောင်းအဝယ်၊ ရပ်ကွက် (၆)မြို့ပတ်လမ်း၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၈ခုနှစ် တရားမဇာရီမှုအမှတ် ၃၆တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဝင်းမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် (၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၉ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဦးဘသောင်း)**
**မြို့နယ်တရားသူကြီး**
**ပျော်ဘွယ်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့၊ စံပြ(၂)လမ်းတွင်နေထိုင်သူ ဒေါ်ခင်ညွှန့် ၁၂/ကခက(နိုင်)၁၁၁၄၀၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ တောကျောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၃၆၇ (A)၊ သုံးခွမြောက်၊ ဦးပိုင်အမှတ် (၂၂/၆)၊ ဧရိယာ ၁၀ ဒသမ ၂၇ ဧကရှိ လယ်ယာမြေသည် ဒေါ်ခင်ညွှန့်အမည်ဖြင့် ပုံစံ(၇)ခုရရှိထားသော မြေအမျိုးအစားဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ခွင့်ပြုထားသော လယ်မြေဖြစ်ပါသည်။ ထိုလယ်မြေသည် ကျွန်ုပ်အမှုသည်မှ လယ်ယာမြေလုပ်ပိုင်ခွင့်ရထားပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ လုပ်ပိုင်ခွင့်ချထားပေးခြင်းမရှိကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်ခင်ညွှန့်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးနိုင်အောင် (စဥ်-၁၉၂၂၆)** | **ဒေါ်အေးမြမြမိုး (စဥ်-၁၃၀၆၇)** |
| **ဒေါ်သန်းသန်းနု (စဥ်-၁၃၀၆၂)** | **ဒေါ်မြသန္တာတင် (စဥ်-၄၀၅၄၉)** |

**ဥပဒေအကျိုးဆောင်ရှေ့နေများ**
**မမ-၂/၅၈၊ မြရည်နန္ဒာရပ်ကွက်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၁၉၃၅၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် မြေပေးမိန့်အမည်ပေါက်သူများထံမှ အဆင့်ဆင့်ဝယ်ယူထားသော အောက်ပါပုဂ္ဂိုလ်များမှ ၄င်းတို့အမည်ဖြင့် မြေပေးမိန့်အမည်ပြောင်းလျှောက်ထားလာသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ စာရွက်စာတမ်းအထောက်အထားများ ခိုင်လုံစွာတင်ပြ၍ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁လအတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်အမည်ပြောင်းလျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

| စဉ် | လျှောက်ထားသူ | | | လျှောက်ထားသည့် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | ရပ်ကွက်/ကျေးရွာအုပ်စု | မြေကွက်အမှတ် | ကွင်းအမှတ်/ကွင်းအမည် | မြေဧရိယာ(ဧက) | |
| ၁ | ဒေါ်နန်းသက်သက်ထွန်း | ၃/လဘန(နိုင်)၁၆၂၇၆၈ | လှာကမြင် | က/၁၃-၁ | ၁၁၂၄ ကတိုင်ကကွင်း | ၀.၁၁ | မြေပေးမိန့် အမည်ပြောင်း |
| ၂ | ဒေါ်သီသီစံ | ၃/ဘအန(နိုင်)၀၂၆၃၁၆ | လှာကမြင် | က/၄-၈ | ၁၁၂၄ ကတိုင်ကကွင်း | ၀.၁၁ | ။ |
| ၃ | ဦးစောအောင်လင်းဇင် | ၃/ဘအန(နိုင်)၀၂၁၂၅၉ | လှာကမြင် | ဂ/၂၀-၁၅ | ၁၁၂၄ ကတိုင်ကကွင်း | ၀.၀၅ | ။ |
| ၄ | ဦးစောအောင်လင်းဇင် | ၃/ဘအန(နိုင်)၀၂၁၂၅၉ | လှာကမြင် | ဂ/၇၄-၁၂ | ၁၁၂၄ ကတိုင်ကကွင်း | ၀.၀၅ | ။ |
| ၅ | ဒေါ်သောင်းကြည် | ၃/ဘအန(နိုင်)၀၁၃၂၆၄ | အမှတ်(၉) | ၃၆၆ | ၁၁၇၆(က) ရေကျော်ကွင်း | ၀.၀၅၅ | ။ |
| ၆ | ဒေါ်နန်းစန်းစန်းမြ | ၃/ဘအန(နိုင်)၂၂၈၇၂၂ | အမှတ်(၉) | ၃၆၉ | ၁၁၇၆(က) ရေကျော်ကွင်း | ၀.၀၅၅ | ။ |

**ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘားအံမြို့**

**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**
**အမှတ် (၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ် (၀၂/၂၀၁၈-၁၉) (၁၉-၂-၂၀၁၉)**

## အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် ရောင်းဝယ်ရေးဌာနမှ ဒဂုံ(တောင်)သစ်ဆိပ်အတွင်းရှိ ကျွန်းသစ်လုံးများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်** - ၁၉-၂-၂၀၁၉ရက် (အင်္ဂါနေ့)
(ခ) **ရောင်းချမည့်အချိန်** - ၁၃း၀၀နာရီ
(ဂ) **ရောင်းချမည့်သစ်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး၊ (၁၃၁၂)လုံး၊ (၉၉၉.၃၅၂)တန်
(ဃ) **ရောင်းချမည့်နေရာ** - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)၊ မြန်မာ့သစ်လုပ်ငန်း၊အမှတ်(၇၂/၇၄)ရွှေတိဂုံဘုရားလမ်း၊ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၉၀၁၀၇၃၅၊ ၀၉-၄၅၂၃၃၆၁၁၂၊ ၀၉-၄၅၀၀၂၅၉၃၁နှင့် ၀၉-၇၉၉၅၇၄၀၃၉တို့သို့ စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ
## မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်
## ထုံးဘို၊ ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း



၁။ စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲလက်အောက်ရှိ ထုံးဘို၊ ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်းတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၏ရိတ်သိမ်းချိန်လွန်နည်းပညာ၊ ရိတ်သိမ်းချိန်လွန်ဇီဝကမ္မဗေဒ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်းနည်းပညာ၊ ရွေးချယ်ခြင်းနှင့်အတန်းအစားခွဲခြားခြင်းနည်းပညာ၊ ထုပ်ပိုးခြင်းနည်းပညာ၊ သိုလှောင်ခြင်းနည်းပညာ၊ အော်ဂဲနစ်နည်းပညာ၊ အစားအစာများပြုပြင်မွမ်းမံခြင်းနည်းပညာ၊ ဈေးကွက်စီးပွားရေးနည်းပညာဘာသာရပ်များအား ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ပါ၍ တောင်သူများ၊ ပွဲစားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သယ်ယူပို့ဆောင်သူများ၊ ရောင်းချသူများ၊ စိတ်ပါဝင်စားသူမည်သူမဆို ကြိုတင်စာရင်းပေးသွင်း တက်ရောက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ (သင်တန်းကြေးအခမဲ့ဖြစ်ပါသည်။)

၂။ အောက်ဖော်ပြပါ သင်တန်းနေ့ရက်များအတွက် ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။

**သင်တန်းဖွင့်လှစ်မည့်ရက်စွဲ-**

- ၂၉-၁၀-၂၀၁၈ရက် မှ ၃၁-၁၀-၂၀၁၈ရက်ထိ
- ၂၈-၁၁-၂၀၁၈ရက် မှ ၃၀-၁၁-၂၀၁၈ရက်ထိ
- ၂၆-၁၂-၂၀၁၈ရက် မှ ၂၈-၁၂-၂၀၁၈ရက်ထိ
- ၂၂-၁-၂၀၁၉ရက် မှ ၂၄-၁-၂၀၁၉ရက်ထိ
- ၂၆-၂-၂၀၁၉ရက် မှ ၂၈-၂-၂၀၁၉ရက်ထိ
- ၂၇-၃-၂၀၁၉ရက် မှ ၂၉-၃-၂၀၁၉ရက်ထိ
- ၃-၄-၂၀၁၉ရက် မှ ၅-၄-၂၀၁၉ရက်ထိ
- ၂၈-၅-၂၀၁၉ရက် မှ ၃၀-၅-၂၀၁၉ရက်ထိ
- ၂၅-၆-၂၀၁၉ရက် မှ ၂၇-၆-၂၀၁၉ရက်ထိ
- ၂၄-၇-၂၀၁၉ရက် မှ ၂၆-၇-၂၀၁၉ရက်ထိ
- ၂၇-၈-၂၀၁၉ရက် မှ ၂၉-၈-၂၀၁၉ရက်ထိ
- ၂၄-၉-၂၀၁၉ရက် မှ ၂၆-၉-၂၀၁၉ရက်ထိ

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၃၂၂၅၄၅၊ ၀၉-၄၃၀၆၀၆၉၂၊ ၀၉-၄၄၃၀၆၀၆၉၂၊ ၀၉-၃၃၈၅၀၅၉၄၊ ၀၉-၉၆၅၂၄၅၀၉၆၊ ၀၉-၄၂၂၂၉၈၀၆၁**

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

ကျွန်တော်များ INTERNATIONAL DIAMOND GROUP SEIN KONG TRADING COMPANY LIMITED သည် GUANGZHOU CHEERWIN HOUSEHOLD PRODUCT CO.,LTD မှ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ရရှိထားသည့် အောက်ဖော်ပြပါပစ္စည်းများအား CLOSE FRIEND COMPANY LIMITED မှဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ကန့်ကွက်နိုင်ပါသည်။ INTERNATIONAL DIAMOND GROUP SEIN KONG TRADING COMPANY LIMITED. Ph-09-440225618, 09-448045122

| Sr. | Trade Name | A.I | Receive No. | Type of pesticide |
|---|---|---|---|---|
| 1 | SUPERB SLIGHT-SMOKE MOSQUITO COILS | Meperfluthrin 0.08% MC | P2018-4378 | House Hold |
| 2 | SUPERB SMOKELESS MOSQUITO COILS | Meperfluthrin 0.05% MC | P2018-4379 | House Hold |

**Myron Chang**
**Marketing Director**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

